# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ် ၊ ကဆုန်လဆန်း (၁၄)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (29-4-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၃၅၈)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ဆင္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့်အခမ်းအနား တိုက်ရိုက်ထုတ်လွှင့်ပြသမည်

နေပြည်တော် ဧပြီ ၂၈

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကို ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးတွင် ဧပြီ ၃၀ ရက်မှ မေ ၂ ရက်ထိ သုံးရက်တိုင်ကျင်းပမည်ဖြစ်ရာ ထိုသို့ကျင်းပပုံများကို MRTV Parliament Channel မှ နေ့စဉ် တိုက်ရိုက်(Live) ရိုက်ကူး၊ ထုတ်လွှင့်ပေးမည်ဖြစ်သည်။

အဆိုပါဖွင့်ပွဲအခမ်းအနားကို ဧပြီ ၃၀ ရက် နံနက် ၇ နာရီခွဲမှ စတင်မည်ဖြစ်ရာ MRTV HD, MRTV Parliament Channel၊ MWD HD၊ MWD Variety. HD နှင့် အကျိုးတူရုပ်သံလိုင်းများဖြစ်သည့် Readers' Channel၊ Sky Net Buddha Channel၊ Sky Net Up to Date Channel၊ HTV Sports Channel၊ SNDSY ရွှေနဒီရွှေရည် Channel တို့မှလည်းကောင်း၊ မြန်မာ့အသံရေဒီယို၊ ရွှေ FM၊ ပတ္တမြား FM၊ ပဒ္မဝတီ FM၊ မန္တလေး FM၊ ချယ်ရီ FM၊ FM ပုဂံ၊ သဇင် FM၊ Star FM တို့မှလည်းကောင်း တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်ပြီး MRTV Website၊ MRTV APP နှင့် Online တို့မှလည်း Live Streaming ထုတ်လွှင့်မည်ဖြစ်သည်။

ထို့ပြင် ဧပြီ ၃၀ ရက် ညပိုင်းတွင် ကျင်းပပြုလုပ်မည့် ဓမ္မသဘင်အခမ်းအနားကို MRTV HD Channel မှလည်း ည ၈ နာရီသတင်းအပြီးတွင် Delay ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ အီသီယိုးပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတ မစ္စတာ တေရီ အက်စကီဆီလက်စ်စီထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဧပြီ ၂၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသော နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံသို့ အီသီယိုးပီးယားဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတ မစ္စတာ တေရီ အက်စကီဆီလက်စ်စီထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)



ယခင်နှစ်က သီဟိုဠ်ရှင်မြတ်စွာဘုရား ဗုဒ္ဓပူဇနီယပွဲတော်ကို တွေ့ရစဉ်။

## ပခုက္ကူမြို့နယ်ရှိ သီဟိုဠ်ရှင်မြတ်စွာဘုရား ဗုဒ္ဓပူဇနီယပွဲတော်ကို အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

ပခုက္ကူ ဧပြီ ၂၈

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ သီဟိုဠ်ရှင်မြတ်စွာဘုရား ဗုဒ္ဓပူဇနီယပွဲတော်ကို အစဉ်အလာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သီဟိုဠ်ရှင်မြတ်စွာဘုရား ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ သိရသည်။

ရှေးဟောင်းသမိုင်းဝင် သီဟိုဠ်ရှင်မြတ်စွာဘုရား ဗုဒ္ဓပူဇနီယပွဲတော်ကို မေ ၂၃ ရက်မှ စတင်ကာ ဇွန် ၇ ရက်ထိ ၁၆ ရက်ကြာ စည်ကားသိုက်မြိုက်စွာကျင်းပသွားမည်ဖြစ်ပြီး ယခုနှစ် ဗုဒ္ဓပူဇနီယပွဲတော်တွင် သီဟိုဠ်ရှင်ကဇာတ်ရုံ၌ စမ်းရေမိုးဇာတ်အဖွဲ့နှင့် ကောင်းစစ်ဟိန်းဇာတ်အဖွဲ့တို့၏ ဇာတ်အလှသဘင်ဖျော်ဖြေရေးများကို ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

"ရှေးဟောင်းသမိုင်းဝင် သီဟိုဠ်ရှင်မြတ်စွာဘုရား ဗုဒ္ဓပူဇနီယပွဲတော်ကာလအတွင်းမှာ ဈေးဆိုင်ခန်းပေါင်းများစွာနဲ့ ခေတ်ပေါ်အဝတ်အထည်ဒီဇိုင်းအရောင်းဆိုင်တွေ၊

စာမျက်နှာ ၂၀ ကော်လံ ၄


နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များ၊ မူဝါဒ၊ လုပ်ငန်းစဉ်များ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ကျရာအခန်းကဏ္ဍမှ ဝိုင်းဝန်းဆောင်ရွက် စာမျက်နှာ - ၁၆

နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ ကာလအတွင်း နိုင်ငံသားစိစစ်ရေးကတ်နှင့် Unique ID ထုတ်ပေးရေးလုပ်ငန်းကို လမင်းစီမံချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ စာမျက်နှာ - ၁၇

ဖျော်ဖြေရေးထက် ကျော်လွန်သော အင်တာနက်နှင့် အနာဂတ်အခွင့်အလမ်းများ ဆောင်းပါး စာမျက်နှာ - ၁၀





ရတနာပုံ
၂၀၂၆ ခုနှစ် ဧပြီ ၂၉ ရက်
အယ်ဒီတာ့အာဘော်

# မြတ်ဗုဒ္ဓသာသနာ အစွန့်ရှည်တည်တံ့စေရေး

သင်္ဂါယနာတင်ခြင်းဆိုသည်မှာ မြတ်စွာဘုရားရှင်၏ တရားတော်များ၊ ပိဋကတ်တော်များ မပျက်စီး၊ မပြောင်းလဲစေရန်နှင့် အယူဝါဒများ ကွဲပြားခြင်းမရှိစေရန် ရဟန္တာအရှင်မြတ်များက ညီညွတ်စွာစုပေါင်း၍ စစ်ဆေး၊ ရွတ်ဆို၊ ပြန်လည်စိစစ်မှတ်တမ်းတင်ခြင်း ဖြစ်သည်။ ထိုသို့ ဆောင်ရွက်ရခြင်းရည်ရွယ်ချက်သည် ဗုဒ္ဓသာသနာတော် ရှည်ကြာစွာတည်တံ့စေရန်ဖြစ်ပြီး သာသနာသမိုင်းတွင် သင်္ဂါယနာခြောက်ကြိမ် တင်ခဲ့သည်။

ပထမ သင်္ဂါယနာတင်ခြင်းကို ဘုရားရှင် ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ဝါခေါင်လပြည့်ကျော် ၅ ရက်နေ့တွင် တင်ခဲ့သည်။ ထိုသို့ မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သော တရားတော်များ သန့်ရှင်းစင်ကြယ်စွာ တည်တံ့ခိုင်မြဲစေရေးအတွက် သံဃာတော်အရှင်မြတ်တို့ စုပေါင်း ရွတ်ဆို အတည်ပြုတော်မူကာ ပေထက်အက္ခရာတင်ခဲ့သော ထေရဝါဒသင်္ဂါယနာများပြီးနောက် နှစ်ပေါင်း ၂၀၀၀ ကျော်ကြာတွင် ပေရွက်များပေါ်တွင် ရေးသားမှတ်တမ်းတင်ထားသည့် ပိဋကတ်တော်များသည် ရာသီဥတုနှင့် ပိုးမွှားများကြောင့် ပျက်စီးလာခဲ့သဖြင့် သက္ကရာဇ် ၁၂၃၂ ခုနှစ်တွင် ပဉ္စမသင်္ဂါယနာ တင်ခြင်းကို ဆောင်ရွက်ခဲ့သည်။

ထို့နောက် ဆဋ္ဌသင်္ဂါယနာတင်ခြင်းကို ၁၉၅၄ ခုနှစ် ကဆုန်လပြည့်နေ့တွင် ရန်ကုန်မြို့ ကမ္ဘာအေး ကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ ကျင်းပခဲ့သည်။ အဆိုပါသင်္ဂါယနာတင်ပွဲသည် ဗုဒ္ဓ သာသနာတော်နှစ် ၂၅၀၀ ပြည့်အထိမ်းအမှတ်အဖြစ် ပိဋကတ်တော်များ သင်္ဂါယနာတင်ခြင်းဖြစ်ပြီး ၁၉၅၆ ခုနှစ် ကဆုန်လပြည့်နေ့တွင် အောင်မြင်စွာပြီးဆုံးခဲ့သည်။

ယခု ကျရောက်မည့် ကဆုန်လပြည့် (ဗုဒ္ဓနေ့)သည် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့်မြောက်သည့်နေ့ဖြစ်သည်။ ထို့ကြောင့် ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးတွင် ဧပြီ ၃၀ ရက်မှ မေ ၂ ရက်ထိ သုံးရက်ကြာကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကို ဆရာတော်ကြီးများ၏ လမ်းညွှန်မိန့်ကြားချက်နှင့်အညီ သာသနာတော်နှင့် သင့်လျော်ညီညွတ်သော အခမ်းအနားအဖြစ် စနစ်တကျ ကျင်းပသွားမည်ဖြစ်ပြီး ဆဋ္ဌသင်္ဂါယနာ သမိုင်းမှတ်တမ်းများကို ထိန်းသိမ်းဖော်ထုတ်ရေး၊ သမိုင်းမှတ်တိုင်တစ်ခုအနေဖြင့် မှတ်တမ်းတင်နိုင်ရေးတို့ကို ထည့်သွင်းပြုလုပ်သွားမည်ဖြစ်သည်။

ထို့ကြောင့် သာသနာရေးဝန်ကြီးဌာနသည် သင်္ဂါယနာလုပ်ငန်း၏ ပဓာနဖြစ်သည့် ပိဋကတ်ကျမ်းစာများကို ခဲစာလုံးမူမှ ကွန်ပျူတာမူအဖြစ်သို့ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာအားလုံးတို့ကို အစုံလိုက် အတွဲလိုက် ပြန်လည်ရိုက်နှိပ်နိုင်ရေးဆောင်ရွက်ခဲ့ရာ ယခုအခါ အဋ္ဌကထာ ၅၁ အုပ်ကို အစုံလိုက် ရိုက်နှိပ်ပြီးဖြစ်၍ ပရိယတ္တိဝန်ဆောင်ဆရာတော်အရှင်မြတ်များနှင့် ပရိယတ္တိစာသင်တိုက်ကြီးများကို လှူဒါန်းလျက်သည့်အပြင် ဋီကာ ၂၆ အုပ်ကိုလည်း ကွန်ပျူတာစာမူအဖြစ် ရိုက်နှိပ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့်အထိမ်းအမှတ်အခမ်းအနားသည် မြတ်ဗုဒ္ဓ သာသနာ အစွန့်ရှည် တည်တံ့စေရေးအတွက် တန်ဖိုးမဖြတ်နိုင်သည့် သမိုင်းမှတ်တမ်းတစ်ခုအဖြစ် ကျန်ရှိနေမည်ဖြစ်သည့်အပြင် ကုသိုလ်များလည်း ပွားများနိုင်မည်ဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ကျောက်ဆည်မြို့ ဆည်တော်နံ့ရွှေမုဋ္ဌောဘုရားအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ကျောက်သေတ္တာစေတီထိန်းသိမ်းခြင်းလုပ်ငန်း စစ်ဆေး



**မန္တလေး ဧပြီ ၂၈**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ စိုက်ပျိုး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးလှမျိုးနှင့် တာဝန်ရှိသူများလိုက်ပါပြီး ဧပြီ ၂၇ ရက်မွန်းလွဲပိုင်းက ကျောက်ဆည်မြို့ ဆည်တော်နံ့ရွှေမုဋ္ဌောဘုရားကို သွားရောက်ဖူးမြော်ကြည်ညိုပြီး ရွှေသာလျောင်းတောင်ပေါ်ရှိ ကျောက်သေတ္တာစေတီ၏ အောက်ခြေကျောက်တုံးကြီး ထိန်းသိမ်းခြင်းလုပ်ငန်း အခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဆည်တော်နံ့ရွှေမုဋ္ဌောဘုရား ရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ ရွှေသင်္ကန်းဆက်ကပ်ပူဇော်နိုင်ရန် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး ဒေါ်မမမိသားစုတို့က ငွေကျပ်သိန်း ၁၀၀ ကို လှူဒါန်းခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆည်တော်နံ့ရွှေမုဋ္ဌောဘုရား စေတီတော်နှင့် ဂန္ဓကုဋိတိုက်အား ပြန်လည်တည်ဆောက်ပြုပြင် မွမ်းမံပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် မန္တလေးလျောင်ကြီးကြောင့် တိမ်းစောင်းသွားခဲ့သည့် ရွှေသာလျောင်း တောင်ပေါ်ရှိ ကျောက်သေတ္တာစေတီ၏အောက်ခြေကျောက်တုံးကြီးအား ဘေးပတ်ဝန်းကျင်အန္တရာယ်မဖြစ်ပေါ်စေရန် ထိန်းသိမ်းခြင်းလုပ်ငန်းကို ကွင်းဆင်းစစ်ဆေးရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ထိန်းသိမ်းခြင်းအား တိုင်းတာတွက်ချက်ပြီး လုပ်ငန်းအပိုင်းအလိုက် ဆောင်ရွက်နေမှုများ၊ ကျောက်တုံးကြီးအောက်ရှိအက်ကွဲနေသော ကျောက်သားထုကို ပြုပြင်ခြင်းလုပ်ငန်းအား အဆင့်အလိုက်ဆောင်ရွက်နေမှု၊ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများအား သတ်မှတ်ကာလအတွင်း လုပ်ငန်းများ အောင်မြင်ပြီးမြောက်စေရန် လုပ်ငန်းစဉ်အဆင့်ဆင့်အား အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်သွားရေးနှင့် လုပ်ငန်းခွင်အတွင်း အန္တရာယ်ကင်းရှင်းရေး အလေးထားကာ စနစ်တကျ ကြပ်မတ် ဆောင်ရွက်သွားရန်တို့ကို မှာကြားပြီးနောက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

# ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲကျားဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး

**ရွှေဘို ဧပြီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောပဲကျားဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကျား ၇၄၅၆ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပဲကျားစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလ တတိယပတ်မှစတင်၍ ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ရွှေဘိုမြို့နယ်တွင် ၁၇၅ ဧက၊ ဝက်လက်မြို့နယ်တွင် ဧက ၆၆၈၀၊ ကျောက်မြောင်းမြို့နယ်ခွဲတွင် ၆၀၁ ဧက စုစုပေါင်း ၇၄၅၆ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၉ ဒသမ ၄၆ တင်း ထွက်ရှိကြောင်း သိရသည်။

"ရွှေဘိုခရိုင် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပဲကျား ၇၄၅၆ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ပဲကျားခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပဲကျားစိုက်ပျိုးရာမှာလဲ လိုအပ်တဲ့နည်းပညာတွေမျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကိုလဲ မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ပဲကျားကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ပဲကျားကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# မြန်အောင်မြို့နယ်တွင် ငါးကွမ်းရှပ်ခြောက်များ အရောင်းအဝယ် ကောင်းမွန်နေ

**မြန်အောင် ဧပြီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် ငါးကွမ်းရှပ်ခြောက်များ အရောင်းအဝယ်ကောင်းမွန်နေကြောင်း မြန်အောင်မြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခိုင်ဌေးက ပြောပြ၍ သိရသည်။

မြန်အောင်မြို့နယ်တွင် ငါးကွမ်းရှပ်ခြောက်များ အပါအဝင် ငါးခြောက်မျိုးစုံကို ဝယ်ယူသည့် ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိပြီး ယခုနှစ် ဧပြီလ တတိယပတ်မှစတင်ပြီး ယနေ့ထိ ငါးကွမ်းရှပ်ခြောက်များ ဝယ်ယူအားကောင်းမွန်ပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသမှ ရောင်းချသည့် ငါးကွမ်းရှပ်ခြောက်များ လက်ရှိတစ်ရက်လျှင် ပိဿာချိန် ၃၅၀၀ မှ ၅၅၀၀ ထိ အရောင်းအဝယ် ဖြစ်နေကြောင်း သိရသည်။

"ငါးကွမ်းရှပ်ခြောက်တွေ အရောင်းအဝယ် ကောင်းနေပါတယ်။ အခုလ တတိယပတ်လောက်ကတည်းက စတင် အရောင်းအဝယ် ကောင်းမွန်ခဲ့တာပါ။ ဒေသထွက် ငါးကွမ်းရှပ်ခြောက်တွေအပါအဝင် ငါးခြောက်တွေကို ဒေသအစုံက ဝယ်ယူအားကောင်းနေတာကြောင့်ပါ။ အရောင်းအဝယ် ပိုဖြစ်နေတာကတော့ ငါးကွမ်းရှပ်ခြောက်ဖြစ်ပါတယ်" ဟု မြန်အောင်မြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခိုင်ဌေးက ပြောပြသည်။

မြန်အောင်မြို့နယ်တွင် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက် ငါးကွမ်းရှပ်ခြောက်များ အပါအဝင် ငါးခြောက်မျိုးစုံကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ငါးကွမ်းရှပ်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၃၂၅၀၀ မှ ၆၅၀၀၀ ထိ အရွယ်အစား၊ အရည်အသွေးပေါ် မူတည်ကာ ပေါက်ဈေးရှိကြောင်း မြန်အောင်မြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခိုင်ဌေးကပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ကမ္ဘာ့ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ်အထိမ်းအမှတ်အခမ်းအနားတက်ရောက်၊ နွေရာသီအခြေခံဂီတ၊ အဆို၊ အကနှင့် ပန်းချီ၊ ပန်းပု သင်တန်းဖွင့်လှစ်သင်ကြားနေမှုများကို ကြည့်ရှုအားပေး



**မန္တလေး မေ ၂၈**

မန္တလေးတိုင်းဒေသကြီး ကမ္ဘာ့ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ် (၂၀၂၆) အထိမ်းအမှတ် အခမ်းအနားကို မေ ၂၇ ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး မြို့တော်ခန်းမတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီးမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့တို့၏ နာယက၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှဒုတိယ ညွှန်ကြားရေးမှူးချုပ်၊ အမှတ် (၁) စစ်မြေပြင်ဆေးတပ်ရင်းမှ တပ်ရင်းမှူးနှင့် တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ အသင်းအဖွဲ့များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်းဖြင့် ပြည်သူလူထုအားလုံးကို ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများကြောင့် ဖြစ်ပွားမှုနှင့် သေဆုံးမှုများမှ တားဆီးပေးနိုင်ကြောင်းကို ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းသည် နှစ်စဉ် အသက်ပေါင်းများစွာကို ကယ်တင်ပေးလျက်ရှိရာကာကွယ်ဆေးများ ကာကွယ်ဆေးထိုးစုရပ်ထိ ရောက်ရှိရေး၊ ကလေးတိုင်းထံ ကာကွယ်ဆေးများ ရောက်ရှိရေး အစဉ်အဆက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးများ၏ ကာကွယ်ဆေးဖြင့် ကာကွယ်၍ရသောရောဂါများ ဖြစ်ပွားမှု၊ သေဆုံးမှုကို လျှော့ချနိုင်ကြောင်း၊ ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးခြင်း လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပြီး မျိုးဆက်တိုင်းအတွက် တန်ဖိုးကြီးသည့် ကာကွယ်ဆေးထိုးလုပ်ငန်းများ အောင်မြင်အောင်၊ အနာဂတ်၏ မျိုးဆက်တိုင်းကို အကာအကွယ်ပေးနိုင်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးငယ်များကို ကာကွယ်ဆေး ထိုးနှံတိုက်ကျွေးနေမှုများကို ကြည့်ရှုအားပေးခဲ့ပြီး၊ အာဟာရ ဖြည့်စွက်စာများနှင့် အမှတ်တရ လက်ဆောင်များ ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဇနီးများ၊ တာဝန်ရှိသူများက အဆိုပါနေ့၌ပင် အမှတ် (၁၆) အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်၍ မဟာဂီတကြိုးသီချင်း၊ မြန်မာ့ရိုးရာအဆိုပညာ၏အခြေခံ သံစဉ် ခုနစ်ပါး၊ စန္ဒရားအခြေခံ လက်လေ့ကျင့်ခန်းများ အမျိုးသား အမျိုးသမီး အခြေခံကဗျာလွတ် (ပထမအဆင့်) အကများ၊ ကျောင်းသားလူငယ်များ လူပုံရေးဆွဲရာတွင် လွယ်လင့်တကူချဉ်းကပ်ရေးဆွဲနိုင်စေရန် လူပုံရေးဆွဲနည်းများနှင့် အခြေခံ ကနုတ်ရေးဆွဲနည်းများ၊ ရိုးရာပန်းပုအပြင် ခေတ်ပြိုင်ပန်းပုဖန်တီးမှု အခြေခံသဘောတရားနှင့် စွန့်ပစ်ပစ္စည်းများကို အသုံးပြုပြီး ပန်းပုအနုပညာ ဖန်တီးနိုင်ပုံများကို ထည့်သွင်းသင်ကြားပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးကြသည်။

အဆိုပါ သင်တန်းကို ဧပြီ ၂၅ ရက်မှ မေ ၉ ရက်ထိ ဖွင့်လှစ်သင်ကြားပေးသွားမည် ဖြစ်သည်။

အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ်၊ ဒုတိယပါ မောက္ခချုပ် (သင်ကြား)၊ ပါမောက္ခ၊ ဌာနမှူးများနှင့် တာဝန်ရှိသူများက သင်တန်းနှင့်ပတ်သက်ပြီး ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကြက်သွန်နီဧကအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး



**ခင်ဦး မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကြက်သွန်နီဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၄၈၅၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသောကြက်သွန်နီစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ပိဿာချိန် ၅၀၀၀ ကျော် ထွက်ရှိခဲ့ကြောင်း သိရသည်။

"ခင်ဦးမြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ကြက်သွန်နီ ၄၈၅၅ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ကြက်သွန်နီစိုက်ခင်းတွေ လက်ရှိမှာတော့ ဧကအားလုံးရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကြက်သွန်နီ စိုက်ပျိုးရာမှာလဲ အထွက်နှုန်းကောင်းမွန်ဖို့ စတဲ့အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်" ဟု ခင်ဦးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ကြက်သွန်နီကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ကြက်သွန်နီကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

**(၂၀၆)**

# ကန့်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ကောက်ညှင်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့

**ကန်ကြီးထောင့် မေ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မတ်လအတွင်းကကောက်ညှင်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကန်ကြီးထောင့်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းအေးက ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဖေဖော်ဝါရီလအတွင်းက ကောက်ညှင်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၄၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ပြီးခဲ့သည့် မတ်လအတွင်း ကောက်ညှင်းဆန် ၂၄ ပြည်ဝင် အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ထဲကို ပြီးခဲ့တဲ့ တစ်လအတွင်းက ကောက်ညှင်းဆန် ၂၄ ပြည်ဝင်အိတ်ရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ကန်ကြီးထောင့်မြို့နယ်ကနေ ဆန်တွေအပြင်စပါးနဲ့ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲအများဆုံး တင်ပို့ရောင်းချတာဖြစ်ပါတယ်။ ဒီဘက်က တင်ပို့တဲ့ ကောက်ညှင်းဆန်တွေက အရည်အသွေးကောင်းပါတယ်။ အဲ့ဒီကောက်ညှင်းဆန်တွေကို ရန်ကုန်ဈေးကွက်ကဝယ်ယူမှုများ နေလို့အရောင်းအဝယ် ကောင်းလာတာဖြစ်ပါတယ်" ဟု ကန်ကြီးထောင့်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စန်းစန်းအေး ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် တစ်လအတွင်းတင်ပို့ရောင်းချခဲ့သည့် ကောက်ညှင်းဆန် ၂၄ ပြည်ဝင် တစ်အိတ်လျှင်ငွေကျပ် ၁၅၆၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ကောက်ညှင်းဆန်များ အရောင်းအဝယ် ကောင်းလာသည့်အတွက် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ကျောက်စာများထဲက ခုနှစ်သက္ကရာဇ်များ

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံ၏ သမိုင်းစဉ်တစ်လျှောက်တွင် ခုနှစ်သက္ကရာဇ်ကို သုံးမျိုးပိုင်းခြားအသုံးပြုခဲ့သည်။ မြန်မာနိုင်ငံသို့ အင်္ဂလိပ်တို့ရောက်ရှိလာပြီးနောက်ပိုင်းတွင် ခရစ်နှစ်ကိုပါ အသုံးပြုခဲ့သဖြင့် သက္ကရာဇ် လေးမျိုးဖြစ်လာခဲ့သည်။ ၎င်းတို့မှာ မဟာသက္ကရာဇ်၊ သာသနာသက္ကရာဇ်၊ မြန်မာသက္ကရာဇ်နှင့် ခရစ်သက္ကရာဇ်တို့ဖြစ်သည်။ မြန်မာသက္ကရာဇ်ကို ကောဇာသက္ကရာဇ်ဟုလည်းခေါ်ဆိုသည်။

သက္ကရာဇ်ဟူသည့် ဝေါဟာရကို မြန်မာအဘိဓာန်အကျဉ်းချုပ်တွင် အစဉ်မှတ်သားလာခဲ့သောနှစ်တို့၏ အရေအတွက်ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။

**မဟာသက္ကရာဇ်၊ သာသနာသက္ကရာဇ်နှင့် ကောဇာသက္ကရာဇ်**

မြန်မာရာဇဝင်မှတ်တမ်းများအရ ဂေါတမဘုရားရှင်၏ဘိုးတော် အဉ္ဇနမင်းကြီးသည် ဒိဗ္ဗစက္ခုအဘိညာဉ်ရ ဒေဝီလရသေ့နှင့်တိုင်ပင်ပြီး ထိုစဉ်ကရောက်ဆဲဖြစ်သော သက္ကရာဇ် ၈၆၄၅ ခုနှစ်ကို တပေါင်းလကွယ်နေ့၊ စနေနေ့ထိဖြို(ဖျက်သိမ်း)ပြီး တန်ခူးလဆန်း ၁ ရက် တနင်္ဂနွေနေ့မှစ၍ သက္ကရာဇ် ၁ ခုဟု စတင်ရေတွက်ခဲ့သည်။ ထိုသက္ကရာဇ်သည် မဟာသက္ကရာဇ်ဖြစ်သည်။ ထိုအချိန်သည် ဂေါတမဘုရားလောင်းမဖွားမြင်မီ ၆၈ နှစ်ဖြစ်၍ ဂေါတမဘုရားရှင်သက်တော် ၈၀ တွင် ပရိနိဗ္ဗာန်ပြုချိန်သည် မဟာသက္ကရာဇ် ၁၄၈ ခုဖြစ်သည်။

ဘုရားရှင်ပရိနိဗ္ဗာန်စံပြီး လေးလအကြာတွင် ရာဇဂြိုဟ်ပြည့်ရှင်ဘုရင် အဇာတသတ်မင်းသည် ပထမသင်္ဂါယနာတင်ပြီး မဟာသက္ကရာဇ် ၁၄၈ကိုဖြို၍ ၁ ခုမှ စတင်ရေတွက်ခဲ့ပြန်သည်။ ထိုသက္ကရာဇ်သည် သာသနာသက္ကရာဇ်ဖြစ်သည်။

ထိုအချိန်မှစ၍ သာသနာသက္ကရာဇ်အစဉ်အတိုင်း ရေတွက်ခဲ့ရာ သရေခေတ္တရာပြည့်ရှင် သုမုန္ဒရီမင်း နတ်ရွာစံသည့် သက္ကရာဇ် ၆၂၄ ခုနှစ်တွင် ၆၂၂ ခုကိုဖြို၍ ၂ ခုမှ စတင်ရေတွက်ခဲ့သည်။ ထိုသက္ကရာဇ်အတိုင်း ရေတွက်ခဲ့ ရာ ၅၆၂ ခုသို့ရောက်ချိန်၊ ပုပ္ပားစောရဟန်းမင်းလက်ထက်တွင် ရောက်ဆဲသက္ကရာဇ်ကိုဖြို၍ ၂ ခုမှစတင်ခဲ့သည်။ ထိုနှစ်သည် မြန်မာကောဇာသက္ကရာဇ်ဖြစ်၍ ယနေ့တိုင်သုံးစွဲလျက်ရှိသည့် မြန်မာသက္ကရာဇ်ဖြစ်သည်။

သုမုန္ဒရီမင်းဖြိုခဲ့သည့် ၆၂၂ နှစ်နှင့် ပုပ္ပားစောရဟန်းဖြိုခဲ့သည့် နှစ် ၅၆၀ ကိုပေါင်းလျှင်ရသည့် ၁၁၈၂ နှစ်သည် သာသနာသက္ကရာဇ်နှင့် ကောဇာသက္ကရာဇ်၏ ကွာခြားချက်ဖြစ်သည်။ ထို့ကြောင့် ကောဇာသက္ကရာဇ်ကို ၁၁၈၂ ပေါင်းလျှင် သာသနာသက္ကရာဇ်ကိုရသဖြင့် "သက္ကကောဇာ၊ တည်ပြီးခါဝယ်။ တစ်တစ်ရှစ်နှစ် (၁၁၈၂)၊ နှောတုံလစ်က၊ တိတ်ဖြစ်သာသနာ၊ မှတ်ကြရာ၏"ဟု မှတ်သားခဲ့ကြသည်။

ခရစ်နှစ်မှာမူ ခရစ်ယာန်ဘာသာဝင်တို့၏ သတ်မှတ်ချက်ဖြစ်၍ ခရစ်တော် ဖွားမြင်သည့်နှစ်မှ စတင်ရေတွက်ခဲ့သည့် အရေအတွက်ဖြစ်သည်ဟု ဆိုသည်။ အချို့ကလည်း ခရစ်တော်မွေးဖွားသည့်နှစ် မဟုတ်ဟု ဆိုသည်။ ခရစ်နှစ်သည် မြန်မာသက္ကရာဇ်ကို အသုံးမပြုမီ ၆၃၈ ခုနှစ်တွင် စတင်အသုံးပြုသဖြင့် သက္ကရာဇ်နှစ်ခု ကွာခြားချက်သည် ၆၃၈ ဖြစ်သည်။ ထို့ကြောင့် မြန်မာသက္ကရာဇ်ကို ၆၃၈ ပေါင်းလျှင် ခရစ်နှစ်ကိုရရှိသည်။ သာသနာသက္ကရာဇ်ကိုသိလိုပါမူ ခရစ်နှစ်ကို ၅၄၄ နှင့် ပေါင်းရမည်ဖြစ်သည်။

မြန်မာ့ပြက္ခဒိန်သမိုင်းတွင် ရောက်ဆဲခုနှစ်ကိန်းဂဏန်း လျှော့ချခြင်းကို သက္ကရာဇ်ဖြိုသည်ဟု ခေါ်ဆိုသည်။ ထို့ကြောင့် မြန်မာ့အဘိဓာန် အကျဉ်းချုပ်တွင် သက္ကရာဇ်ဖြိုခြင်းသည် "သက္ကရာဇ်အရေအတွက်များလာသောအခါ တွက်ကိန်းနှင့် အမှတ်အသားလွယ်ကူစေရန် နှစ်အရေအတွက်ကို လျှော့ပစ်သည်"ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။

**ပုဂံကျောက်စာပါ သက္ကရာဇ်များ**

ပုဂံခေတ်တွင် မြန်မာဘာသာဖြင့် ရေးထိုးခဲ့သည့် ကျောက်စာများအနက် ခုနှစ်သက္ကရာဇ်ကိုဖော်ပြသည့် ပထမဆုံးသောကျောက်စာသည် ရာဇကုမာရ်ကျောက်စာဖြစ်သည်။ ထိုကျောက်စာတွင် "ဘုရားသခင် သာသနာတစ်ထောင် ခြောက်ရာနှစ်ဆယ်လွန်လေပြီးရကား"ဟုသာသနာသက္ကရာဇ်ကို ဖော်ပြထားသည်။

ရာဇကုမာရ်ကျောက်စာရေးထိုးသည့် ခုနှစ်၌ပင် ရေးထိုးခဲ့သည့် နဘဲတောဘုရားကျောက်စာတွင်လည်း ကျောက်စာရေးထိုးသည့် ခုနှစ်ကို သာသနာသက္ကရာဇ်ဖြင့်ပင်ပြဆိုပြီး တုရင်ပုထိုးကျောက်စာ (သက္ကရာဇ် ၅၀၉ ခု) မှစ၍ မြန်မာသက္ကရာဇ်ကိုသာ အများဆုံး ဖော်ပြခဲ့ကြသည်။ သို့သော် အချို့ကျောက်စာများတွင် သာသနာသက္ကရာဇ်ကို ဖော်ပြမှုများလည်း ရှိခဲ့သည်။

> ❖ **ပုဂံခေတ်တွင် မြန်မာဘာသာဖြင့်ရေးထိုးခဲ့သည့် ကျောက်စာများအနက် ခုနှစ်သက္ကရာဇ်ကိုဖော်ပြသည့် ပထမဆုံးသောကျောက်စာသည် ရာဇကုမာရ်ကျောက်စာဖြစ်သည်။ ထိုကျောက်စာတွင် "ဘုရားသခင် သာသနာတစ်ထောင် ခြောက်ရာနှစ်ဆယ် လွန်လေပြီးရကား" ဟု သာသနာသက္ကရာဇ်ကို ဖော်ပြထားသည်။ ရာဇကုမာရ်ကျောက်စာရေးထိုးသည့် ခုနှစ်၌ပင်ရေးထိုးခဲ့သည့် နဘဲတောဘုရားကျောက်စာတွင်လည်း ကျောက်စာရေးထိုးသည့်ခုနှစ်ကို သာသနာသက္ကရာဇ်ဖြင့်ပင်ပြဆိုပြီး တုရင်ပုထိုးကျောက်စာ (သက္ကရာဇ် ၅၀၉ ခု)မှစ၍ မြန်မာသက္ကရာဇ်ကိုသာ အများဆုံးဖော်ပြခဲ့ကြသည်။** ❖

မြန်မာနိုင်ငံတွင် ကျောက်စာရေးထိုးသည့်အလေ့အထသည် ပုဂံခေတ်နောက်ပိုင်းတွင် ကုန်းဘောင်ခေတ်ထိရှိခဲ့ရာ ပင်းယခေတ်နှင့် အင်းဝခေတ်တွင် ကျောက်စာရေးထိုးမှု များပြားခဲ့သည်။ ကျောက်စာအများစုတွင် ရေးထိုးသည့်ခုနှစ်ကို ဖော်ပြလေ့ရှိရာတွင် အများအားဖြင့် မြန်မာသက္ကရာဇ်ကိုသာ အသုံးပြုကြသည်။

အင်းဝခေတ် သက္ကရာဇ် ၈၀၄ ခုနှစ်တွင် ရေးထိုးခဲ့သည့် တက်နွယ်ကျောင်းကျောက်စာတွင် ကျောက်စာရေးထိုးသည့် သက္ကရာဇ်အပြင် ထူးခြားစွာပင် မိုးညှင်းမင်းတရား သက္ကရာဇ်ဖြိုခဲ့ပုံကို မှတ်တမ်းတင်ထားကြောင်းတွေ့ရှိရသည်။

**အင်းဝဘုရင် မိုးညှင်းမင်းတရား**

ပုဂံခေတ်နှင့် ပင်းယခေတ်နောက်ပိုင်းတွင် ထွန်းကားခဲ့သည့် အင်းဝခေတ်တွင် ဘုရင် ၃၁ ပါး စိုးစံခဲ့သည်။ အင်းဝခေတ်တွင်ပါဝင်သည့် သတိုးမင်းဖျားလက်ထက် သက္ကရာဇ် ၇၂၆ ခုနှစ်မှ မဟာရာဇာဓိပတိလက်ထက် သက္ကရာဇ် ၁၁၁၄ ခုနှစ်ထိ ကာလကို သမိုင်းပညာရှင်များက ပထမအင်းဝခေတ်နှင့် ဒုတိယအင်းဝခေတ်ဟု ပိုင်းခြားသည်။ တောင်ငူခေတ်နှင့် ညောင်ရမ်းခေတ် ကုန်ဆုံးပြီးနောက် ကုန်းဘောင်ခေတ် ပေါ်ထွန်းလာချိန်တွင် ဆင်ဖြူရှင်မြေဒူးမင်းနှင့် စဉ့်ကူးမင်းတို့သည် အင်းဝတွင်နန်းစံခဲ့ပြီး ဖောင်းကားစားမောင်မောင်သည် အင်းဝနန်းတော်တွင် ခုနစ်ရက်နန်းစံပြီးနောက် သက္ကရာဇ် ၁၁၄၃ ခုနှစ်တွင် အဆုံးစီရင်ခံခဲ့ရသည်။ ကုန်းဘောင်ခေတ်မှာပင် စစ်ကိုင်းမင်းသည် အင်းဝတွင်နန်းစိုက်ခဲ့သည်။

ဆင်ဖြူရှင်မြေဒူးမင်း အင်းဝတွင်နန်းစံခဲ့သည့် သက္ကရာဇ် ၁၁၂၅ ခုနှစ်မှ သက္ကရာဇ် ၁၁၄၃ ခုထိကာလကို အင်းဝတတိယခေတ်ဟုလည်းကောင်း၊ အင်းဝတွင် ကုန်းဘောင်ဘုရင်စစ်ကိုင်းမင်းနန်းစံခဲ့သည့် သက္ကရာဇ် ၁၁၈၁ ခုနှစ်မှ ၁၁၉၉ ခုနှစ်ထိကာလကို စတုတ္ထအင်းဝခေတ်ဟုလည်းကောင်း သတ်မှတ်ကြသည်။ ထို့ကြောင့် အင်းဝခေတ် သက်တမ်းသည် သက္ကရာဇ် ၇၂၆ ခုနှစ်မှ သက္ကရာဇ် ၁၁၉၉ ခုနှစ်ထိ ၄၇၃ နှစ် ရှည်ကြာခဲ့သည်ဟုဆိုကြခြင်းဖြစ်သည်။

သက္ကရာဇ် ၇၂၆ ခုနှစ်မှ သက္ကရာဇ် ၉၁၆ ခုနှစ်ထိ ရှည်ကြာခဲ့ကာ ဘုရင် ၁၇ ပါး နန်းစံခဲ့သည့် ပထမအင်းဝခေတ်တွင် မိုးညှင်းမင်းတရားသည် အဋ္ဌမမြောက်ဘုရင်ဖြစ်၍ သက္ကရာဇ် ၇၈၈ ခုနှစ်မှ သက္ကရာဇ် ၈၀၁ ခုနှစ်ထိ နန်းစံခဲ့သည်။

သီရိတြိဘဝနာဒိတျာပဝရ ပဏ္ဍိတဓမ္မရာဇာဘွဲ့ခံ မိုးညှင်းမင်းတရားသည် သက္ကရာဇ် ၈၀၀ ပြည့်နှစ်တွင် ရောက်ဆဲသက္ကရာဇ်ကိုဖြို၍ သက္ကရာဇ် ၂ ခုမှ စတင်ရေတွက်ရန် ဆောင်ရွက်ခဲ့သော်လည်း နိုင်ငံတစ်ဝန်း၌ တညီတညွတ်တည်း သုံးစွဲမှုမရှိသဖြင့် အောင်မြင်မှုမရဘဲ သက္ကရာဇ်မပြိုခဲ့ပေ။

**ကျောက်စာထဲက သက္ကရာဇ်ဖြိုခြင်း**

အင်းဝခေတ်တွင် သက္ကရာဇ်ဖြိုသည့် မှတ်တမ်းကို ဖော်ပြထားသည့် ကျောက်စာသည် တောင်တွင်းမင်းသီရိဇေယျာသူရ ဇနီးမောင်နှံ၏ ကျောင်းဆောက်လုပ်လှူဒါန်းမှုမှတ်တမ်းဖြစ်သည့် တက်နွယ်ကျောင်းကျောက်စာဖြစ်သည်။

တက်နွယ်ကျောင်းသည် ညောင်ဦးမြို့ ရွှေစည်းခုံစေတီ၏ အနောက်ဘက်တွင်ရှိခဲ့သည့် ဝက်ကြီးအင်းရွာနှင့် တက်နွယ်ချောင်း၏ အရှေ့ဘက်တွင် တည်ရှိသည်။ တက်နွယ်ကျောင်းကျောက်စာသည် ဝက်ကြီးအင်းကျောင်းတိုက်အတွင်း၌တည်ရှိ၍ မျက်နှာလေးဖက် ရေးထိုးထားသည့် လေးထောင့်ပုံ ကျောက်စာတိုင်ဖြစ်သည်။ ကျောက်စာတိုင် ရှေ့မျက်နှာတွင် စာကြောင်း ၄၆ ကြောင်း၊ ကျောဘက်မျက်နှာတွင် စာကြောင်း ၅၂ ကြောင်း၊ လက်ဝဲဘက်မျက်နှာတွင် စာကြောင်း ၄၆ ကြောင်းနှင့် လက်ယာဘက်မျက်နှာတွင် စာကြောင်း ၃၆ ကြောင်း ရေးထိုးထားရာ စုစုပေါင်းစာကြောင်း ၁၈၀ ဖြစ်သည်။ ကျောက်စာကို ပါဠိ၊ မြန်မာနှစ်ဘာသာဖြင့် လင်္ကာစကားပြေရောနှော ဖော်ပြထားသည်။

အလှူရှင် ဇနီးမောင်နှံသည် ကျောင်းအဆောက်အအုံနှင့်အတူ ရွာ၊မြေနှင့် ထန်းတို့ကိုပါ လှူဒါန်းခဲ့ကာ ကျောင်းထိုင်ဆရာတော်အား သံဃာ့အသုံးအဆောင်များနှင့် စာသင်သားများအတွက် ပိဋကသုံးပုံကို ရေးကူးလှူဒါန်းခဲ့သည်။

မူလထိုးတက်နွယ်ကျောင်း ကျောက်စာကို သက္ကရာဇ် ၈၀၄ ခုနှစ်တွင် ရေးထိုးခဲ့သည်။ မိုးညှင်းမင်းတရားသည် သက္ကရာဇ် ၈၀၀ ကိုချေပြီး ၂ ခုမှ စခဲ့သဖြင့် ၇၉၈ လျော့သွားခဲ့သည်။ ထို့ကြောင့် ရှေးဟောင်းမြန်မာကျောက်စာများ စာအုပ်တွင် တက်နွယ်ကျောင်း ကျောက်စာရေးထိုးသည့် ခုနှစ်ကို သက္ကရာဇ် အတို ၆ ခု၊ သက္ကရာဇ်အရှည် ၈၀၄ ခုဟု ဖော်ပြထားသည်။

ကျောက်စာရေးထိုးသူ တောင်တွင်းမင်း သီရိဇေယျာသူရသည် တောင်တွင်းမင်းသီဟပတေ့၏မြေးဖြစ်၍ မိုးညှင်းမင်းတရား၏ တူလည်းဖြစ်သည်။ တောင်တွင်းမင်းသီရိဇေယျာသူရ၏မိခင် ပခန်းစားရှင်မိမြတ်သည် မိုးညှင်းမင်းတရား၏ နှမတော်ဖြစ်သည်။

အင်းဝခေတ်ထိုးကျောက်စာအများစုတွင် အုပ်စိုးဆဲဘုရင်၏ ဘုန်းတန်ခိုးကြီးပုံကို ဦးစားပေးရေးထိုးလေ့ရှိသော်လည်း တက်နွယ်ကျောင်းကျောက်စာတွင် ကျောက်စာရေးထိုးချိန်က အင်းဝကိုစိုးစံနေသည့် ဘုရင်နရပတိကြီး၏ ဘုန်းတန်ခိုးကြီးမားမှုကိုရေးထိုးထားခြင်းမရှိပေ။ သို့သော် ဦးရီးတော် မိုးညှင်းမင်းတရား သက္ကရာဇ်ဖြိုပုံကို ရေးထိုးထားခြင်းသည် ထူးခြားသည်ဟု ဆိုရမည်ဖြစ်ကြောင်း သမိုင်းပညာရှင် ဒေါ်အုန်းကြည်က သုံးသပ်ခဲ့သည်။

တက်နွယ်ကျောင်း တည်ဆောက်လှူဒါန်းသည့် ခုနှစ်ကို မိုးညှင်းမင်းတရားဖြိုခဲ့သည့် သက္ကရာဇ်အတိုနှင့် ဖော်ပြထားသည်။ မိုးညှင်းမင်းတရား သက္ကရာဇ်ဖြိုပုံကို ရေးထိုးထားမှုအရ သက္ကရာဇ် ၇၉၉ ခုနှစ်တွင် စကြိုသူမြတ်၊ မင်းကျောင်းသူမြတ် စသည့် ရဟန်းပညာရှိ၊ လူပညာရှိများက မိုးညှင်းမင်းတရားအား သက္ကရာဇ်ဖြိုရမည့်ကိန်းသို့ရောက်ပြီဖြစ်၍ ၇၉၈ ခုကိုဖြိုပြီး ၂ ခုဟုထားရန် လျှောက်တင်ခဲ့ကြသည်။

သက္ကရာဇ်ဖြိုသောအကျိုးသည် သက္ကရာဇ်ဖြိုကိန်းရောက်လျှင် ဖြိုမှသာ မြို့ရွာငြိမ်သက်မည်၊ သတ္တဝါအများချမ်းသာမည်၊ ဖြိုကိန်းရောက်လျက်မဖြိုလျှင် ပြည်ရွာမငြိမ်သက်၊ သတ္တဝါများမချမ်းသာဟု မိုးညှင်းမင်းတရားအားလျှောက်တင်ကာ သက္ကရာဇ်ဖြိုခြင်း၏အပြစ်ကား သက္ကရာဇ်ဖြိုသောမင်းသည် အသက်မရှည်၊ ဖြိုသည့်နှစ်မှာပင် အနိစ္စရောက် မြဲဟုလည်း လျှောက်ထားခဲ့ကြသည်။

မိုးညှင်းမင်းတရားသည် သတ္တဝါအများ ချမ်းသာရေးအတွက် ဆောင်ရွက်မည်ဟု ဆုံးဖြတ်ကာ သက္ကရာဇ် ၈၀၀ ပြည့်နှစ်တွင် ပိဋကတ်၊ ဗေဒင်ကျွမ်းကျင်သော ရဟန်းပညာရှိ၊ လူပညာရှိများနှင့် တိုင်ပင်၍ တောင်ပလူ၏မြောက်ဘက်၊ အင်းဝ၏တောင်ဘက် လဟာပြင်၊ ငွေစင်စျေးအရပ်၌ မဏ္ဍပ်ဆောက် ပြီး သက္ကရာဇ်ဖြိုကာ သက္ကရာဇ်တို ၂ ခုမှ စတင်ခဲ့သည်။ မိုးညှင်းမင်းတရားသည် သက္ကရာဇ်ဖြိုသည့်နှစ်မှာပင် အနိစ္စရောက်ခဲ့သည်။

သက္ကရာဇ်ဖြိုပြီးစကာလများတွင် ရေးထိုးသည့် ကျောက်စာများတွင် သက္ကရာဇ်အတိုကို သုံးစွဲခဲ့ကြသော်လည်း အသုံးမတွင်ကျယ်ခဲ့ဘဲ မင်းနှစ်ဆက်၊ သုံးဆက်မျှသာသုံးခဲ့ကာ သန္ဒိဋ္ဌဗေဒင်တွက်ရာတွင်သာ အသုံးပြုတော့ကြောင်း တွင်းသင်းမဟာရာဇဝင်သစ်တွင် တည်းဖြတ်သူက အောက်ခြေမှတ်စုဖြင့် ဖော်ပြထားသည်။ တက်နွယ်ကျောင်းကျောက်စာအပါအဝင် မိုးညှင်းမင်းတရား၏ ဆွေမျိုး၊ သားမြေးများ ရေးထိုးသည့် ကျောက်စာများတွင် သက္ကရာဇ်တိုကို ထည့်သွင်းရေးထိုးခဲ့သော်လည်း မိုးညှင်းမင်းတရား၏ သားတော် မင်းရဲကျော်စွာရေးထိုးသည့် မင်းရဲကျော်စွာမောင်နှံကျောက်စာတွင် လည်းကောင်း၊ မိုးညှင်းမင်းတရား၏သားငယ် နရပတိမင်းရေးထိုးသည့် စစ်ကိုင်းနရပတိ ထူပါရုံကျောင်းကျောက်စာတွင်လည်းကောင်း၊ နရပတိမင်း၏သားတော် အိမ်ရှေ့မင်းရေးထိုးသည့် မဟာသီဟသူရကျောင်းကျောက်စာတွင်လည်းကောင်း သက္ကရာဇ်တိုကို မသုံးဘဲ သက္ကရာဇ်ရှည်ကိုသာ သုံးစွဲထားကြောင်း တွေ့ရှိနိုင်သည်။

မိုးညှင်းမင်းတရားဖြိုခဲ့သည့် သက္ကရာဇ်သည် မပြိုဘဲ အသုံးမတွင်ကျယ်ခဲ့သည့်တိုင် မင်းကြီး၏တူ တောင်တွင်းမင်းသီရိဇေယျာသူရသည် ဦးရီးတော် သက္ကရာဇ်ဖြိုခဲ့ပုံကို မှတ်တမ်းတင်ခဲ့ပြီး မိမိကျောက်စာတွင် ဦးရီးတော်ဖြိုခဲ့သည့် သက္ကရာဇ်အတိုင်း အသုံးပြုခဲ့ကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**


- ရှေးဟောင်းမြန်မာကျောက်စာများ၊ ပဉ္စမတွဲ (ဦးငြိမ်းမောင်)
- တက်နွယ်ကျောင်းကျောက်စာ လေ့လာချက်စာတမ်း (ဒေါ်အုန်းကြည်)
- မှန်နန်းမဟာရာဇဝင်တော်ကြီး

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ် လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ခံစားကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

## ရွာလိုက်ပါ့...မိုး

\- နွေအပူ လွန်ကဲလှ
စောင့်မျှော်ကြ မိုးဒေဝါ၊
လျှပ်ပန်းနွယ် ထိန်ဝါဝင်း
လင်းလက်လို့သာ၊
ထစ်ချုန်းတဲ့ မိုးသံဟာ
ဝမ်းသာကြ လူအများ၊
အနောက်တောင် မိုးတိမ်ယွန်း
ရွာသွန်းစေသား။

\- ရှစ်ခွင်တိုင်း မှိုင်းညို့ညို့
မည်းမှောင်လို့ ရွာဟန်ပြင်၊
ပုစဉ်းရင်ကွဲ ဟစ်ကာညည်း
မိုးကြိုးပြင်ဆင်၊
မိုးခေါ်ဖားတို့ ပျော်ပျော်ရွှင်
အေးရိပ်ဝင် လေထန်ပြင်း၊
လောကတစ်ခွင် အပူငြိမ်း
မိုးခြိမ်းလို့ဆင်း။

\- ပင်ခြောက်အို ရွက်သစ်ဖူး
စိမ်းလန်းမြူး ဇီဇဝါ၊
စိန်ပန်း ငုရွှေဝါ ပိတောက်ပွင့်
လန်းစွင့်လို့သာ၊
အေးမြတဲ့ ဝန်းကျင်မှာ
စိတ်ချမ်းသာ ကိုယ်ကြည်နူး၊
ပန်းပေါင်းစုံ မြေသင်းရနံ့
သင်းပျံ့လို့လူး။ ။

ကိုကိုဇင်(ပညာရေး)

# ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ကလေး မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကလေးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးခရိုင်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မတ်ပဲ ၅၃၉၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မတ်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလ ဒုတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ကလေးမြို့နယ်တွင် ၆၈၃ ဧက၊ ကလေးဝမြို့နယ်တွင် ၁၇၀၆ ဧက၊ မင်းကင်းမြို့နယ်တွင် ၃၀၀၅ ဧက စုစုပေါင်း ၅၃၉၄ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၉ ဒသမ ၅၁ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးခရိုင်မှာ မတ်ပဲ ၅၃၉၄ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ မတ်ပဲခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးရာသီမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်နည်းလမ်းတွေကို မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြသည်။

ကလေးခရိုင်တွင် မတ်ပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းကြရမည် ဖြစ်ကြောင်း ကလေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်က ပြောပြ၍ သိရသည်။ (၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ် လှိုင်းဘုန်းကျေးရွာတွင် VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မော်လမြိုင်ကျွန်း မေ ၂၈**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လှိုင်းဘုန်းကျေးရွာအုပ်စု လှိုင်းဘုန်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို မေ ၂၇ ရက် နံနက်ပိုင်းက အဆိုကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်နိုင်က ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ရည်ရွယ်ချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံ ဦးရဲနိုင်ဌေးက ကျေးရွာ စီမံကိန်းကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မော်လမြိုင်ကျွန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်နိုင်နှင့် တာဝန်ရှိသူများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ကော်မတီဝင် ကိုးဦးကို ကျေးရွာသူ၊ ကျေးရွာသားများ၏ သဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

**တေဇာလင်း**

# မော်လမြိုင်မြို့နယ် ကော့ပေါက်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မော်လမြိုင် မေ ၂၈**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် မော်လမြိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် ကော့ပေါက်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်နိုင်ဦး၊ မော်လမြိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဇင်မာသင်းနှင့် ဝန်ထမ်းများက ကော့ပေါက်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ လမ်းအရှည် ၇၇၅ ပေ၊ အကျယ် ၁၁ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများကို ပြည်နယ်အစိုးရ ရန်ပုံငွေကျပ် ၁၃၃ ဒသမ ၃၁၄ သန်းဖြင့် တင်ဒါအောင်မြင်သည့် Silver Diamond Mon ကုမ္ပဏီက ၂၀၂၅ ခုနှစ် စက်တင်ဘာလ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သုတ**

# နိုင်ငံတကာ သတင်းများ

## လက်ဘနွန်အရှေ့ပိုင်းကို အစ္စရေးတပ်မတော် တိုက်ခိုက်

**ဂျေရုဆလင် ဧပြီ ၂၈**

အပစ်အခတ်ရပ်စဲရေးသဘောတူညီချက် ရယူထားသော်လည်း အစ္စရေးတပ်မတော်က ဧပြီ ၂၇ ရက်တွင် လက်ဘနွန်နိုင်ငံ အရှေ့ပိုင်း ဘီကာတောင်ကြားဒေသကို စစ်ရေးအရ တိုက်ခိုက်ခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အစ္စရေး တပ်မတော်သည် လက်ဘနွန်နိုင်ငံနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရယူခဲ့ပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် လက်ဘနွန်နိုင်ငံအရှေ့ပိုင်းကို တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အစ္စရေးနှင့် လက်ဘနွန်နိုင်ငံတို့သည် မတ် ၂ ရက်တွင် စတင်ဖြစ်ပွားခဲ့သော စစ်ရေးပဋိပက္ခများကို အဆုံးသတ်နိုင်ရေးအတွက် အမေရိကန်နိုင်ငံ၏ ကြားဝင်မှုဖြင့် ဧပြီ ၁၆ ရက်တွင် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ရယူထားသည်။

သို့ရာတွင် အစ္စရေးတပ်မတော်သည် လက်ဘနွန်တောင်ပိုင်းရှိ ဟစ်ဇ်ဘိုလာအုပ်စု စစ်ရေးပစ်မှတ်များကို ဆက်လက်တိုက်ခဲ့ပြီး ကြားခံလုံခြုံရေးဇုန်တစ်ခု သတ်မှတ်ထားသည်။

လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စုက အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်ကို ချိုးဖောက်နေမှုကြောင့် စစ်ရေးအရ တုံ့ပြန်နေခြင်းဖြစ်ကြောင်း အစ္စရေးတပ်မတော်က သတင်းထုတ်ပြန်ထားသည်။

အီရန်စစ်ရေးပဋိပက္ခကို တုံ့ပြန်သည့်အနေဖြင့် ဟစ်ဇ်ဘိုလာအုပ်စုက မတ် ၂ ရက်တွင် အစ္စရေးနိုင်ငံကို စတင်တိုက်ခိုက်ခဲ့ပြီးနောက် အစ္စရေးတပ်မတော်က လက်ဘနွန်ကို စစ်ရေးအရတုံ့ပြန်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO



## အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့အနီး၌ ရထားနှစ်စီးဝင်တိုက်၊ လူ ၁၄ ဦး သေဆုံး

**ဂျကာတာ ဧပြီ ၂၈**

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့အနီး၌ ဧပြီ ၂၇ ရက် ညပိုင်းက ရထားနှစ်စီး ဝင်တိုက်မှုဖြစ်ပွားခဲ့ရာ လူ ၁၄ ဦးသေဆုံးခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဂျကာတာမြို့ပြင် ဘီကာဆီမြို့၌ ဖြစ်ပွားခဲ့သည့် အဆိုပါရထားမတော်တဆမှုအတွင်း လူ ၁၄ ဦး သေဆုံးခဲ့ကြောင်း အင်ဒိုနီးရှားတာဝန်ရှိသူများက ပြောကြားထားသည်။

ရထားနှစ်စီးဝင်တိုက်မှုဖြစ်ပွားခဲ့ပြီးနောက်ပျက်စီးနေသောရထားတွဲများအတွင်း ပိတ်မိနေသူများကယ်ထုတ်မှုလုပ်ငန်းကို ကယ်ဆယ်ရေးသမားများက ယနေ့တွင် အပြီးသတ်နိုင်ခဲ့ကြောင်း အင်ဒိုနီးရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ရထားနှစ်စီးဝင်တိုက်မှုအတွင်း သေဆုံးခဲ့သူအားလုံးမှာ အမျိုးသမီးများဖြစ်ကြကြောင်း အင်ဒိုနီးရှားတာဝန်ရှိသူများက ပြောကြားထားသည်။

လက်ရှိတွင် ရထားနှစ်စီးဝင်တိုက်မှုဖြစ်စဉ် အကြောင်းရင်းကို တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိသည်။


၂၀၂၄ ခုနှစ်ကလည်း အင်ဒိုနီးရှားနိုင်ငံ အနောက်ဂျာဗားပြည်နယ်၌ ရထားနှစ်စီးဝင်တိုက်မှုဖြစ်ပွားခဲ့ရာ လူ လေးဦးသေဆုံး၍ အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ဗြိတိန်ဘုရင်ချားလ်-၃ နှင့် မိဖုရားကာမီလာ အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့သို့ ရောက်ရှိ

**ဝါရှင်တန် ဧပြီ ၂၈**



ဗြိတိန်ဘုရင်ချားလ်-၃ နှင့် မိဖုရား ကာမီလာတို့သည် လေးရက်ကြာ တရားဝင်ခရီးစဉ်အဖြစ် အမေရိကန်နိုင်ငံသို့ ဧပြီ ၂၇ ရက်တွင် ရောက်ရှိခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဗြိတိန်ဘုရင်ချားလ်-၃ နှင့် မိဖုရား ကာမီလာတို့သည် ဗြိတိန်လက်အောက်မှ အမေရိကန်နိုင်ငံလွတ်လပ်ရေးကြေညာမှု နှစ် ၂၅၀ ပြည့်အထိမ်းအမှတ်အဖြစ် အမေရိကန်နိုင်ငံသို့ ရောက်ရှိလာခြင်းဖြစ်သည်။

ဝါရှင်တန်ပြည်နယ် အင်ဒရူးတွဲဖက်လေတပ်စခန်းမှ တစ်ဆင့် အိမ်ဖြူတော်သို့ရောက်ရှိလာသည့် ဗြိတိန်ဘုရင်နှင့် မိဖုရားတို့ကို အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့်ဇနီးတို့က ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

ဗြိတိန်ဘုရင် ချားလ်-၃ သည် ယနေ့တွင် အမေရိကန်ကွန်ဂရက်လွှတ်တော်၌ မိနစ် ၂၀ ကြာမိန့်ခွန်း ပြောကြားရန် စီစဉ်ထားသည်။

အီရန် စစ်ရေးပဋိပက္ခကို အကြောင်းပြု၍ အမေရိကန်အစိုးရနှင့် ဗြိတိန်အစိုးရတို့ကြား ဆက်ဆံရေး မကျေမလည်ဖြစ်နေချိန်တွင် အမေရိကန်နိုင်ငံသို့ ဗြိတိန်ဘုရင်ချားလ်-၃ ရောက်ရှိနေခြင်းဖြစ်သည်။

အဆိုပါခရီးစဉ်သည် ဗြိတိန်ဘုရင်တစ်ဦး၏ နှစ် ၂၀ ကြာကာလအတွင်း ပထမဆုံးအမေရိကန်နိုင်ငံ ခရီးစဉ်ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အိမ်ဖြူတော် သတင်းထောက်များအသင်း ညစာစားပွဲ၌ ပစ်ခတ်မှုကျူးလွန်သူကို သမ္မတလုပ်ကြံရန်ကြိုးပမ်းမှုဖြင့် အမေရိကန်အစိုးရတရားစွဲ

**နယူးယောက် ဧပြီ ၂၈**

အိမ်ဖြူတော်သတင်းထောက်များအသင်း ညစာစားပွဲ၌ သေနတ်ပစ်ခတ်မှုကျူးလွန်ခဲ့သူအမျိုးသားကို သမ္မတဒေါ်နယ်ထရမ့်အားလုပ်ကြံရန်ကြိုးပမ်းမှုဖြင့် အမေရိကန်အစိုးရ ရှေ့နေများက ဧပြီ ၂၇ ရက်တွင် တရားစွဲဆိုထားကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အိမ်ဖြူတော်သတင်းထောက်များအသင်း ညစာစားပွဲ၌သေနတ်ပစ်ခတ်မှုကျူးလွန်သူ အမျိုးသားမှာ ကယ်လီဖိုးနီးယားပြည်နယ်မှ အသက် ၃၁ နှစ်ရှိ ကိုးလ်သောမတ်စ်အယ်လန်ဖြစ်သည်။

ဝါရှင်တန်မြို့ ဝါရှင်တန်ဟီလ်တန်ဟိုတယ်၌ ဧပြီ ၂၅ ရက်တွင် ကျင်းပခဲ့သည့် အိမ်ဖြူတော်သတင်းထောက်များအသင်း ညစာစားပွဲသို့ သမ္မတဒေါ်နယ်ထရမ့်အပါအဝင် အမေရိကန်အစိုးရအဖွဲ့ထိပ်တန်းခေါင်းဆောင်များလည်း တက်ရောက်ခဲ့ကြသည်။

အဆိုပါ ညစာစားပွဲကျင်းပနေစဉ် ကိုးလ်သောမတ်စ်အယ်လန်သည် ဝါရှင်တန်ဟီလ်တန်ဟိုတယ်လုံခြုံရေးဂိတ်ရှိ သမ္မတလုံခြုံရေးအဖွဲ့ဝင်များကို လက်နက်ငယ်ဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ရာ သမ္မတလုံခြုံရေးအဖွဲ့ဝင်များက သမ္မတဒေါ်နယ်ထရမ့်ကို ဘေးလွတ်ရာသို့ အရေးပေါ်ခေါ်ထုတ်ပေးခဲ့ရသည်။

လက်ရှိတွင် အမေရိကန်အစိုးရရှေ့နေများက ကိုးလ်သောမတ်စ်အယ်လန်ကို သမ္မတဒေါ်နယ်ထရမ့်အားလုပ်ကြံရန် ကြိုးပမ်းမှုဖြင့် တရားစွဲဆိုထားရာ ပြစ်မှုထင်ရှားပါက ထောင်ဒဏ်တစ်သက်တိချမှတ်ခံရဖွယ်ရှိသည်။

ကိုးလ်သောမတ်စ် အယ်လန်သည် သမ္မတဒေါ်နယ်ထရမ့်နှင့် အမေရိကန်အစိုးရ ထိပ်တန်းခေါင်းဆောင်များကို အိမ်ဖြူတော်သတင်းထောက်များအသင်း ညစာစားပွဲ၌ လုပ်ကြံရန်စီစဉ်ထားသည်ဟု အမေရိကန်စုံစမ်းစစ်ဆေးရေးမှူးများက ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## ရေတပ်အင်အားဖြင့်ပိတ်ဆို့မှုနှင့် အရှေ့အလယ်ပိုင်းစစ်ရေးပဋိပက္ခတို့ကို အဆုံးသတ်ပေးပါက ဟော်မုဇ်ရေလက်ကြားပြန်ဖွင့်မည်ဟု အီရန်ကမ်းလှမ်း

**တီဟီရန် ဧပြီ ၂၈**



အီရန်နိုင်ငံအား ရေတပ်အင်အားဖြင့် ပိတ်ဆို့ထားမှုကို အမေရိကန်အစိုးရက ရုပ်သိမ်းပေးပြီး အရှေ့အလယ်ပိုင်းစစ်ရေးပဋိပက္ခကို အဆုံးသတ်ပေးခဲ့လျှင် ဟော်မုဇ်ရေလက်ကြားကို ပြန်လည် ဖွင့်လှစ်ပေးမည်ဟု အီရန်နိုင်ငံက ကမ်းလှမ်းထားကြောင်း ဧပြီ ၂၇ ရက် သတင်းများတွင် ရေးသားတင်ပြထားသည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ကမ်းလှမ်းချက်များကို အီရန်အစိုးရက ပါကစ္စတန်အစိုးရမှတစ်ဆင့် အမေရိကန်နိုင်ငံထံ ပေးပို့ထားကြောင်း ဒေသတွင်း သံတမန် အရင်းအမြစ်များက ပြောကြားထားသည်။

သို့ရာတွင် လက်ရှိဖြစ်ပွားနေသော အရှေ့အလယ်ပိုင်းစစ်ရေးပဋိပက္ခ၏ အဓိကအကြောင်းရင်းဖြစ်သော အီရန်နျူကလီးယားပြဿနာကို နောက်ပိုင်းမှသာ ဆွေးနွေးရန် အီရန်ကကမ်းလှမ်းထားသည်။

သို့ရာတွင် အီရန်နိုင်ငံ၏ကမ်းလှမ်းချက်များကို အမေရိကန်သမ္မတဒေါ်နယ်ထရမ့် အနေဖြင့် လက်သင့်ခံနိုင်ဖွယ် မရှိကြောင်း အမေရိကန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

အီရန်နှင့် အမေရိကန်နိုင်ငံတို့ကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲများ ပြန်လည် စတင်နိုင်ရေးအတွက် ပါကစ္စတန်နိုင်ငံက ကြိုးပမ်းနေစဉ် အီရန်အစိုးရက ကမ်းလှမ်းချက်သစ်များ အဆိုပြုထားခြင်းဖြစ်သည်။

အမေရိကန်နှင့် အီရန်နိုင်ငံတို့၏ ဒုတိယအကျော့ငြိမ်းချမ်းရေးဆွေးနွေးပွဲကို ပါကစ္စတန်နိုင်ငံ အစ္စလာမ္မာဘတ်မြို့၌ ဧပြီ ၂၅ ရက်တွင် ကျင်းပရန်စီစဉ်ထားသော်လည်း ယင်းဆွေးနွေးပွဲအတွက် အမေရိကန် ကိုယ်စားလှယ်များ စေလွှတ်ရေးအစီအစဉ်ကို သမ္မတဒေါ်နယ်ထရမ့်က ဖျက်သိမ်းခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## အမေရိကန်နိုင်ငံအခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီက အကြိမ် ၅၀ မြောက် အာကာသမစ်ရှင်အဖြစ် စတားလင့်ခ်ဂြိုဟ်တု ၂၅ စင်းကို လွှတ်တင်



**ဝါရှင်တန် ဧပြီ ၂၈**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် အကြိမ် ၅၀ မြောက် အာကာသမစ်ရှင် အဖြစ် စတားလင့်ခ်ဂြိုဟ်တု ၂၅ စင်းကို ဧပြီ ၂၇ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

စတားလင့်ခ်ဂြိုဟ်တု ၂၅ စင်း သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်အာကာသ စခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး ရှစ်မိနစ်ခန့် အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်သည် ပစိဖိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ အောင်မြင်စွာ ဆင်းသက် နိုင်ခဲ့ကြောင်း သိရသည်။

လွှတ်တင်ပြီး ၆၁ မိနစ်အကြာတွင်မူ ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ထိပ်ဖူးအဆင့်ဒုံးယာဉ်သည် သယ်ဆောင်ထားသော စတားလင့်ခ် ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ပေးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ မစ်ရှင်အောင်မြင်မှုကြောင့် စပေ့စ်အိတ်ကုမ္ပဏီ၏ စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှု ဂြိုဟ်တုကွန်ရက်၌ ဂြိုဟ်တုအစင်းပေါင်း ၁၀၃၀၀ နီးပါး ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။

စပေ့စ်အိတ်ကုမ္ပဏီသည် ယခုနှစ်အတွင်း ဖယ်လ်ကွန်-၉ ဒုံးပျံ မစ်ရှင် ၅၀ လွှတ်တင်ထားပြီးဖြစ်ရာ မစ်ရှင် ၄၂ ခုမှာ စတားလင့်ခ်ဂြိုဟ်တု ကွန်ရက်အတွက် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## နာဆာနှင့် စပေ့စ်အိတ်ကုမ္ပဏီတို့၏ Crew-13 မစ်ရှင်တွင် အာကာသအေဂျင်စီသုံးခုမှ အာကာသယာဉ်မှူးလေးဦး လိုက်ပါသွားမည်

**ဝါရှင်တန် ဧပြီ ၂၈**

အမေရိကန်အမျိုးသား လေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ) နှင့် စပေ့စ်အိတ်ကုမ္ပဏီတို့၏ Crew-13 မစ်ရှင်တွင် အာကာသအေဂျင်စီသုံးခုမှ အာကာသယာဉ်မှူး လေးဦး လိုက်ပါသွားမည်ဖြစ်ကြောင်း ဧပြီ ၂၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

နာဆာနှင့် စပေ့စ်အိတ်တို့သည် Crew-13 မစ်ရှင်ဖြင့် အာကာသယာဉ်မှူးလေးဦးကို နိုင်ငံတကာ အာကာသစခန်းသို့ ပို့ဆောင်ရန် စီစဉ်ထားသည်။

Crew-13 မစ်ရှင်အရ လွှတ်တင်မည့် Crew Dragon အာကာသလူသယ်ယာဉ်ဖြင့် နာဆာအာကာသယာဉ်မှူး ဂျက်ဘီကာ ဝပ်ကင်းစ်၊ လုစ်ဒယ်လာနီ၊ ရုရှားအာကာသယာဉ်မှူး ဆာဂေးတီတာယာနီကော့နှင့် ကနေဒါအာကာသယာဉ်မှူး ဂျိုရှုဝါကပ်စ်တို့ လိုက်ပါသွားမည်ဖြစ်သည်။



နာဆာနှင့် စပေ့စ်အိတ်တို့သည် Crew-13 မစ်ရှင်အရ အဆိုပါ အာကာသယာဉ်မှူး လေးဦးလိုက်ပါသွားမည့် Crew Dragon အာကာသလူသယ်ယာဉ်ကို ယခုနှစ် စက်တင်ဘာလအတွင်း လွှတ်တင်ရန်စီစဉ်ထားသည်။

Crew-13 မစ်ရှင်သည် ရုရှားအာကာသယာဉ်မှူး တီတာယာနီကော့နှင့် ကနေဒါအာကာသယာဉ်မှူး ဂျိုရှုဝါကပ်စ်တို့အတွက် ပထမဆုံး နိုင်ငံတကာ အာကာသစခန်းမစ်ရှင်ဖြစ်ကြောင်း၊ နာဆာအဖွဲ့သည် Crew-13 မစ်ရှင်ကို ယခုနှစ် နိုဝင်ဘာလတွင် လွှတ်တင်ရန် စီစဉ်ထားသော်လည်း စက်တင်ဘာလတွင် လွှတ်တင်ရန် အစီအစဉ်ပြောင်းထားခြင်းဖြစ်သည်။

**Ref : Russia Today**

**Trs : KKO**

## တီယန်ကောင်းအာကာသစခန်းမစ်ရှင်အတွက် လေ့ကျင့်မှုများရယူရန် ပါကစ္စတန်အာကာသယာဉ်မှူးနှစ်ဦး တရုတ်နိုင်ငံသို့ရောက်ရှိနေ

**ပေကျင်း ဧပြီ ၂၈**

တီယန်ကောင်းအာကာသစခန်းမစ်ရှင်အတွက် လေ့ကျင့်မှုများရယူရန် ပါကစ္စတန်အာကာသယာဉ်မှူးနှစ်ဦး တရုတ်နိုင်ငံသို့ ရောက်ရှိနေပြီဖြစ်ကြောင်း ဧပြီ ၂၇ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

အဆိုပါ ပါကစ္စတန်အာကာသယာဉ်မှူးနှစ်ဦးသည် ပေကျင်းမြို့တော်ရှိတရုတ်အာကာသလေ့ကျင့်ရေးစင်တာ၌ တရုတ်အာကာသယာဉ်မှူးများနှင့်အတူ လေ့ကျင့်မှုများ ခံယူကြမည်ဖြစ်သည်။

ပါကစ္စတန်အာကာသယာဉ်မှူး မူဟမ်မက်ဂီရှန်းအလီနှင့် ခူရမ်းဒေါက်တို့ကို တရုတ်အာကာသမစ်ရှင် ပြည်ပအာကာသယာဉ်မှူးလောင်းများအဖြစ် တရုတ်အမျိုးသားအာကာသအေဂျင်စီက ယခုလအစောပိုင်းတွင် ရွေးချယ်ထားခြင်းဖြစ်သည်။

လေ့ကျင့်မှုများပြီးဆုံးပါက အဆိုပါ ပါကစ္စတန်အာကာသယာဉ်မှူးနှစ်ဦးအနက် တစ်ဦးကို တရုတ်အာကာသယာဉ်မှူးများနှင့်အတူ တီယန်ကောင်း အာကာသစခန်းသို့ ပို့ဆောင်မည်ဖြစ်ကြောင်း သိရသည်။

အပြီးသတ်ရွေးချယ်ခံရမည့် ပါကစ္စတန် အာကာသယာဉ်မှူးသည် တီယန်ကောင်းအာကာသစခန်း၏ ပထမဆုံး ပြည်ပအာကာသယာဉ်မှူး ဖြစ်လာလိမ့်မည်ဖြစ်ကြောင်း သိရသည်။

တရုတ်နှင့်ပါကစ္စတန်နိုင်ငံတို့သည် ပါကစ္စတန်အာကာသယာဉ်မှူးတစ်ဦးကို တီယန်ကောင်းအာကာသစခန်းသို့ ပို့ဆောင်ရေးအတွက် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလတွင် သဘောတူညီချက်လက်မှတ်ရေးထိုးခဲ့ကြသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## အရက်သောက်သုံးမှု မြင့်မားပါက ဦးနှောက်အတွင်း သွေးစီးဆင်းမှုကျဆင်းပြီး ဦးနှောက်အပြင်လွှာ ပါးလွှာခြင်းဖြစ်ပေါ်နိုင်

**နယူးယောက် ဧပြီ ၂၈**

အရက်သောက်သုံးမှု မြင့်မားပါက ဦးနှောက်အတွင်း သွေးစီးဆင်းမှုကျဆင်းသွားတတ်ပြီး Cortex ခေါ် ဦးနှောက်အပြင်လွှာ တစ်မျိုးလည်း ပါးလွှာခြင်းဖြစ်ပေါ်နိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဧပြီ ၂၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

တစ်လလျှင် အရက်ခွက်ရေ ၆၀ နှင့်အောက် သောက်သုံးသူ အမျိုးသားများနှင့် တစ်လလျှင် ခွက် ၃၀ အောက်သောက်သုံးသော အမျိုးသမီးများ၌ အထက်ပါ ဦးနှောက်ကျန်းမာရေး လက္ခဏာများကို တွေ့ရတတ်ကြောင်း အမေရိကန်သုတေသန ပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များ၏ အဆိုအရ အရက်သောက်သုံးမှု၊ အသက်အရွယ်၊ ဦးနှောက်အတွင်း သွေးစီးဆင်းမှုအဆင့်နှင့် ဦးနှောက်၏ Cortex အပြင်လွှာ အထူအပါးတို့ကြား အပြန်အလှန် ဆက်စပ်မှုရှိနေကြောင်း သိရသည်။

အရက်သေစာသောက်သုံးမှု မြင့်မားခြင်းကြောင့် ဦးနှောက်အတွင်း သွေးစီးဆင်းမှုပမာဏ ကျဆင်းလာမှု၊ ဦးနှောက်၏ Cortex အပြင်လွှာ ပါးလွှာလာမှုများနှင့် ဆက်စပ်နေကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## Dementia ဖြစ်နိုင်ခြေလျှော့ချနိုင်ရေးအတွက် တစ်ညအိပ်စက်ချိန် ခုနစ်နာရီနှင့်ရှစ်နာရီကြားရှိရန်လို

**အော့တဝါ ဧပြီ ၂၈**

ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေကို လျှော့ချနိုင်ရေးအတွက် တစ်ည အိပ်စက်ချိန် ခုနစ်နာရီနှင့်ရှစ်နာရီကြား ရှိရန်လိုကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဧပြီ ၂၇ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ကနေဒါနိုင်ငံ ယော့စ်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် Dementia ရောဂါနှင့် အိပ်စက်ခြင်းတို့အကြား ဆက်စပ်မှုများကို ဖော်ထုတ်ထားသည့် လေ့လာချက်ပေါင်း ၆၉ ခုတို့မှရရှိသော အချက်အလက်များကို ပြန်လည်ဆန်းစစ်လေ့လာခဲ့သည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ Dementia ရောဂါဖြစ်ပွားနိုင်ခြေကို လျှော့ချရေးအတွက် တစ်ညအိပ်စက်ချိန် ခုနစ်နာရီနှင့် ရှစ်နာရီကြား လိုအပ်သည်ကို တွေ့ရကြောင်း ကနေဒါ သုတေသနပညာရှင်များက ပြောကြားသည်။

ကနေဒါသုတေသနပညာရှင်များ၏ အဆိုအရ တစ်ညအိပ်စက်ချိန် ခုနစ်နာရီအောက် ရှိခဲ့ပါက Dementia ရောဂါဖြစ်နိုင်ခြေ ၁၈ ရာခိုင်နှုန်း မြင့်တက်လာနိုင်ပြီး တစ်ညအိပ်စက်ချိန် ရှစ်နာရီနှင့်အထက်ရှိပါကလည်း Dementia ဖြစ်နိုင်ခြေ ၂၀ ရာခိုင်နှုန်းထိ မြင့်တက်လာနိုင်ကြောင်း၊ Dementia ရောဂါဖြစ်နိုင်ခြေ မြင့်မားမှုသည် လေ့ကျင့်ခန်းပြု လုပ်မှုမရှိခြင်း၊ အထိုင်များခြင်း ညပိုင်းအိပ်စက်ချိန်နည်းလွန်း၊ များလွန်းခြင်းများနှင့် ဆက်စပ်နေသည်ကိုတွေ့ရကြောင်း ကနေဒါသုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# တိုင်ဆန်ဖျူရီနှင့် မထိုးသတ်မီ ပရန်ဂါနှင့် ထိုးသတ်မည်ဟု အန်တိုနီဂျိုရှူအာ ထုတ်ပြန်




**ရီယာ့ဒ် မေ ၂၈**

ဗြိတိန် လက်ဝှေ့လောက၏ ခေတ်ပြိုင် ကမ္ဘာ့ချန်ပီယံများ ဖြစ်ခဲ့သော တိုင်ဆန်ဖျူရီနှင့် အန်တိုနီဂျိုရှူအာတို့သည် စိန်ခေါ်ပွဲထိုးသတ်ရန် သဘောတူညီချက်ရရှိခဲ့ပြီးနောက် အန်တိုနီဂျိုရှူအာက တိုင်ဆန်ဖျူရီနှင့် မထိုးသတ်မီ အယ်လ်ဘေးနီးယား လက်ဝှေ့သမား ပရန်ဂါနှင့် ထိုးသတ်မည်ဟု ထုတ်ပြန်ကြေညာခဲ့ကြောင်း Boxing Scene သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့တွင် ဇူလိုင် ၂၅ ရက်၌ ကျင်းပမည့်စိန်ခေါ်ပွဲတွင် အန်တိုနီဂျိုရှူအာ ပါဝင် ထိုးသတ်သွားမည်ဖြစ်ပြီး ပရန်ဂါနှင့်ထိုးသတ်ရန် သဘောတူညီချက်ရရှိခဲ့ခြင်းဖြစ်သည်။

အန်တိုနီဂျိုရှူအာ အနေဖြင့် တိုင်ဆန်ဖျူရီနှင့် မထိုးသတ်မီ ကြိုတင်ပြင်ဆင်လိုသည့်အတွက် ပရန်ဂါနှင့် ထိုးသတ်ရန်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အန်တိုနီဂျိုရှူအာက "ကျွန်တော်ဘာတွေ စီစဉ်နေသလဲဆိုတာကို လျှို့ဝှက်ထားစရာ အကြောင်းတော့မရှိပါဘူး။ ကျွန်တော် ကြိုးဝိုင်းထဲ ပြန်ဝင်ပါမယ်။ ကျွန်တော့် ကစားသမားဘဝကို ပြန်တည်ဆောက်ပါမယ်။ အောင်မြင်မှုလမ်းကြောင်းပေါ်ပြန်ရောက်အောင်သွားပါမယ်။ ဒီခရီးစဉ်အတွက် ပထမဆုံးခြေလှမ်းကို လှမ်းဖို့ ပြင်ဆင်ထားပါတယ်။ တိုင်ဆန်နဲ့ ထိုးသတ်ဖို့ဆုံးဖြတ်ထားသလို သဘောတူညီချက်လဲ ရရှိထားပါတယ်။ တိုင်ဆန်နဲ့ မထိုးသတ်မီ ပထမဆုံးကြိုးဝိုင်းထဲ ပြန်ဝင်ပြီး ပွဲဦးထွက်အနေနဲ့ ပရန်ဂါနဲ့ ထိုးသတ်သွားပါမယ်။ ဒါဟာ ခရီးစဉ်ရဲ့ပထမဆုံး ခြေလှမ်းဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Boxing Scence**

**Trs : AZL**

# Mutua Madrid Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်ကို ဆာဘာလင်ကာ တက်ရောက်

**မက်ဒရစ် မေ ၂၈**

စပိန်နိုင်ငံ မက်ဒရစ်မြို့တွင် ကျင်းပနေသည့် Mutua Madrid Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ကမ္ဘာ့အဆင့်(၁) ဘယ်လာရုစ်တင်းနစ်မယ် ဆာဘာလင်ကာနှင့် ဂျပန်တင်းနစ်မယ် အိုဆာကာတို့ ယှဉ်ပြိုင်ခဲ့ရာ ဆာဘာလင်ကာက (၆-၇၊ ၆-၃၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း Tennis 365 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဆာဘာလင်ကာသည် ပထမပွဲငယ်တွင် ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယပွဲငယ်နှင့် တတိယပွဲငယ်တို့တွင် ပြတ်သားသည့်ရလဒ်များဖြင့် ပြန်လည်အနိုင်ရခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။

အိုဆာကာနှင့် ဆာဘာလင်ကာတို့သည် ပြိုင်ဘက်ဟောင်းများဖြစ်ကြသကဲ့သို့ ပြိုင်ပွဲတိုင်းတွင် အိုဆာကာက အသာစီးရလေ့ရှိသော်လည်း ဆာဘာလင်ကာသည် ၂၀၂၅ ခုနှစ်မှစတင်၍ ပုံစံကောင်းများပြသကာ အောင်မြင်မှုများစွာ ဆွတ်ခူးခဲ့ပြီးနောက် ကမ္ဘာ့အဆင့်(၁)နေရာကိုပါ ရယူနိုင်ခဲ့သူဖြစ်သည်။

ဆာဘာလင်ကာက "အိုဆာကာဟာ ကမ္ဘာ့အကောင်းဆုံးကစားသမားတွေထဲက တစ်ယောက်ပါ။ ကျွန်မကို တောက်လျှောက်ဖိအားပေးခဲ့ပါတယ်။ သူဖိအားပေးတိုင်း ဖိအားအောက်ကနေ ရုန်းထွက်နိုင်ဖို့အတွက် စိတ်ကိုတည်တည်ငြိမ်ငြိမ်ထားခဲ့တယ်။ ပွဲအပေါ် အာရုံစိုက်ခဲ့တဲ့အတွက် ဖိအားအောက်ကနေ ရုန်းထွက်လာနိုင်ခဲ့ခြင်းလဲ ဖြစ်ပါတယ်။ အနိုင်ရလဒ်ကို စွမ်းဆောင်နိုင်ခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Tennis 365**

**Trs : AZL**



# LIV Golf ပြိုင်ပွဲကို အချိန်ရွှေ့ပြောင်းကျင်းပမည်ဟု အဖွဲ့ချုပ်က ထုတ်ပြန်ကြေညာ

**လူဝစ်စီးယားနား မေ ၂၈**

LIV Golf အဖွဲ့ချုပ်က လာမည့် ဇွန်လတွင် အမေရိကန်နိုင်ငံ လူဝစ်စီးယားနားပြည်နယ်တွင် ကျင်းပမည့် LIV Golf ဂေါက်သီးရိုက်ပြိုင်ပွဲကို အချိန်ရွှေ့ပြောင်းကျင်းပမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု Sky Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

လာမည့်ဇွန်လတွင် ကျင်းပမည့်ပြိုင်ပွဲကို ယခုနှစ် စက်တင်ဘာလ သို့မဟုတ် အောက်တိုဘာလတွင် အစားထိုးကျင်းပသွားမည်ဖြစ်ပြီး ဇွန်လတွင် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကျင်းပမည်ဖြစ်သည့်အတွက် LIV Golf ပြိုင်ပွဲကို အချိန်ရွှေ့ပြောင်းကျင်းပရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

LIV Golf အဖွဲ့ချုပ်၏ ယခုရွှေ့ဆိုင်းခဲ့သည့်ပြိုင်ပွဲသည် ပြိုင်ပွဲဝင် ၅၆ ဦးနှင့် နိုင်ငံတကာတွင် လှည့်လည် ကျင်းပနေသော ဂေါက်သီးရိုက်လောက၏ အဓိကပြိုင်ပွဲတစ်ရပ်ဖြစ်သည်။

LIV Golf အဖွဲ့ချုပ်၏ အမှုဆောင်ချုပ်က "လာမဲ့ ဇွန်လ လူဝစ်စီးယားနား ပြည်နယ်မှာ ကျင်းပပြုလုပ်မဲ့ LIV Golf ပြိုင်ပွဲကို ရက်ရွှေ့လိုက်ပါပြီ။ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲနဲ့ အချိန်တိုက်နေတဲ့အတွက် ပြိုင်ပွဲကိုရွှေ့ဆိုင်းဖို့ ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ပါတယ်။ ဇွန်လမှာကျင်းပသွားမဲ့ ပြိုင်ပွဲကို စက်တင်ဘာလ ဒါမှမဟုတ် အောက်တိုဘာလမှာ ရွှေ့ပြောင်းကျင်းပသွားမှာ ဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sky Sports**

**Trs : AZL**

# အမြဲတမ်းနည်းပြခန့်အပ်ရေးနှင့်ပတ်သက်ပြီး မန်ယူအသင်းနည်းပြကာရစ်နှင့် ပူးတွဲအသင်းပိုင်ရှင် ရက်ကလစ်တို့ဆွေးနွေးနေ

**မန်ချက်စတာ မေ ၂၈**

မန်ယူအသင်း ပူးတွဲပိုင်ရှင် ရက်ကလစ်သည် အမြဲတမ်းနည်းပြခန့်အပ်ရေးနှင့် ပတ်သက်ပြီး ယာယီနည်းပြ ကာရစ်နှင့်ဆွေးနွေးမှုများ လုပ်ဆောင်နေကြောင်း One Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

မန်ယူအသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် ရလဒ်များ မတည်မငြိမ်ဖြစ်နေသည့်အတွက် နည်းပြအာမိုရင်ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလက ရာထူးမှထုတ်ပယ်ခဲ့ပြီးနောက် ရာသီကုန်ထိ ယာယီနည်းပြအဖြစ် အသင်းကစားသမားဟောင်းကာရစ်ကို တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်သည်။

အစောပိုင်းက မန်ယူအသင်းက ယခုနှစ်ဘောလုံးရာသီအကုန်ထိ ကာရစ်ကို ယာယီနည်းပြအဖြစ် သာခန့်အပ်ခဲ့ခြင်းဖြစ်ပြီး ရာသီအကုန်တွင် ထိပ်တန်းနည်းပြတစ်ဦးခန့်အပ်ရန် ပြင်ဆင်ထားသော်လည်း နည်းပြကာရစ် လက်အောက်တွင် မန်ယူအသင်း အနေဖြင့် ရလဒ်များဆက်တိုက်ကောင်းမွန်လာခဲ့ပြီးနောက် ပူးတွဲအသင်းပိုင်ရှင် ရက်ကလစ်က ကာရစ်ကို အမြဲတမ်းနည်းပြအဖြစ်ခန့်အပ်ရန် ဆွေးနွေးမှုများ လုပ်ဆောင်နေခြင်းဖြစ်သည်။

မန်ယူအသင်းသည် နည်းပြဟောင်းအာမိုရင် လက်အောက်တွင် ရုန်းကန်ခဲ့ရသော်လည်း နည်းပြကာရစ် လက်အောက်တွင် အသင်း ရလဒ်ပိုင်းများအပြင် ကစားကွက်ပိုင်းပါ ကောင်းမွန်လာခဲ့ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့် ရရှိရန်လည်း နီးစပ်နေသည့်အတွက် အသင်းပူးတွဲပိုင်ရှင်ရက်ကလစ်နှင့် နည်းပြကာရစ်တို့ကြား အနာဂတ်နှင့်ပတ်သက်ပြီး ဆွေးနွေးမှုများ လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သိရသည်။

**Ref : One Football**

**Trs : STA**

# ဘာစီလိုနာအသင်းက ရက်ဖို့ဒ်ကို အငှားစာချုပ်ဖြင့် ဆက်လက်ခေါ်ယူရန် မန်ယူအသင်းနှင့်ဆွေးနွေးနေ

**ဘာစီလိုနာ မေ ၂၈**

ဘာစီလိုနာအသင်းက ပြီးခဲ့သည့်နှစ်ဘောလုံးရာသီက မန်ယူအသင်းမှ တစ်ရာသီအငှားစာချုပ်ဖြင့်ခေါ်ယူထားသည့် ရက်ဖို့ဒ်ကို နောက်ထပ်တစ်ရာသီ အငှားစာချုပ်ဖြင့် ဆက်လက်ခေါ်ယူနိုင်ရန် မန်ယူအသင်းနှင့် ဆွေးနွေးနေကြောင်း Goal.com သတင်းဝက်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အစောပိုင်းက ဘာစီလိုနာအသင်းအနေဖြင့် ရက်ဖို့ဒ်ကို မန်ယူအသင်းသို့ ပြန်လည်စေလွှတ်ရန် စီစဉ်ခဲ့သော်လည်း အသင်းနည်းပြဖလစ်က ၎င်း၏ နည်းစနစ်ပိုင်းတွင် ရက်ဖို့ဒ်သည် အဓိက ကစားသမားတစ်ဦးအဖြစ် ပါဝင်နေသောကြောင့် အသင်းတွင် နောက်ထပ်တစ်ရာသီ ဆက်လက်ထားရှိရန် အသင်းတာဝန်ရှိသူများကို တောင်းဆိုခဲ့ခြင်းဖြစ်သည်။

ရက်ဖို့ဒ်သည် ယခုနှစ်ဘောလုံးရာသီတွင် ဘာစီလိုနာအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၄၅ ပွဲ၌ သွင်းဂိုး ၁၃ ဂိုးနှင့် ဂိုးဖန်တီးမှု ၁၀ ကြိမ်ပြုလုပ်ထားသည်။



ဘာစီလိုနာ အသင်းသည် ရက်ဖို့ဒ်၏ ကနဦးအငှားစာချုပ်တွင်ပါဝင်သည့် အချက်အလက်များအရ အပြီးသတ်ပြောင်းရွှေ့ကြေး ယူရို သန်း ၃၀ ဖြင့်ခေါ်ယူနိုင်သည့်အခွင့်အရေးရှိသော်လည်း ဘဏ္ဍာရေး အခက်အခဲကြောင့် ခေါ်ယူနိုင်ခြင်း မရှိသဖြင့် နောက်ထပ်တစ်ရာသီ အငှားစာချုပ်ဖြင့် ဆက်လက်ခေါ်ယူနိုင်ရန် မန်ယူအသင်းတာဝန်ရှိသူများနှင့် ဆက်လက်ညှိနှိုင်းဆွေးနွေးခဲ့ပြီး အသင်းတွင် ဆက်လက်ထားရှိနိုင်ရန် ကြိုးပမ်းနေကြောင်း သိရသည်။

**Ref : Goal.com**

**Trs : ML**

# ပဲလေ့စ်အသင်း၊ ဘုန်းမောက်အသင်းတို့နှင့်ပွဲစဉ်များကိုရွှေ့ဆိုင်းပေးရန် မန်စီးတီးအသင်း၏တောင်းဆိုမှုကို အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ)ပယ်ချ



**မန်ချက်စတာ မေ ၂၈**

မန်စီးတီးအသင်းက ပဲလေ့စ်အသင်း၊ ဘုန်းမောက်အသင်းတို့နှင့်ကစားမည့် ပွဲစဉ်များကို ရွှေ့ဆိုင်းပေးရန် တောင်းဆိုခဲ့သော်လည်း အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်(အက်ဖ်အေ)က ပယ်ချခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

မန်စီးတီးအသင်းသည် အက်ဖ်အေဖလား ဗိုလ်လုပွဲစဉ်အဖြစ် လာမည့် မေ ၁၆ ရက်တွင် ချဲလ်ဆီးအသင်းနှင့် ကစားရမည်ဖြစ်ပြီး ချဲလ်ဆီးအသင်းနှင့် ပွဲစဉ်မတိုင်မီ မေ ၁၃ ရက်တွင် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃၁)ပွဲကျန်ပွဲစဉ်အဖြစ် ပဲလေ့စ်အသင်းနှင့်ကစားရမည်ဖြစ်သည်။

မန်စီးတီး အသင်းသည် ပဲလေ့စ်အသင်းနှင့် ကစားပြီးလျှင် ချဲလ်ဆီးအသင်းနှင့် ကစားမည့် အက်ဖ်အေဖလား ပြိုင်ပွဲအတွက် ကြိုတင်ပြင်ဆင်ချိန် နှစ်ရက်သာ ရရှိမည်ဖြစ်သည့်အတွက် ပြင်ဆင်ချိန် လုံလောက်စွာရရှိရန် ပဲလေ့စ်အသင်းနှင့် ကစားမည့်ပွဲစဉ်ကို ရက်ရွှေ့ဆိုင်း ကစားခွင့်ပေးရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။

အလားတူ မန်စီးတီးအသင်းသည် အက်ဖ်အေဖလားဗိုလ်လုပွဲစဉ် ကစားပြီးလျှင် မေ ၂၀ ရက်တွင် ဘုန်းမောက်အသင်းနှင့် ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၃၇)အဖြစ် ဆက်လက် ကစားရမည်ဖြစ်ပြီး ပွဲစဉ်များ ဆက်တိုက်ကစားရမည် ဖြစ်သည့်အတွက် ပဲလေ့စ်အသင်း၊ ဘုန်းမောက်အသင်းတို့နှင့်ကစားရမည့်ပွဲစဉ်များကို ရွှေ့ဆိုင်းပေးရန် တောင်းဆိုခဲ့ခြင်းဖြစ်သည်။

မန်စီးတီးအသင်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲ ချန်ပီယံဆုအတွက် အာဆင်နယ်အသင်းနှင့် အားပြိုင်နေရသဖြင့် ပွဲစဉ်များဆက်တိုက် ကစားရမည်ဆိုပါက ကစားသမားများ ပွဲပန်းသည့်ဒဏ်ခံရနိုင်သည့် အခြေအနေများကြောင့် အဆိုပါပွဲစဉ်နှစ်ပွဲကို ရွှေ့ဆိုင်းကျင်းပရန် တောင်းဆိုခဲ့သော်လည်း အက်ဖ်အေက မန်စီးတီးအသင်း၏ တောင်းဆိုမှုကို ပယ်ချခဲ့ပြီးနောက် ပွဲစဉ်များကို မူလသတ်မှတ်ထားသည့်အတိုင်း သာကျင်းပရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : STA

# အေစီမီလန်အသင်းက မိုဒရစ် ဒဏ်ရာကြောင့် ယခုနှစ်ဘောလုံးရာသီကုန်ထိ အနားယူရမည်

**ရောမ မေ ၂၈**

အေစီမီလန်အသင်းနှင့် ဂျူဗင်တပ်အသင်းတို့ ကစားခဲ့သည့် အီတလီစီးရီးအေ ပွဲစဉ်(၃၄)တွင် အေစီမီလန်အသင်းမှ ကွင်းလယ်ကစားသမား မိုဒရစ်သည် ပါးရိုးကျိုးဒဏ်ရာ ရရှိခဲ့ပြီးနောက် ယခုနှစ် ဘောလုံးရာသီကုန်ထိ အနားယူရမည်ဖြစ်ကြောင်း Be-insports.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

မိုဒရစ်သည် အေစီမီလန်အသင်းနှင့် ဂျူဗင်တပ်အသင်းတို့ ဂိုးမရှိသရေရလဒ်ထွက်ပေါ်ခဲ့သည့် ပွဲစဉ်တွင် ဂျူဗင်တပ်အသင်း ကွင်းလယ်ကစားသမား လိုကာတယ်လီနှင့် ဦးခေါင်းချင်းယှဉ်တိုက်မိခဲ့ရာ ပါးအရိုးကျိုးဒဏ်ရာ ရရှိခဲ့သောကြောင့် ပွဲချိန် ၈၀ မိနစ်တွင် လူစားလဲထွက်ခွာခဲ့ရသည်။

ထို့နောက် အေစီမီလန်အသင်း ဆေးအဖွဲ့က မိုဒရစ်၏ ဒဏ်ရာအခြေအနေများကို လိုအပ်သည့် စစ်ဆေးမှုများပြုလုပ်ခဲ့ပြီးနောက် ခွဲစိတ်မှုပြုလုပ်ခဲ့ရာ အောင်မြင်ခဲ့သော်လည်း ယခုနှစ်ဘောလုံးရာသီကုန်ထိ အသင်း၏ ပွဲစဉ်များကို ပါဝင်ကစားနိုင်မည် မဟုတ်ကြောင်း အတည်ပြုခဲ့သည်။

သို့သော် အေစီမီလန်အသင်း ဆေးအဖွဲ့က မိုဒရစ်၏ ဒဏ်ရာ အခြေအနေမှာ ရက်သတ္တ ခြောက်ပတ်ခန့်မှ ရှစ်ပတ်ခန့်သာ အနားယူရမည် ဖြစ်သည့်အတွက် လာမည့် ဇွန်လတွင် ခရိုအေးရှားအသင်းနှင့်အတူ ကစားရမည့် ကမ္ဘာ့ဖလားပြိုင်ပွဲကို ပါဝင်ကစားနိုင်မည်ဖြစ်သော်လည်း မျက်နှာဖုံး တပ်ဆင်ကစားရမည်ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Biensports.com

Trs : ML



# ဂျူဗင်တပ်အသင်းမှ ဗလာဟိုဗစ်ကို ဘာစီလိုနာအသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့က အလွတ်ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူရန် အပြိုင်ကြိုးပမ်း

**ဘာစီလိုနာ မေ ၂၈**

ဘာစီလိုနာ အသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းတို့က ယခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလတွင် ဂျူဗင်တပ်အသင်းမှ တိုက်စစ်မှူး ဗလာဟိုဗစ်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူရန် အပြိုင်ကြိုးပမ်းနေကြောင်း Transfer News သတင်း ဝက်ဘ်ဆိုက်က ယနေ့တွင်ဖော်ပြခဲ့သည်။

အသက် ၂၆ နှစ်ရှိ ဗလာဟိုဗစ်သည် ၂၀၂၂ ခုနှစ်က ဖီအိုရင်တီးနားအသင်းမှ ဂျူဗင်တပ်အသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်းနှင့် စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သည်။

ဂျူဗင်တပ်အသင်းက ဗလာဟိုဗစ်ကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် လက်မလွှတ်လိုသည့်အတွက် သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆိုရန် ကြိုးပမ်းခဲ့သော်လည်း ဗလာဟိုဗစ်ကိုယ်တိုင်က အသင်းမှ ထွက်ခွာလိုသဖြင့် စာချုပ်သစ် ကမ်းလှမ်းမှုကို ပယ်ချခဲ့ပြီး ရာသီအကုန်တွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းက ယခုနှစ်ဘောလုံးရာသီအကုန်တွင် အသင်း တိုက်စစ်ပိုင်းမှ လီဝမ်ဒေါ့စကီး အနေဖြင့် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ထွက်ခွာမည်ဖြစ်သည့်အတွက် ၎င်း၏နေရာတွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့်ခေါ်ယူနိုင်မည့် ဗလာဟိုဗစ်ကို ကြိုးပမ်းနေသကဲ့သို့ ဘိုင်ယန်မြူးနစ် အသင်းကလည်း အငှားစာချုပ်ဖြင့်ခေါ်ယူထားသည့် ဂျက်ဆင်ကို ချဲလ်ဆီးအသင်းထံ ပြန်လည် စေလွှတ်မည်ဖြစ်သည့်အတွက် ဗလာဟိုဗစ်ကိုခေါ်ယူရန် ကြိုးပမ်းနေခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Transfer News

Trs : STA

# မန်ယူအသင်းက ကိုဘီမိုင်နူးကို ၂၀၃၁ ခုနှစ်ထိ သက်တမ်းတိုးစာချုပ်ချုပ်ဆို

**မန်ချက်စတာ မေ ၂၈**

မန်ယူအသင်းက အသင်းမှ လူငယ် ကွင်းလယ်ကစားသမား ကိုဘီမိုင်နူးကို ၂၀၃၁ခုနှစ်ထိ သက်တမ်းတိုးစာချုပ်သစ် ချုပ်ဆိုခဲ့ကြောင်း ESPN သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ကိုဘီမိုင်နူးသည် မန်ယူအသင်း အကယ်ဒမီထွက် ကစားသမား တစ်ဦးဖြစ်ပြီး အစောပိုင်းနှစ်များက အသင်းတွင် အဓိက ကစားသမားအဖြစ် ပါဝင်ခဲ့သော်လည်း နည်းပြဟောင်းအာမိုရင် လက်အောက်တွင်ပွဲကစားခွင့်မရရှိသည့်အတွက် ယခုနှစ် ဇန်နဝါရီကစားသမား အပြောင်းအရွှေ့ကာလက အသင်းမှထွက်ခွာရန် နီးစပ်ခဲ့သူဖြစ်သည်။

သို့သော် နည်းပြအာမိုရင် မန်ယူအသင်းမှထွက်ခွာခဲ့ပြီးနောက် ကိုဘီမိုင်နူးက အသင်းတွင် ဆက်လက်ကစားရန်ဆုံးဖြတ်ခဲ့ပြီး နည်းပြ ကာရစ်လက်အောက်တွင် အဓိက ကစားသမားအဖြစ် ပြန်လည်ပါဝင်ခွင့်ရခဲ့ကာ အကောင်းဆုံးခြေစွမ်း ပြသနိုင်ခဲ့ပြီးနောက် မန်ယူအသင်းက ကာလရှည်သက်တမ်းတိုးစာချုပ်သစ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

ကိုဘီမိုင်နူးသည် နည်းပြကာရစ်လက်အောက်တွင် အဓိက ကစားသမားအဖြစ် ပွဲစဉ်တိုင်းပွဲထွက် ကစားသမားအနေဖြင့် ပါဝင်ခွင့်ရရှိနေပြီး ဝါရင့်ကွင်းလယ် ကစားသမား ကက်စ်မဲမီရိုးနှင့် အကောင်းဆုံးတွဲဖက်ခြေစွမ်းပြသထားကာ အသင်းနည်းပြ ကာရစ် လက်အောက်တွင် အသင်းကို ရလဒ်ကောင်းများ ဆက်တိုက်ရရှိအောင် အဓိက ကစားသမားအဖြစ် ပါဝင်လျက်ရှိနေသူဖြစ်ကြောင်း သိရသည်။

Ref : ESPN

Trs : STA

# အေစီမီလန်အသင်းက ဥရောပထိပ်တန်းအသင်းများခေါ်ယူရန် ကြိုးပမ်းနေသည့် ရာဖေးလီအိုအတွက် ပြောင်းရွှေ့ကြေးကို ယူရို သန်း ၅၀ သတ်မှတ်

**ရောမ မေ ၂၈**

အေစီမီလန်အသင်းက ယခုနှစ် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် ဥရောပ ထိပ်တန်းအသင်းများက ခေါ်ယူရန်ကြိုးပမ်းနေသည့် အသင်းမှ တိုက်စစ်ကစားသမားရာဖေးလီအိုအတွက် ပြောင်းရွှေ့ကြေးကို ယူရို သန်း ၅၀ သတ်မှတ်ခဲ့ကြောင်း Transfer News သတင်းဝက်ဘ်ဆိုက်က ယနေ့တွင်ဖော်ပြခဲ့သည်။

အသက် ၂၆ နှစ်ရှိ ရာဖေးလီအိုသည် ၂၀၁၉ ခုနှစ်က မြင်မားသည့်ပြောင်းရွှေ့ကြေးတစ်ရပ်ဖြစ်သည့် ယူရို သန်း ၇၀ ဖြင့် လိုင်လီအသင်းမှ အေစီမီလန်အသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်သည်။

ရာဖေးလီအိုသည် အေစီမီလန်အသင်းနှင့်အတူ ဘောလုံးရာသီတိုင်းတွင် အကောင်းဆုံးခြေစွမ်း ပြသထားကာ အဓိကကစားသမား တစ်ဦးအဖြစ်ပါဝင်ခဲ့ပြီး အသင်းနှင့်စာချုပ်သက်တမ်း တစ်နှစ်ကျန်ရှိနေသေးသော်လည်း ယခုနှစ် ဘောလုံးရာသီအကုန်တွင် အသင်းမှ ထွက်ခွာရန်ဆုံးဖြတ်ထားသူဖြစ်သည်။

ယခုနှစ် နွေရာသီကစားသမား အပြောင်းအရွှေ့ ကာလတွင် ရာဖေးလီအိုကို ဥရောပထိပ်တန်းအသင်းအများအပြား အပြိုင်ခေါ်ယူရန် ကြိုးပမ်းလာဖွယ်ရှိနေပြီး လက်ရှိတွင် မန်ယူအသင်းက အငှားစေလွှတ်ထားသည့် ရက်ဖို့ဒ်ကို အပြီးသတ်ရောင်းချပြီး ရာဖေးလီအိုကိုခေါ်ယူရန် ကြိုးပမ်းနေသည့်အပြင် လီဗာပူးအသင်း၊ ချဲလ်ဆီးအသင်းတို့ကလည်း အပြိုင်ကမ်းလှမ်းဖွယ်ရှိနေသည့်အတွက် အေစီမီလန်အသင်းက ပြောင်းရွှေ့ကြေးကို ယူရို သန်း ၅၀ သန်မှတ်ခဲ့ခြင်းဖြစ်သည်။

Ref : Transfer News

Trs : STA



# ဖျော်ဖြေရေးထက်ကျော်လွန်သော အင်တာနက်နှင့် အနာဂတ်အခွင့်အလမ်းများ

ယနေ့ခေတ်ကာလမှာ အင်တာနက်ဟာ စာရေးသူတို့ရဲ့ နေ့စဉ်လူနေမှုဘဝထဲကို အလုံးအရင်းနဲ့ဝင်ရောက်လာခဲ့ပါပြီ။ လူတော်တော်များများအတွက် အင်တာနက်ဆိုတာ အပန်းဖြေဖို့ သီချင်းနားထောင်တာ၊ ဆိုရှယ်မီဒီယာပေါ်မှာ ဓာတ်ပုံကြည့်တာနဲ့ဂိမ်းဆော့တာလောက်ပဲလို့ ထင်မှတ်တတ်ကြပါတယ်။ တကယ်တော့ ကျွန်တော်တို့ရဲ့ လက်တစ်ကမ်းအကွာမှာရှိတဲ့ ဒီဂျစ်တယ်ကမ္ဘာကြီးဟာ ဘဝကို တစ်ဆက်စာ မြှင့်တင်ပေးနိုင်မဲ့၊ ပညာရေးနဲ့အလုပ်အကိုင်အခွင့်အလမ်းတွေ ပြည့်နှက်နေတဲ့ "ရွှေအိုးကြီး" တစ်လုံးပဲ ဖြစ်ပါတယ်။ ဒီရွှေအိုးကြီးကို ဘယ်လိုဖွင့်ဖောက်ပြီး အကျိုးရှိရှိ အသုံးချမလဲဆိုတာကတော့ ကျွန်ုပ်တို့ရဲ့ရွေးချယ်မှုအပေါ်မှာပဲ မူတည်နေပါတယ်။

**အကန့်အသတ်မရှိတဲ့ အွန်လိုင်းစာသင်ခန်း**

ယခင်က ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်တွေမှာ ပညာသင်ဖို့ဆိုတာ အိမ်မက်တစ်ခုလို ခက်ခဲခဲ့ပေမဲ့ အခုအခါမှာတော့ MOOCs (Massive Open Online Courses) တွေဖြစ်တဲ့ Coursera, edX နဲ့ Khan Academy တို့ကနေတစ်ဆင့် Harvard ဒါမှမဟုတ် MIT လို တက္ကသိုလ်ကြီးတွေရဲ့ သင်ခန်းစာတွေကို အိမ်မှာတင်အခမဲ့ သို့မဟုတ် သက်သာတဲ့နှုန်းထားနဲ့သင်ယူနိုင်ပါပြီ။ ဒ့ါပြင် YouTube ပေါ်က CrashCourse နဲ့ TED-Ed လို Channel တွေဟာ ခက်ခဲတဲ့သဘောတရားတွေကို ရိုးရှင်းလွယ်ကူအောင်ရှင်းပြပေးနေသလို၊ Google Scholar ကဲ့သို့သော နေရာတွေမှာလဲ ခိုင်လုံတဲ့သုတေသနစာတမ်းနဲ့ e-Books ပေါင်းများစွာကို လေ့လာနိုင်ပါတယ်။

**ခေတ်မီကျွမ်းကျင်မှုအသစ်တွေနဲ့ မိမိကိုယ်ကို အဆင့်မြှင့်တင်မှု**

အလုပ်အကိုင်ဈေးကွက်မှာ မျက်နှာပွင့်ဖို့အတွက် ဒီဂျစ်တယ်ကျွမ်းကျင်မှုတွေဟာ မရှိမဖြစ်လိုအပ်လာပါတယ်။ Graphic Design, Video Editing နဲ့ Coding (Python, HTML) စတဲ့ အတတ်ပညာတွေကို freecodecamp နဲ့ Codecademy တို့မှာ စနစ်တကျ လေ့လာနိုင်ပါတယ်။ ဘာသာစကားပိုင်းမှာလဲ Duolingo နဲ့ Memrise လို App တွေက နိုင်ငံတကာနဲ့ ဆက်သွယ်နိုင်မဲ့ လမ်းစတွေဖွင့်ပေးမှာဖြစ်ပါတယ်။

**အွန်လိုင်းမှတစ်ဆင့် စီးပွားရှာခြင်းနဲ့ အသက်မွေးဝမ်းကျောင်း**

ကျွမ်းကျင်မှုတစ်ခုခု ရရှိထားပြီဆိုရင် အင်တာနက်ဟာ အလုပ်ရှင်ကြီးဖြစ်လာပါလိမ့်မယ်။ Upwork နဲ့ Fiverr ကဲ့သို့သော Platform တွေမှာ မိမိရဲ့ Writing, Design သို့မဟုတ် ဘာသာပြန် စွမ်းရည်တွေကို ဝန်ဆောင်မှုအဖြစ်ရောင်းချပြီး နိုင်ငံတကာဝင်ငွေရှာဖွေနိုင်ပါတယ်။ အလုပ်အကိုင်ရှာဖွေသူတွေအတွက်လဲ LinkedIn လို ကွန်ရက်တွေကတစ်ဆင့် အဝေးရောက် (Remote) အလုပ်အကိုင်အခွင့်အလမ်းတွေကို ထိထိရောက်ရောက် ချိတ်ဆက်ပေးနိုင်ပါတယ်။

**မှန်ကန်တဲ့ သတင်းအချက်အလက်နဲ့ လုံခြုံမှုရှိတဲ့ အသုံးပြုမှု**

အင်တာနက်ပေါ်မှာ သတင်းအချက်အလက်တွေ ပေါများလွန်းတဲ့အတွက် စနစ်တကျ ရွေးချယ်တတ်ဖို့လဲ လိုအပ်ပါတယ်။ Google News လို Tool တွေသုံးပြီး မိမိစိတ်ဝင်စားတဲ့ ခေါင်းစဉ်တွေကိုပဲ စုစည်းဖတ်ရှုသင့်သလို၊ သတင်းမှားတွေရဲ့ ရန်ကကာကွယ်ဖို့ Snopes ဒါမှမဟုတ် FactCheck.org တို့လို ဝက်ဘ်ဆိုက်တွေနဲ့ စစ်ဆေးတတ်တဲ့ အလေ့အကျင့်ရှိရပါမယ်။ တစ်ချိန်တည်းမှာပဲ ကိုယ်ရေးကိုယ်တာလုံခြုံရေးအတွက် စကားဝှက်တွေကို ခိုင်မာအောင်ထားခြင်းနဲ့ Digital Wellbeing




(အွန်လိုင်းသုံးချိန်ကန့်သတ်ခြင်း) တို့ကို ပြုလုပ်ပြီး နည်းပညာရဲ့ကျွန်မဖြစ်အောင် နေထိုင်တတ်ဖို့ လိုအပ်ပါတယ်။

ခြုံငုံပြောရရင် အင်တာနက်ဆိုတာ အချိန်ဖြုန်းစရာကိရိယာတစ်ခုမဟုတ်ပါဘူး။ ဒါဟာ သင့်ဘဝကို မြှင့်တင်ပေးမယ့် ကမ္ဘာ့အကြီးဆုံး စာကြည့်တိုက်ကြီးဖြစ်သလို၊ အလုပ်အကိုင်တွေ ဖန်တီးပေးမဲ့ နေရာတစ်ခုလဲဖြစ်ပါတယ်။ အင်တာနက်ကို စနစ်တကျနဲ့ထိထိရောက်ရောက် အသုံးချတတ်မယ်ဆိုရင် သင့်ရဲ့အနာဂတ်ဟာ ဒီဂျစ်တယ်ကမ္ဘာထဲမှာ အောင်မြင်စွာ တောက်ပလာမှာ အသေအချာပဲ ဖြစ်ပါတော့တယ်။

**ကျောင်းစာထက် ကျယ်ဝန်းတဲ့ အွန်လိုင်းပညာရေး**

ကျောင်းက သင်ခန်းစာတွေထဲမှာပဲ ပိတ်မိမနေပါနဲ့။ Coursera, edX နဲ့ Khan Academy တို့လို Platform တွေမှာ ကမ္ဘာ့ထိပ်တန်းတက္ကသိုလ်တွေက ပို့ချတဲ့သင်တန်းတွေကို အခမဲ့တက်ရောက်နိုင်ပါတယ်။ သိပ္ပံ၊ သင်္ချာ၊ သမိုင်းကအစ စီးပွားရေးပညာအဆုံး မိမိစိတ်ဝင်စားရာကို အွန်လိုင်းကနေ ကြိုတင်လေ့လာထားခြင်းက သင့်ကိုအခြားသူတွေထက် ခြေတစ်လှမ်းသာစေမှာပါ။ YouTube ပေါ်က CrashCourse နဲ့ TED-Ed တို့ဟာလဲ ရှုပ်ထွေးတဲ့ သင်ခန်းစာတွေကို မိနစ်ပိုင်းအတွင်း ရှင်းရှင်းလင်းလင်းနားလည်သွားအောင် ကူညီပေးနိုင်တဲ့ အဖော်မွန်တွေဖြစ်ပါတယ်။

**ဘွဲ့တစ်ခုတည်းနဲ့ မလုံလောက်တဲ့ခေတ်မှာ Skill တည်ဆောက်ပါ**

အနာဂတ် အလုပ်အကိုင်ဈေးကွက်မှာ ဘွဲ့လက်မှတ်ထက် ဘာလုပ်တတ်လဲဆိုတဲ့ ကျွမ်းကျင်မှုက ပိုအရေးကြီးလာပါတယ်။ ကျောင်းတက်ရင်းနဲ့တစ်ဖက်ကနေ Graphic Design, Video Editing, Coding သို့မဟုတ် Digital Marketing စတဲ့ အတတ်ပညာတွေကို အွန်လိုင်းကနေ လေ့လာထားသင့်ပါတယ်။ freecodecamp မှာ Coding သင်တာဒါမှမဟုတ် Canva နဲ့ Design ဆွဲတတ်အောင် လေ့ကျင့်တာမျိုးဟာ ကျောင်းပြီးတဲ့အခါ အလုပ်အကိုင်အခွင့်အလမ်းကောင်းတွေကို ဖန်တီးပေးပါလိမ့်မယ်။

**ဘာသာစကား-ကမ္ဘာကြီးကို ဆက်သွယ်မဲ့တံတား**

နိုင်ငံတကာပညာတော်သင်ဆုတွေ၊ အဆင့်မြင့်အလုပ်အကိုင်တွေအတွက် အင်္ဂလိပ်စာဟာ အခြေခံလိုအပ်ချက်ပါ။ Duolingo လို App တွေ၊ YouTube ပေါ်က အင်္ဂလိပ်စာသင်ခန်းစာတွေကို နေ့စဉ် ၁၅ မိနစ်လောက်အချိန်ပေးရုံနဲ့တင် သင့်ရဲ့ဘာသာစကားစွမ်းရည်ဟာ သိသိသာသာ တိုးတက်လာမှာပါ။ ဒါဟာသင့်အတွက် ကမ္ဘာ့အဆင့်မီ ဗဟုသုတတွေကို ဖတ်ရှုနိုင်ဖို့ တံခါးဖွင့်ပေးလိုက်တာပဲ ဖြစ်ပါတယ်။

**သတင်းအချက်အလက်ကို ဝေဖန်ပိုင်းခြားတတ်တဲ့ အလေ့အကျင့်**

ကျောင်းသားတစ်ယောက်အနေနဲ့ အင်တာနက်ပေါ်က အချက်အလက်တိုင်းကို ယုံကြည်ဖို့မသင့်ပါဘူး။ သုတေသနလုပ်တဲ့အခါ Google Scholar လို ခိုင်လုံတဲ့နေရာမျိုးမှာ ရှာဖွေတတ်ဖို့လိုသလို၊ သတင်းအမှားတွေကိုလည်း Snopes ဒါမှမဟုတ် FactCheck.org တို့နဲ့စစ်ဆေးတတ်ရပါမယ်။ ဒါမှသာ မှန်ကန်တဲ့အသိပညာကို ပိုင်ဆိုင်တဲ့ ခေတ်ပညာတတ်လူငယ်တစ်ယောက်ဖြစ်လာမှာပါ။

**ကိုယ်ပိုင် Brand တည်ဆောက်ခြင်းနဲ့ လုံခြုံမှု**

အင်တာနက်ကို အကျိုးရှိရှိ သုံးတတ်သူဟာ မိမိရဲ့စွမ်းဆောင်ရည်တွေကိုလဲ ထုတ်ပြတတ်ပါတယ်။ မိမိလေ့လာထားတာတွေကို Blog ရေးတာ၊ LinkedIn မှာ မိမိရဲ့ Project တွေကို တင်တာမျိုးက သင့်ကို နယ်ပယ်ထဲက လူတွေသတိထားမိလာစေပါတယ်။ တစ်ချိန်တည်းမှာပဲ အရေးကြီးတဲ့ကိုယ်ရေးကိုယ်တာအချက်အလက်တွေကို စနစ်တကျကာကွယ်ဖို့နဲ့ ဖုန်းကြည့်ချိန် (Screen Time) ကို ထိန်းချုပ်ဖို့လဲ အထူးသတိပြုရပါမယ်။

အင်တာနက်ဟာ "အဆိပ်" လဲ ဖြစ်နိုင်သလို "ဆေး" လဲ ဖြစ်နိုင်ပါတယ်။ အချိန်ဖြုန်းစရာလို့ မြင်ရင် အချိန်တွေကုန်သွားမှာဖြစ်လို့၊ တိုးတက်ရာ တိုးတက်ကြောင်း လမ်းစလို့မြင်ရင်တော့ ဘဝကို ပြောင်းလဲပေးမဲ့ လက်နက်တစ်ခုဖြစ်လာမှာပါ။ အင်တာနက်ဟာ ခေတ်သစ်ရဲ့ အံ့ဩဖွယ်ကောင်းတဲ့ အရာတစ်ခုဖြစ်ပြီး ၎င်းရဲ့တန်ဖိုးက ကျွန်ုပ်တို့ရဲ့ အသုံးပြုမှုစွမ်းရည်ပေါ် အပြည့်အဝ မူတည်နေပါတယ်။ ပညာရှာမှီးရန် အဆုံးမရှိသော စာကြည့်တိုက်ကြီးအဖြစ်လည်းကောင်း၊ ကမ္ဘာနဲ့ ချိတ်ဆက်ပေးတဲ့ တံတားကြီးအဖြစ်လည်းကောင်း၊ ကိုယ်ရည်ကိုယ်သွေးဖွံ့ဖြိုးရေးလေ့ကျင့်ခန်းအဖြစ်လည်းကောင်း အင်တာနက်ကို ရည်ရွယ်ချက်ရှိရှိ ရွေးချယ်အသုံးချနိုင်ပါက ကျွန်ုပ်တို့ရဲ့ ဘဝကို အမှန်တကယ် ပိုမိုကြွယ်ဝလှပစေမဲ့ မိတ်ဆွေကောင်းတစ်ဦးဖြစ်လာပါလိမ့်မယ်။

သို့ရာတွင် အင်တာနက်ကို ထိရောက်စွာ အသုံးချနိုင်ဖို့ ကျွန်ုပ်တို့အားလုံး မိမိကိုယ်ကိုစည်းကမ်းထိန်းချုပ်တာ၊ ဆုံးဖြတ်ချက်စွမ်းရည်နဲ့ သတင်းအချက်အလက်ဝေဖန်ပိုင်းခြားတတ်တဲ့ ဉာဏ်မျက်စိတွေလိုအပ်ပါတယ်။ အချိန်နဲ့ အာရုံကို ဘယ်နေရာမှာ ရင်းနှီးမြှုပ်နှံမလဲကို ရွေးချယ်ခြင်းဟာ ကျွန်ုပ်တို့ရဲ့ အနာဂတ်ကို ပုံဖော်တာပဲဖြစ်ပါတယ်။

အင်တာနက်ကို စွဲလမ်းစရာ ဖျော်ဖြေရေးအဖြစ်မဟုတ်ဘဲ၊ မိမိရဲ့ရည်မှန်းချက်ပန်းတိုင်ဆီသို့ ထက်မြက်စွာ ခရီးနှင်နိုင်မဲ့အရာတစ်ခုအဖြစ် ရှုမြင်တတ်ဖို့လိုပါတယ်။ အင်တာနက်က ကျွန်ုပ်တို့ကို ပိုမိုတက်ကြွတဲ့ ၊ သင်ယူတတ်မြောက်နိုင်တဲ့၊ ဆက်သွယ်မှုကောင်းမွန်တဲ့ နေ့ရက်တွေဆီကို ဦးတည်ပို့ဆောင်ပေးတာဖြစ်လို့ နည်းပညာနဲ့ လူသားတွေရဲ့ ဉာဏ်ပညာတွေ ပေါင်းစပ်မိတဲ့အခါမှာ ဘဝအရည်အသွေးကို မြှင့်တင်ဖို့ မည်မျှစွမ်းဆောင်နိုင်ကြောင်းကို သက်သေပြလိမ့်မယ်။ ဒါကြောင့် အင်တာနက်က စည်းစနစ်တကျစီမံခန့်ခွဲအသုံးပြုမည်ဆိုပါက ကျွန်ုပ်တို့ရဲ့ဘဝအတွက် မိတ်ဆွေကောင်းတစ်ဦးသဖွယ် ဖြစ်လာနိုင်ကြောင်း အကြံပြုရေးသားလိုက်ရပါတယ်။

**ကိုအောင်(ထုတ်လုပ်)**

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

# သုခမြိုင် ရုပ်သံဇာတ်လမ်းတွဲကို Channel K Myanmar YouTube Channel မှ ထုတ်လွှင့်ပြသမည်




**ရန်ကုန် မေ ၂၈**

သုခမြိုင် ရုပ်သံဇာတ်လမ်းတွဲကို Channel K Myanmar YouTube Channel မှ မေလပထမပတ်တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ သုခမြိုင် ရုပ်သံဇာတ်လမ်းတွဲကို ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ သားညီထံမှ သိရသည်။

အဆိုပါ သုခမြိုင် ရုပ်သံဇာတ်လမ်းတွဲသည် MSY ၏ ဇာတ်လမ်း၊ ဇာတ်ညွှန်းကို ဒါရိုက်တာ သားညီက ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီရုပ်သံ ဇာတ်လမ်းတွဲက ဖြစ်ရပ်ဆန်းကြယ်နဲ့ အချစ်အက်ရှင်ဒရာမာတွေကို ရောမွှေထားတဲ့ ဇာတ်လမ်းတွဲပါ။ ၂၀၂၄ ခုနှစ် မေလတုန်းက Channel K ရုပ်သံလိုင်းက ထုတ်လွှင့်ပေးပြီးပါပြီ။ အခုတစ်ခါကတော့ အွန်လိုင်းကနေ အလွယ်တကူ အချိန်နေရာမရွေး ကြည့်ရှုနိုင်ဖို့ Channel K Myanmar YouTube Channel ကနေ ဒုတိယအကြိမ် ထုတ်လွှင့်ပေးမှာဖြစ်ပါတယ်"ဟု ဒါရိုက်တာ သားညီက ပြောပြသည်။

အဆိုပါ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် တင်မောင်ဆန်းမင်းဝင်း၊ ဦးဘဂျမ်း၊ ဝေရှိုင်း၊ ခင်ဇာခြည်ကျော်၊ အမ်မလီဘို၊ ခြူးစစ်ဟန်၊ ဂွမ်းပုံကြီး၊ ကလေးသရုပ်ဆောင် မိကြယ်စင်ကျော်ကျော်နှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# The Uprising သမိုင်းနောက်ခံဇာတ်ကားကို ယခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် ရုံတင်ရန်စီစဉ်ထား

**နယူးယောက် မေ ၂၈**

The Uprising အမည်ရှိ သမိုင်းနောက်ခံ ရုပ်ရှင်ဇာတ်ကားကို ယခုနှစ် စက်တင်ဘာ ၁၁ ရက်တွင် ပြည်တွင်းရုပ်ရှင်ဈေးကွက်၌ စတင်ရုံတင်ပြသရန် Focus Features ရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း မေ ၂၇ ရက် သတင်းများအရ သိရသည်။

The Uprising ဇာတ်ကားသည် အင်္ဂလန်ဘုရင် ရစ်ချက်-၂ ခေတ် ပုန်ကန်မှု တစ်ရပ်အကြောင်းကို ဇာတ်အိမ်ဖွဲ့ ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။


၎င်းဇာတ်ကားတွင် မင်းသား အင်ဒရူးဂါဖီး၊ ဂျေမီဘဲ၊ တွမ်ဟော်လန်ဒါ၊ မင်းသမီး ကတ်သရင်းဝေါတာစတန်တို့ ပါဝင်ထားကြောင်း သိရသည်။

The Uprising ဇာတ်ကားကို ဒါရိုက်တာ ပေါလ်ရင်းဂရက်က တာဝန်ယူရိုက်ကူးထားပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ကိုယ်တိုင်ရေးသားပေးထားကြောင်း၊ ဒါရိုက်တာ ပေါလ်ရင်းဂရက်သည် The Lost Bus နှင့် News of the World ဇာတ်ကားများကို ရိုက်ကူးပေးခဲ့သည့် ဒါရိုက်တာဖြစ်ကြောင်း သိရသည်။

The Uprising ဇာတ်ကားအတွက် ထုတ်လုပ်သူအဖြစ် ကမ္ဘာကျော် ထုတ်လုပ်သူဂျေဆင်ဘလမ်းက တာဝန်ယူထားကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# ဂရေဟမ်နှင့် သူ၏ရွှေရောင်သံစဉ်များ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို သာကေတမြို့နယ်ရှိ Kan Tet Music Bar တွင် ပြုလုပ်မည်ဖြစ်

**ရန်ကုန် မေ ၂၈**

တေးသံရှင် ဂရေဟမ်၏ ဂရေဟမ်နှင့် သူ၏ရွှေရောင်သံစဉ်များ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်ရှိ Kan Tet Music Bar ၌ မေ ၁ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း တေးသံရှင် ဂရေဟမ်ထံမှ သိရသည်။

အဆိုပါ တေးသံရှင် ဂရေဟမ်၏ ဂရေဟမ်နှင့် သူ၏ရွှေရောင်သံစဉ်များ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် ဂရေဟမ်နှင့်အတူ Kan Tet Music Bar ၏ ပင်တိုင်တေးဂီတအဖွဲ့က အကောင်းဆုံး ပါဝင်ပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"လာမဲ့ မေ ၁ ရက်မှာတော့ Kan Tet Music Bar မှာ တကယ့်ကို ထူးခြားတဲ့ ညလေးတစ်ညရှိနေမှာပါ။ ရင်ထဲငြိတွယ်နေစေမဲ့




ရွှေရောင်သံစဉ်တွေနဲ့အတူ အထူးဖျော်ဖြေပေးသွားမှာပါ။ ရန်ကုန်မြစ်ဘေးက Sunset View လေးကိုငေးရင်း၊ အတိတ်က အမှတ်တရတွေကို ရွှေရောင်သံစဉ်တွေနဲ့အတူ စီးမျှောရင်းပြန်လည်အသက်သွင်းဖို့ ဖိတ်ခေါ်လိုက်ပါတယ်" ဟု တေးသံရှင် ဂရေဟမ်က ပြောပြသည်။

တေးသံရှင် ဂရေဟမ်၏ ဂရေဟမ်နှင့် သူ၏ရွှေရောင်သံစဉ်များ တစ်ကိုယ်တော်တေးဂီတဖျော်ဖြေပွဲတွင် Kan Tet Music Bar မှ ပင်တိုင်အဆိုရှင်များနှင့် ပင်တိုင် ဒီဂျေများကလည်း အားဖြည့်ကာ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Green Bank သိပ္ပံဇာတ်ကား၌ သရုပ်ဆောင်လေးဦး ထပ်မံပါဝင်လာ

**နယူးယောက် မေ ၂၈**

Green Bank အမည်ရှိ ထိတ်လန့်သည်းဖို သိပ္ပံဇာတ်ကား၌ မင်းသား ကူမေးနန်ဂျီရာနီ၊ ဂျင်ဘာလူရှီ၊ တေလာဂျွန်စမစ်နှင့် မင်းသမီး ဘရင်တနီအိုဂရက်ဒီတိုတို့ ထပ်မံပါဝင်လာကြောင်း မေ ၂၇ ရက် သတင်းများအရသိရသည်။

အဆိုပါ သရုပ်ဆောင်များသည် Green Bank ဇာတ်ကား၌ မင်းသမီး တီရာနာမက်စလာနီနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်သည်။

Green Bank ဇာတ်ကားသည် သိပ္ပံပညာသုတေသနလုပ်ငန်းများကြောင့် ရေဒီယိုနှင့် အီလက်ထရွန်နစ် ဆက်သွယ်ရေးစနစ်များ ဖြတ်တောက်ခံခဲ့ရသည့် အနောက်ဗာဂျီးနီးယားပြည်နယ် ဂရင်းဘတ်မြို့အကြောင်း ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် သိပ္ပံဇာတ်ကားဖြစ်သည်။

Green Bank ဇာတ်ကားကို Heart Eyes ဒါရိုက်တာဂျို့ရှ်ဘင်က တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း၊ ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ အေရွန်ဟိုးဝစ်က ရေးသားပေးထားသည်။

အဆိုပါဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းများကို ပြီးခဲ့သည့်သီတင်းပတ်အတွင်းက စတင်နေပြီဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**



## ၂၀၁၈ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ဖြင့် တင်သွင်းရောက်ရှိပြီးနောက် မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ရန်ကျန်ရှိသော မော်တော်ယာဉ်များအနေဖြင့် မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အများပြည်သူသို့ အသိပေးကြေညာ

မြန်မာနိုင်ငံအတွင်းသို့ ကုန်သွယ်ရေးဦးစီးဌာန၏ တင်သွင်းခွင့်ပြုချက်နှင့် အကောက်ခွန်ဦးစီးဌာနတို့တွင် အခွန်များပေးဆောင်၍ တင်သွင်းရောက်ရှိပြီးသော မော်တော်ယာဉ်များသည် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ကနဦးမှတ်ပုံတင်ဆောင်ရွက်ရမည်ဖြစ်သော်လည်း မှတ်ပုံတင်ဆောင်ရွက်ခြင်းမရှိဘဲ နံပါတ်ပြားအတုများ၊ အလှဆင်နံပါတ်ပြားများတပ်ဆင်၍ အသုံးပြုနေသည်ကို တွေ့ရှိရပါသည်။ ထို့ပြင် လုပ်ငန်းသုံးယာဉ်များနှင့်စက်ယန္တရားယာဉ်များသည်လည်း မှတ်ပုံတင်လုပ်ငန်းဆက်လက်ဆောင်ရွက်ခြင်းမပြုဘဲစီမံကိန်းများ၊ လုပ်ငန်းစီမံကိန်းများတွင် တရားမဝင်အသုံးပြုနေသည်ကို တွေ့ရှိရပါသည်။ အဆိုပါ မော်တော်ယာဉ်များသည် တည်ဆဲ ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ နှင့်အညီ ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို မဖြစ်မနေဆောင်ရွက်ရမည်ဖြစ်ပါသောကြောင့် ကုန်သွယ်ရေးဦးစီးဌာနက ၂၀၁၈ ခုနှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသော ယာဉ်များသည် ၃၀-၄-၂၀၂၆ ရက် နောက်ဆုံးထား၍လည်းကောင်း၊ ၂၀၁၉ ခုနှစ်အတွင်း တင်သွင်းခွင့်လိုင်စင် ထုတ်ပေးထား သောယာဉ်များသည် ၃၁-၅-၂၀၂၆ ရက် နောက်ဆုံးထား၍လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်အတွင်း တင်သွင်းခွင့်လိုင်စင်ထုတ်ပေးထားသောယာဉ်များသည် ၃၀-၆-၂၀၂၆ ရက် နောက်ဆုံးထား၍လည်းကောင်း ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများ ပြီးပြတ်အောင်ဆောင်ရွက်ကြရန်၊ သတ်မှတ်ကာလကျော်လွန်ပါက ကနဦးမှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးမည်မဟုတ်ကြောင်းနှင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများ အချိန်မီဆောင်ရွက်ခြင်းမပြုပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

# Tamu District sees completion of harvesting groundnut plantations



The harvest of groundnut in progress in a field.

**Tamu April 28**

Tamu District Agriculture Department stated that local farmers have carried out 100 per cent harvest of groundnut in Tamu District of Sagaing Region.

During the winter cropping season in Tamu District, a total of 3,244 acres of groundnut were cultivated. Harvesting of these groundnut fields began in January this year, and as of today, all 3,244 acres have been fully harvested—554 acres in Myothit Township, 1,013 acres in Tamu Township, and 1,677 acres in Khampak—yielding an average of 62.64 baskets per acre.

"During the winter cropping season in Tamu District, only 3,244 acres of groundnut were cultivated. At present, all of the cultivated groundnut fields have been completely harvested. Groundnut cultivation has been successful and is showing good progress. As an oil crop, it is in a successful condition, and groundnut cultivation has been increasing year by year," said U Hla Myint, District Manager of the Tamu District Department of Agriculture.

In Tamu District, groundnut cultivation requires about one and a half baskets of seed per acre, and the total cost—including seeds, labor, fertilizers, and pesticides—amounts to over K200,000 per acre. It is reported that more than 50 baskets can be produced per acre.

To ensure successful crop production, prevent pest and disease outbreaks, and maintain weed-free fields, staff from the Township Department of Agriculture conducted field inspections, monitoring, and record-keeping activities in the groundnut fields.

206

# Farmers grow sesame exceeding the target cultivation in Pwintbyu Township

**Pwintbyu April 28**

Pwintbyu Township Department of Agriculture stated that local farmers planted summer sesame exceeding the target cultivation in Pwintbyu Township of Magway Region this year.

In Pwintbyu Township, a total of 33,737 acres of sesame were targeted for cultivation during this year's summer cropping season. Planting began in March, and as of today, 45,216 acres have already been cultivated—exceeding the original target, according to reports.

"This year, in the summer cropping season, Pwintbyu Township set a target of cultivating 33,737 acres of sesame. As of today, 45,216 acres have been planted, surpassing the target. Efforts are being made to expand the cultivated acreage year by year, improve yields, and ensure cultivation in line with GAP (Good Agricultural Practices) methods," said Daw Moe Moe Wai, Head of the Agriculture Department in Pwintbyu Township.

During this summer season, the Township Agriculture Department has been providing awareness and technical assistance to local sesame farmers to help them expand cultivation areas, adopt GAP methods, use high-quality seeds, and grow high-yield varieties.

If sesame can be cultivated with improved yields, it will not only ensure sufficient local edible oil supply but also allow surplus production to be sold, generating income and contributing to socio-economic development. Therefore, efforts should be made to further expand sesame cultivation, Daw Moe Moe Wai added.

Ye Win Naing (NyaungU)

# Mingin Township harvests 100% completion of green gram

**Mingin April 28**

According to the township agricultural data, local farmers have harvested all plantations of green gram in Mingin Township of Sagaing Region.

In Mingin Township, a total of 5,639 acres of green gram were cultivated during the winter cropping season. Harvesting of the cultivated green gram fields began in January this year, and as of today, 100 per cent of the acreage has been harvested, with an average yield of 14.87 baskets per acre, according to reports.

"During the winter cropping season in Mingin Township, 5,639 acres of green gram were cultivated. At present, all of the cultivated acreage has been fully harvested. Green gram cultivation has been increasing year by year. In relation to green gram cultivation, we have been providing education to expand cultivation areas and to use high-quality seeds in order to achieve better yields," said Daw Hayman Kyaw Win, Head of the Agriculture Department in Mingin Township.

In Mingin Township, the Township Agriculture Department has been providing awareness and technical assistance to green gram farmers to ensure access to suitable high-quality seeds for the region, correct cultivation methods, pest control, systematic use of fertilizers, and improved yields.

During this year's winter cropping season, in cultivating various pulses, necessary support such as quality seeds, agricultural inputs, and post-harvest technologies has been provided in cooperation with farmers to improve both yield and quality.

206

## Press Release

His Excellency Mr. Taye Atske-Selassie, President of the Federal Democratic Republic of Ethiopia sent a congratulatory message to U Min Aung Hlaing, on the occasion of his election as President of the Republic of the Union of Myanmar.

Nay Pyi Taw

Dated: 28 April 2026

# White House Correspondents' Association Dinner shooting suspect charged with attempted assassination

**Washington April 28**

Cole Tomas Allen, the suspect in the shooting Saturday night at the White House Correspondents' Association Dinner, was charged on Monday with attempting to assassinate U.S. President Donald Trump.

On Monday, Allen made his first court appearance at the U.S. District Court for the District of Columbia since the shooting.

He was charged with three criminal counts, namely, attempting to assassinate the president, interstate transportation of weapons, and discharge of a firearm during a violent crime.

The prosecutor said Allen had a 12-gauge pump-action shotgun and a .38 caliber pistol, and was also carrying with him three knives and other dangerous paraphernalia when he was arrested, CNBC reported.

According to law enforcement authorities, Allen, 31, traveled from California to Washington, D.C. by train and checked into the Washington Hilton hotel with weapons before the attack.

Allen reportedly sent an email to his relatives shortly before the shooting, in which he wrote that Trump administration officials were "targets, prioritized from highest-ranking to lowest."

He also wrote: "I walk in with multiple weapons and not a single person there considers the possibility that I could be a threat."

Live footage of the event showed that the suspect attempted to rush a security checkpoint and exchanged gunfire with law enforcement. A U.S. Secret Service officer was injured amid the shooting incident.

Xinhua

# Death toll rises to 15 in Indonesia train accident

**Jakarta April 28**

The death toll from Monday night's collision between two trains in Bekasi, West Java, Indonesia, has risen to 15, with dozens of others injured, police said Tuesday.

Greater Jakarta police spokesman Budi Hermanto said seven families had reported missing relatives at a Jakarta police hospital, urging others to come forward to speed up identification.

Indonesian President Prabowo Subianto visited the victims at a hospital in Bekasi on Tuesday morning, saying that he extended condolences on behalf of the government and himself, and promising a quick investigation into the tragic event.

A commuter train on the Jakarta-Bekasi route collided with a long-distance train operating on the Jakarta-Surabaya route at around 8:50 p.m. local time on Monday.

An investigation into the cause of the incident is being conducted by the rail operator and the National Transportation Safety Committee. Xinhua

# More than 4,000 acres of summer sesame reaped in Sagaing District



A summer sesame plantation.

**Sagaing April 28**

Statistics of Sagaing District Agriculture Department stated that a total of 4,472 acres of summer sesame has been harvested in Sagaing District of Sagaing Region this summer.

During the current summer cropping season, Sagaing District has targeted the cultivation of 4,455 acres of summer sesame. Planting began in March this year, and as of today, a total of 4,472 acres have been completed—201 acres in Sagaing Township, 145 acres in Myinmu Township, and 4,126 acres in Myaung Township.

"This year, during the summer cropping season, Sagaing District set a target of cultivating 4,455 acres of summer sesame. As of today, 4,472 acres have already been planted. Efforts are also being made to expand sesame cultivation, improve yields, and promote cultivation using Good Agricultural Practices (GAP)," said Daw Myat Moe Win, Head of the Department of Agriculture in Sagaing District.

For the 2025-2026 summer cropping season, the district's target allocations by township are 198 acres in Sagaing Township, 145 acres in Myinmu Township, and 4,112 acres in Myaung Township, totaling 4,455 acres.

This year, the respective Township Departments of Agriculture in Sagaing District have been providing awareness and extension services to farmers cultivating summer sesame. These include promoting expanded cultivation, improved farming techniques, adoption of GAP methods, use of quality seeds, and cultivation of high-yield varieties.

Crops produced under GAP systems are known to have better quality than those grown using other methods, fetch higher prices, and meet standards suitable not only for domestic markets but also for export. As a result, farmers who adopt GAP practices can gain greater economic benefits and improve their socioeconomic lives.

206

# Kalay District finishes 100% harvest of lablab bean plantations

**Kalay April 28**

Local farmers have reaped all plantations of lablab bean in Kalay District of Sagaing Region, according to the district Agriculture Department.

They planted 7,059 acres of lablab beans as cold season crops in Kalay District. They started harvest of crops in January this year. So far, farmers have harvested 351 acres of lablab beans in Kalay Township, 541 acres in Kalewa Township and 6,167 acres in Mingin Township, totalling 7,059 acres, yielding 18 baskets per acre.

During the winter cropping season in Kalay District, only 7,059 acres of lablab bean were cultivated. At present, all of the cultivated bean fields have been completely harvested.

"To ensure good yield and quality of the bean crop, we worked in cooperation with farmers to provide necessary high-quality seeds, agricultural inputs, and post-harvest technologies," said U Aung, Head of the Kalay District Department of Agriculture.

In Kalay District, it is reported that the Township Department of Agriculture has been carrying out awareness and extension activities to help farmers expand the cultivated acreage of lablab beans, improve yields, adopt Good Agricultural Practices (GAP), and use high-quality and high-yield seed varieties.

Crops grown using GAP methods are known to have better quality compared to those cultivated using other methods, fetch higher prices, and meet standards that allow not only domestic marketing but also export to international markets. As a result, farmers who adopt these practices are likely to gain greater economic benefits.

206

# All sunflower plantations harvested in Htigyaing Township

**Htigyaing April 28**

All plantations of sunflower have been harvested in Htigyaing Township of Sagaing Region, accoridng to the statistics of the township Agriculture Department.

During the winter cropping season in Htigyaing Township, a total of 15,340 acres of sunflower were cultivated. Harvesting of these sunflower fields began in January this year and has now been completed in full, with an average yield of over 30 baskets per acre.

"In Htigyaing Township, only 15,340 acres of sunflower were planted during the winter cropping season. At present, all of the cultivated sunflower fields have been completely harvested. To reduce reliance on imported palm oil, we have been promoting the expansion of sunflower cultivation as an oil crop. Sunflower yields more oil per acre compared to other oil crops such as groundnut and sesame. Sunflower is cultivated only during the winter season," said U Ko Ko Aung, Head of the Htigyaing Township Department of Agriculture.

To expand sunflower cultivation in Htigyaing Township, the Township Department of Agriculture has been intensifying training and awareness programs, as well as capacity-building activities for both staff and farmers.

In addition, arrangements have been made to support sunflower farmers by supplying seeds, selling urea fertilizer at affordable prices, and distributing produced seeds through farmer-to-farmer exchange systems.

206

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Mingin Township plants more than 3,000 acres of summer paddy this year

**Mingin April 28**

According to the township Agriculture Department, local farmers planted 3,575 acres of summer paddy in Mingin Township of Sagaing Region this year.

During the 2025-2026 summer cropping season in Mingin Township, a total of 3,563 acres of summer paddy were targeted for cultivation. Planting began in January this year, and as of today, 3,575 acres have already been planted.

"We set a target of 3,563 acres of summer paddy cultivation for this year's summer season in Mingin Township. As of today, 3,575 acres have been successfully planted. Efforts are being made to fully meet and sustain the target acreage. Farmers growing summer paddy are being provided with agricultural technical guidance, pest prevention awareness, measures to avoid crop losses, and instructions to ensure harvested paddy is transported under shelter in a timely manner," said Daw Hayman Kyaw Win, Head of the Mingin Township Department of Agriculture.

In Mingin Township, support is being provided to summer paddy farmers to improve per-acre yields and achieve target outputs. These include distribution of high-quality seed varieties, dissemination of technical pamphlets, organization of farmer training courses and awareness talks, and ensuring timely access to necessary agricultural inputs.

Farmers are also being urged to make advance preparations—such as following Department of Agriculture guidelines on pest and disease prevention, carrying out soil nutrient management, and collecting quality seeds in advance—in coordination with the Department of Agriculture, so that summer paddy and other crops can be planted on time after the harvest of monsoon paddy and other seasonal crops.

206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ThinKom ကုမ္ပဏီ၏ ထရပ်ကားတင်မိုက်ခရိုဝေ့ဖ်စနစ်ကို အမေရိကန်ကြည်းတပ်စစ်ရေးစမ်းသပ်မှု၌ ထရပ်ကားတစ်စီးပေါ်တွင်တပ်ဆင်ပြသခဲ့




အမေရိကန်ကြည်းတပ်၏ မကြာသေးမီကပြုလုပ်ခဲ့သော စစ်ဆင်ရေးစမ်းသပ်မှုတစ်ခု(CDF CFWE)တွင် ကယ်လီဖိုးနီးယားအခြေစိုက် Thinkom ကုမ္ပဏီ၏ ရွေ့လျားအဆင့်မြင့် မိုက်ခရိုဝေ့ဖ်စနစ် (High Power Micro wave – HPM) ကို ပစ်ကပ်ထရပ်ကားတစ်စီးပေါ်တွင် တပ်ဆင်ပြသခဲ့ကြောင်း Defence Blog သတင်းဌာနက ဧပြီ ၂၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းစနစ်သည် Echodyne ကုမ္ပဏီ၏ EchoShield ရေဒါနှင့် ချိတ်ဆက်ကာ ကျည်ဆန်တစ်တောင့်မျှ ပစ်ခတ်ရန်မလိုဘဲ ဒရုန်းများ၏အီလက်ထရွန်နစ်စနစ်များကို လောင်ကျွမ်းပျက်စီးစေခဲ့ကြောင်းသိရသည်။

၎င်းသည် ဒရုန်းဖျက်ဆီးရေး (Counter-UAS)၊ ပေါင်းစပ်လေကြောင်းနှင့် ဒုံးကျည်ကာကွယ်ရေး(IAMD) လုပ်ငန်းများအတွက် ရည်ရွယ်ထုတ်လုပ်ခြင်းဖြစ်သည်။ ကုမ္ပဏီအနေဖြင့် ဂြိုဟ်တုဆက်သွယ်ရေးအတွက် Phased Array အင်တင်နာစနစ်များကို ဆယ်စုနှစ်နှစ်ခုကျော်တည်ဆောက်ခဲ့ပြီး ၎င်းတို့ကိုယ်ပိုင်နည်းပညာဖြစ်သော VICTS ဒီဇိုင်းသည် မိုက်ခရိုဝေ့ဖ် လက်နက်များအတွက် လိုအပ်သည့်အလွန်မြင့်မားသော စွမ်းအင်ပမာဏ (Gigawatt အဆင့်ထိ)ကို ထိန်းချုပ်ကိုင်တွယ်ရန် အထူးသင့်လျော်ကြောင်း သက်သေပြနိုင်ခဲ့သည်။

အဆိုပါစမ်းသပ်မှုမှ ထွက်ပေါ်လာသော ဓာတ်ပုံများအရ VICTS အခြေခံ HPM စနစ်ကို စစ်စိမ်းရောင် (Olive Drab) သုတ်ထားပြီး သာမန်ပစ်ကပ်ထရပ်ကားတစ်စီး၏နောက်ခန်းတွင် တပ်ဆင်ထားသည်ကိုတွေ့ရသည်။ ထူးခြားချက်မှာ အဆိုပါစနစ်အတွက် သီးသန့်နောက်တွဲယာဉ်(Trailer)များ၊ ကွန်တိန်နာအရွယ်အစားရှိသောမီးစက်ကြီးများ သို့မဟုတ် သီးသန့်ဒီဇိုင်းထုတ်ထားသော ယာဉ်ယန္တရားများ မလိုအပ်ခြင်းပင်ဖြစ်သည်။

သာမန်ထရပ်ကားတစ်စီးပေါ်တွင် တင်ဆောင်ကာ လိုအပ်သလိုလျင်မြန်စွာ ရွေ့လျားနိုင်စွမ်းရှိခြင်းသည် ThinKom ကုမ္ပဏီထုတ် HPM နည်းပညာသည် ယခင်ကထွက်ပေါ်ခဲ့သော စနစ်ဟောင်းများနှင့် ဘာကြောင့်ကွာခြားသလဲဆိုသည်ကို အခိုင်အမာသက်သေပြလိုက်သည့် အဓိကအချက်ပင်ဖြစ်သည်။

အဆိုပါစနစ်သည် ၃၆၀ ဒီဂရီ ပတ်လည် လွှမ်းခြုံနိုင်ရုံသာမက ယာဉ်မောင်းနှင်နေစဉ်အတွင်းမှာပင် ရန်သူ့ဒရုန်းများကို ခြေရာခံဖျက်ဆီးနိုင်ခြင်းမှာ အဓိကအားသာချက်ဖြစ်သည်။ နေရာအသေတပ်ဆင်ထားသောစနစ်များသည် အခြေစိုက်စခန်းများကိုသာ ကာကွယ်နိုင်သော်လည်း ဤရွေ့လျားစနစ်သည် စစ်ကြောင်းများ (Convoys) နှင့် လှုပ်ရှားစစ်ဆင်နေသောတပ်ဖွဲ့များကိုပါ အကာအကွယ်ပေးနိုင်သည်။ EchoShield ရေဒါမှပေးပို့သော တိကျသည့်အချက်အလက်များကြောင့် ယာဉ်ကိုရပ်တန့်ရန်မလိုဘဲ ရန်သူ့ဒရုန်းများကို အလိုအလျောက်ရှာဖွေခြေရာခံကာဖျက်ဆီးနိုင်သဖြင့် သာမန်ပစ်ကပ်ထရပ်ကားတစ်စီးကို ရွေ့လျားစွမ်းအင်သုံး ဒရုန်းဖျက်လက်နက်တစ်ခုအဖြစ် ထိရောက်စွာပြောင်းလဲပေးလိုက်ခြင်းဖြစ်ကြောင်းသိရသည်။

**ThinKom's truck-mounted microwave gun fries drones at U.S. Army test ကို ဘာသာပြန်ဆိုထားပါသည်။**

---

## မလေးရှားနိုင်ငံ၏ ကာကွယ်ရေးဆက်သွယ်ရေးကဏ္ဍတွင် Thales ကုမ္ပဏီက နည်းပညာမြှင့်တင်ရေးစီမံကိန်းများ တိုးမြှင့်လုပ်ဆောင်

ပြင်သစ်အခြေစိုက် ကာကွယ်ရေးနည်းပညာကုမ္ပဏီကြီးဖြစ်သော Thales သည် မလေးရှားနိုင်ငံ တပ်မတော်ခေတ်မီစေရေးစီမံကိန်းများ၏ တစ်စိတ်တစ်ပိုင်းအဖြစ် စက်မှုထုတ်လုပ်ရေးနှင့် ထောက်ပံ့ရေးကဏ္ဍများတွင် ၎င်း၏အခန်းကဏ္ဍကို တိုးမြှင့်လုပ်ဆောင်လျက်ရှိကြောင်း The Defense Post သတင်းဌာနက ဧပြီ ၂၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယခုစီမံကိန်း၏အဓိကကျသော လုပ်ဆောင်ချက်မှာ မလေးရှားနိုင်ငံ တောင်ပိုင်း ဂျိုဟိုးပြည်နယ်ရှိ ဆီဂါမတ်မြို့၌ စစ်သုံးရေဒီယိုဆက်သွယ်ရေးစနစ်များ ပြည်တွင်း၌ပင် တပ်ဆင်ထုတ်လုပ်နိုင်မည့် ထုတ်လုပ်ရေးစက်ရုံ (Local Assembly Line) တစ်ခုတည်ထောင်ခြင်းဖြစ်သည်။ ၎င်းစက်ရုံမှ တပ်မတော်သုံးအဆင့်မြင့် SYNAPS အမျိုးအစားရေဒီယိုဆက်သွယ်ရေးစနစ်များကို ထုတ်လုပ်သွားမည်ဖြစ်သည်။ အဆိုပါစနစ်များသည် အလွန်မြင့်မားသော လှိုင်းနှုန်းစဉ်များဖြစ်သည့် VHF (Very High Frequency) နှင့် UHF (Ultra-High Frequency) တို့ကိုအသုံးပြု၍ လုံခြုံစိတ်ချရသောဆက်သွယ်ရေးကွန်ရက်ကိုဖန်တီးပေးနိုင်လိမ့်မည်ဖြစ်သည်။

ရှေ့လာမည့်ခြောက်နှစ်တာကာလအတွင်း ဆက်သွယ်ရေးစက်ပေါင်း ၁၀၀၀ ကျော် ထုတ်လုပ်ရန်ရည်မှန်းထားပြီး ၎င်းသည် ပြည်ပမှတင်သွင်းရမှုအပေါ် မှီခိုနေရခြင်းကိုလျှော့ချကာ ပြည်တွင်းထုတ်လုပ်မှုစွမ်းအားမြှင့်တင်ရန်ဟူသော မလေးရှားနိုင်ငံ၏မူဝါဒကို အားပေးကူညီရာရောက်သည်။ ထို့အပြင် မလေးရှားကြည်းတပ်၏ ယာဉ်တင်အမြောက်စနစ်စီမံကိန်း (Self-Propelled Howitzer program) အတွက်လည်း ဆက်သွယ်ရေးစက် ၁၀၀ ကျော်ကို လွှဲပြောင်းပေးအပ်သွားမည်ဖြစ်သည်။

၎င်းဆက်သွယ်ရေးစက်များတွင် တာတိုနှင့် တာလတ်အကွာအဝေးများအတွက် VHF လှိုင်းနှုန်းစဉ်သုံးရေဒီယိုများနှင့် အဝေးထိဆက်သွယ်နိုင်မည့် HF (High Frequency) လှိုင်းနှုန်းစဉ်သုံးစက်များ ပါဝင်သည်။ အဆိုပါစနစ်များကို နောက်ဆုံးပေါ် ဒစ်ဂျစ်တယ်နည်းပညာများနှင့်ပေါင်းစပ်ထားရှိရာ ကွပ်ကဲမှုဌာနချုပ်များ၊ စစ်သုံးယာဉ်များနှင့် ရှေ့တန်းတပ်ဖွဲ့ဝင်များကြား ချောမွေ့လုံခြုံသော ဆက်သွယ်မှုကွန်ရက်ကို အချိန်နှင့်တစ်ပြေးညီပိုင်ဆိုင်ထားနိုင်စေမည်ဖြစ်သည်။

ထို့အပြင် Thales ကုမ္ပဏီသည် မြေပြင်နှင့် ဝေဟင်ကဏ္ဍနှစ်ရပ်လုံးတွင် ဆက်သွယ်ရေးစနစ်များ ချောမွေ့စေရန်အတွက် အပြိုင်အဆိုင်ဆောင်ရွက်လျက်ရှိသည်။ Thales ကုမ္ပဏီသည် မလေးရှား၏ AV4 သံချပ်ကာယာဉ်စီမံကိန်းအတွက် စစ်မြေပြင်စီမံခန့်ခွဲမှုစနစ်နှင့် ဆက်သွယ်ရေးစနစ်များကို လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ရန် ထောက်ပံ့ပေးထားသည်။ အဆိုပါစမ်းသပ်မှုများမှတစ်ဆင့် ဒစ်ဂျစ်တယ်နည်းပညာများကို လက်ရှိအသုံးပြုနေသောစစ်သုံးယာဉ်များတွင် မည်သို့ပေါင်းစပ်နိုင်မည်ကို ဆန်းစစ်သွားမည်ဖြစ်ပြီး အထူးသဖြင့်စစ်မြေပြင်ရှိ အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ ခြေရာခံနိုင်မှုနှင့် သတင်းအချက်အလက်မျှဝေနိုင်စွမ်းတို့ကို မြှင့်တင်ပေးနိုင်ရန် ရည်ရွယ်သည်။



ဝေဟင်စွမ်းဆောင်ရည်ကဏ္ဍတွင်လည်း မလေးရှားဘုရင့်လေတပ်မှ အသုံးပြုလျက်ရှိသော ရဟတ်ယာဉ်များအတွက် TRA 6036 အမျိုးအစား ရေဒီယိုဆက်သွယ်ရေးစက် ၁၆ လုံးကို Weststar Aviation Services ကုမ္ပဏီနှင့် ပူးပေါင်း၍ ထောက်ပံ့ပေးသွားမည်ဖြစ်သည်။ ဤစနစ်များသည် လေယာဉ်များနှင့် မြေပြင်တပ်ဖွဲ့များကြား လုံခြုံစိတ်ချရသော ဆက်သွယ်ရေးကွန်ရက်ကို ရရှိစေရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။

**Thales Adds Radio, Air, and Vehicle Communications Projects in Malaysia ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# စစ်ကိုင်းတိုင်းဒေသကြီးတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲလွမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**မုံရွာ မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲလွမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲလွမ်း ၄၀၃၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပဲလွမ်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၆ ဒသမ ၇ တင်း ထွက်ရှိကြောင်း သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီး ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ပဲလွမ်း ၄၀၃၂ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲလွမ်းစိုက်ခင်းတွေ လက်ရှိမှာတော့ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်း ပြီးစီးပြီဖြစ်ပါတယ်။ ပဲလွမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့အတွက်နဲ့မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးခဲ့တာတွေရှိပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

စစ်ကိုင်းတိုင်းဒေသကြီးတွင် ခရိုင်အလိုက် ပဲလွမ်းရိတ်သိမ်းပြီးစီးမှုအနေဖြင့် တမူးခရိုင်၌ ၉၅၃ ဧက၊ ကလေးခရိုင်၌ ၁၄၆၆ ဧက၊ ရွှေဘိုခရိုင်၌ ၂၂၅ ဧက၊ ရေဦးခရိုင်၌ ၄၉၈ ဧက၊ ကသာခရိုင်၌ ဧက ၈၉၀ စုစုပေါင်း ၄၀၃၂ ဧက တို့ဖြစ်ကြောင်း သိရသည်။

ပဲလွမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှု ဖူလုံနိုင်မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ ပဲလွမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြ၍ သိရသည်။ (၂၀၆)

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ကွမ်းသီးနုပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**မအူပင် မေ ၂၈**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ကွမ်းသီးနုပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်ဌေးက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်းက ကွမ်းသီးနုပိဿာချိန် ၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လအတွင်း ကွမ်းသီးနုပိဿာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးနုများ တင်ပို့အားကောင်းလာခြင်းသည် ပြည်တွင်းဈေးကွက်မှ ကွမ်းသီးနုများ အဝယ်လိုက်နေခြင်းဖြစ်ကြောင်း သိရသည်။

''မအူပင်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို မတ်လထဲမှာ ကွမ်းသီးနုတွေ အမှာကုန်များလာ



လို့ ရန်ကုန်ဈေးကွက်ကို တင်ပို့ကုန် အများအပြားတင်ပို့ရောင်းချခဲ့ရခြင်းဖြစ်ပါတယ်။ လက်ရှိမှာ ကွမ်းသီးနုတစ်ပိဿာကို ငွေကျပ် ၁၇၅၀၀ ထိ ဈေးပေါက်နေပါတယ်။ ကွမ်းသီးတွေ အရောင်းအဝယ်ဖြစ်နေတော့ ကွမ်းသီးစိုက်သူတွေ၊ လုပ်ငန်းအဆင်ပြေလာတာတွေ့ရပါတယ်''ဟု မအူပင်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်ဌေးက ပြောပြသည်။

မအူပင်မြို့နယ်က ထွက်ရှိသည့်ကွမ်းသီးအနုများကို ကုန်သည်များမှ ကွမ်းသီးခြံများသို့ အရောက်သွားရောက် ဝယ်ယူပြီး စနစ်တကျရွေးချယ်ကာ ရန်ကုန်မြို့သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်မြို့မှတစ်ဆင့် ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း မအူပင်မြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်ဌေးထံမှ သိရသည်။

**ကျော်ကျော်လင်း**

# သာစည်မြို့နယ် ဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**သာစည် မေ ၂၈**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ချစေရန် ရည်ရွယ်၍ ဘုရားကုန်းကျေးရွာအုပ်စု ဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို မေ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်းသိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်း၊ ဦးစီးအရာရှိ ဒေါ်တိုးတိုးစိန်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ဘုရားကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၆၃ ဒသမ ၆ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ လအလိုက် ဖြည့်သွင်းရမည့်စာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး သာစည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက် ပေးခဲ့ကြောင်း သိရသည်။

ဘုရားကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၄၀ ကို ငွေကျပ် ၁၉ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၄၀ ကို ငွေကျပ် ၂၂ ဒသမ ၄ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၄၀ ကို ငွေကျပ် ၂၁ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၂၀ ကို ငွေကျပ် ၆၃ ဒသမ ၆ သန်း ထုတ်ချေးပေးထားကြောင်း သာစည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြသက်ဝင်းထံမှ သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**




# လှိုင်ကော်မြို့နယ် စိုက်ကွင်း-၃ ကျေးရွာ၌ VDP စီမံကိန်းမိတ်ဆက်၍ ကော်မတီဖွဲ့စည်း



**လှိုင်ကော် မေ ၂၈**

ကယားပြည်နယ် လှိုင်ကော်ခရိုင် လှိုင်ကော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို မေ ၂၇ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကယားပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးမြင့်က အဖွင့်အမှာစကား ပြောကြားပြီး လှိုင်ကော်ခရိုင်ဦးစီးမှူး ဒေါ်အိအိခင်က ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) ကို အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း၊ ၎င်းစီမံကိန်းကို ကျေးရွာသူ၊ ကျေးရွာသားများက တာဝန်ယူ၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရမည့် စီမံကိန်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လှိုင်ကော်မြို့နယ်ဦးစီးမှူး ဦးနျားရယ်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးရွာမှ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းပြောကြားကာ တက်ရောက်လာကြသော စိုက်ကွင်း-၃ ကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို အမှန်တကယ် ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ကော်မတီဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ် ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။ **မောင်ခိုင်**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များ၊ မူဝါဒ၊ လုပ်ငန်းစဉ်များ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ကျရာအခန်းကဏ္ဍမှ ဝိုင်းဝန်းဆောင်ရွက်





**နေပြည်တော် ဧပြီ ၂၈**

နိုင်ငံတော်သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းသည် နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်များကို ဝန်ထမ်းများအား ထပ်ဆင့်ရှင်းလင်းခြင်းနှင့် အရာထမ်း၊ အမှုထမ်းများ တွေ့ဆုံပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် အခွန်အယူခံခုံအဖွဲ့ရုံး ရုံးအမှတ်(၅၇) စုပေါင်းခန်းမ၌ ကျင်းပရာ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထင်ကျော်သူ၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အခွန်အယူခံခုံအဖွဲ့ရုံးနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဧပြီ ၁၀ ရက်တွင် ပြည်ထောင်စုလွှတ်တော်၌ ကျင်းပခဲ့သော ကတိသစ္စာပြုပွဲအခမ်းအနားနှင့် နိုင်ငံတော်သမ္မတ၏ ဧည့်ခံဆောင်တော်၌ ကျင်းပသည့် နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းနာခံခြင်းနှင့် ကတိသစ္စာပြုခြင်းအခမ်းအနားတွင် နိုင်ငံတော်သမ္မတက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကိုအလေးထား၍ ဦးစားပေးအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အစိုးရသစ်၏ ရည်မှန်းချက်များဖြစ်သော စစ်မှန်ပြီး စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး၊ ဒီမိုကရေစီဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ပြည်သူတို့၏ ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတကာဆက်ဆံရေး၊ တရားမျှတမှုနှင့် ဥပဒေပြဋ္ဌာန်းရေးဆိုင်ရာကိစ္စရပ်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်တို့ကို လမ်းညွှန်မှာကြားခဲ့ကြောင်း။

ဆက်လက်၍ ဧပြီ ၂၀ ရက်တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး၌ နိုင်ငံတော်သမ္မတက အစိုးရအဖွဲ့အနေဖြင့် ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်မည့် နိုင်ငံ့စီးပွားတိုးမြှင့်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် အဓိကအရေးပါသည့် ကဏ္ဍများဖြစ်သည့် ငြိမ်းချမ်းရေးကဏ္ဍ၊ စီးပွားရေး၊ စိုက်ပျိုးမွေးမြူရေး၊ MSME ကဏ္ဍ၊ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊အားကစားကဏ္ဍစသည်တို့တွင် တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေများကို ပြောကြားခဲ့ကြောင်း။

သို့ဖြစ်၍ မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များ၊ မူဝါဒ၊ လုပ်ငန်းစဉ်များအောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ကျရာ အခန်းကဏ္ဍမှ ဝိုင်းဝန်းဆောင်ရွက်ပေးသွားကြရန်လိုကြောင်း၊ ဝန်ထမ်းများအားလုံးစည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင်လည်း မိမိတို့အလုပ်အပေါ် ဂုဏ်ယူတတ်စေရန်နှင့် စေတနာထားကာ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် အခြေခံစားသောက်ကုန်များကို ပေးအပ်ပြီး ဝန်ထမ်းများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မန္တလေးတိုင်းဒေသကြီးအတွင်း သမဝါယမစနစ်ဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှုကို ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း ကွင်းဆင်းကြည့်ရှုစစ်ဆေး



**နေပြည်တော် ဧပြီ ၂၈**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်းသည် ယနေ့နံနက်ပိုင်းက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မန္တလေးတိုင်းဒေသကြီးအတွင်း သမဝါယမစနစ်ဖြင့် စိုက်ပျိုးမွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်နေမှုနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မန္တလေးတိုင်းဒေသကြီးသမဝါယမဦးစီးဌာနရုံး၌ ဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဦးစီးဌာနများမှ ဝန်ထမ်းများ၊ တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်၊ မြို့နယ်အသင်းအမှုဆောင်များ၊ အသင်းသားများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သမဝါယမစနစ်ကို မဏ္ဍိုင်ပြု၍ ကျေးလက်ဒေသဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းများဖွံ့ဖြိုး၍ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်လမ်းတံတားများ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း၊ အစိုးရအဖွဲ့၏ ရက်ပေါင်း ၁၀၀ အတွင်း မိမိတို့ဝန်ကြီးဌာနက ကျေးလက်ရေရရှိရေးလုပ်ငန်း၊ ဆိုလာရေတင်စနစ်ဖြင့် သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်မှုတိုးတက်၍ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြင့်မားရေး၊ ကျေးလက်အခြေခံအဆောက်အအုံများဖွံ့ဖြိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီး၍ မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများ ဆောင်ရွက်ကြရာတွင် သတင်းအချက်အလက် မှန်မှန်ကန်ကန်ကောက်ယူပြီး တောင်သူများ၊ ကျေးလက်နေပြည်သူများကို စနစ်ကျသည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လာစေရေး စည်းရုံးဆောင်ရွက်ကြရန်နှင့် စည်းရုံးရေးမှူးကောင်းများ၊ ပေါင်းစပ်ညှိနှိုင်းရေးမှူးကောင်းများဖြစ်အောင် စေတနာထားဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် ပုသိမ်ကြီးမြို့နယ် နန္ဒာ(တောင်)ကျေးရွာရှိ နွေစပါးစိုက်တောင်သူများနှင့်တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက ဈေးနှုန်းသက်သာသော သွင်းအားစုများကို တောင်သူလက်ဝယ်စိုက်ပျိုးချိန်အမီရောက်ရှိရန် ဌာနဆိုင်ရာများနှင့် ပုဂ္ဂလိကတို့ ပူးပေါင်းကာ ယူရီးယားမြေဩဇာများရောင်းချပေးလျက်ရှိပါကြောင်းဖြင့် ဆွေးနွေးပြောကြားပြီး ဒေသခံတောင်သူများ၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် ခေတ်မီစံပြကျေးရွာအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော စဉ့်ကိုင်မြို့နယ် ထန်းသုံးပင်စံပြကျေးရွာ ကျေးရွာဘက်စုံသုံးခန်းမ၌ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF)မှ အစုအဖွဲ့စနစ်ဖြင့် မွေးမြူထားသော နို့စားနွားနှင့် ဆိတ်မွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှုများကိုကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ခေတ်မီစံပြကျေးရွာ ထူထောင်ခြင်းစီမံကိန်းကို ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ ကျေးရွာ ၁၇၅ ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၆၀ ကို ဆက်လက်တိုးချဲ့အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရက်ကန်းနှင့်သက်မွေးပညာသင်တန်းကျောင်း(မိတ္ထီလာ)သို့ လည်းကောင်း၊ ပျော်ဘွယ်မြို့နယ် ငွေးဇီးကျေးရွာရှိ ကျွန်းရွှေဝါလယ်ယာနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်း၏ မိုးကြိုဝါစိုက်ပျိုးထားရှိမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**

# မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့သို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊အမှုထမ်းများကို ပြည်ထောင်စုဝန်ကြီး တွေ့ဆုံအမှာစကားပြောကြား

**နေပြည်တော် ဧပြီ ၂၈**

ပြည်ပရှိ မြန်မာသံရုံး၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့သို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများ ပြည်ထောင်စုဝန်ကြီးက တွေ့ဆုံအမှာစကားပြောကြားသည့်အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန စတုရင်္ဂဗလခန်းမ၌ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ၊ ဒုတိယဝန်ကြီးများဖြစ်သော ဦးကိုကိုကျော်နှင့် ဦးနိုင်မင်းကျော်၊ သံအမတ်ကြီးများ၊ ဦးစီးဌာနအသီးသီးမှ တာဝန်ရှိသူများနှင့် ပြည်ပသို့ သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်း၊ အမှုထမ်းများ ပါဝင်တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက ပြည်ပသို့ တာဝန်ပေးစေလွှတ်ရာတွင် သတ်မှတ်ချက်နှင့်ကိုက်ညီသူများကိုသာ ရွေးချယ်စေလွှတ်ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံတော်ကိုယ်စားပြုသည့်အတွက် စောင့်ထိန်းရမည့်ကျင့်ဝတ်များကို အလေးထားလိုက်နာစေလိုကြောင်း၊ မိမိသွားရောက်တာဝန်ထမ်းဆောင်မည့် နိုင်ငံ၏ ဓလေ့စရိုက်နှင့် ယဉ်ကျေးမှုများကိုလည်း အလေးထားရမည်ဖြစ်ပါကြောင်း၊ မိမိကိုယ်ကို ပိုမိုတိုးတက်ကောင်းမွန်အောင် အစဉ်အမြဲကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းတာဝန်များကို အမှားအယွင်းနည်းအောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် မိမိကိုယ်ကို သစ္စာရှိရန်နှင့် နိုင်ငံတော်အပေါ်သစ္စာရှိရန် လိုအပ်ပါကြောင်း၊ မိမိ၏ပြုမူနေထိုင်မှုများကို ချင့်ချိန်သုံးသပ်၍ လုပ်သင့်လုပ်ထိုက်သည်ကိုလုပ်၍ မလုပ်သင့်မလုပ်ထိုက်သည်ကို မလုပ်ရန်ဖြစ်ကြောင်း၊ မိမိနိုင်ငံ၏ ပကတိနိုင်ငံရေး၊ စီးပွားရေး၊ ပထဝီအနေအထားများကို မှန်မှန်ကန်ကန်သိရှိရန် လိုအပ်ပါကြောင်း၊ မိမိနိုင်ငံ၏အကျိုးဖြစ်ထွန်းအောင်၊ နိုင်ငံတကာနှင့် ဆက်ဆံရေးပိုမိုတိုးတက်ကောင်းမွန်အောင်ဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း၊ မိမိကိုယ်ကို ကောင်းအောင်ကြိုးစားပြီး လုပ်ဖော်ကိုင်ဖက်အချင်းချင်း စည်းလုံးညီညွတ်မှုရှိခြင်းသည် National Characteristic ကိုလည်း မြှင့်တင်ရာရောက်ပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုနှင့်အညီ မြန်မာနိုင်ငံနှင့် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ၊ ဒေသတွင်း နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးမှုတည်ဆောက်ကာ မိမိနိုင်ငံ၏ မူလရပ်တည်ချက်အနေအထားသို့ ပြန်လည်ရောက်ရှိနိုင်ရေး ကြိုးပမ်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သံတမန်များ၏ လုပ်ငန်းတာဝန် ငါးရပ်ကို ကျေပွန်စွာဆောင်ရွက်၍ ပြည်ပရောက် မိမိနိုင်ငံသားများ၏အကျိုးကို တတ်စွမ်းသရွေ့ ဆောင်ရွက်ပေးသွားရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ သံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့တွင် သွားရောက်တာဝန်ထမ်းဆောင်ကြမည့် အရာထမ်းများနှင့် အမှုထမ်းများက ၎င်းတို့ ယခင်သွားရောက်တာဝန်ထမ်းဆောင်ခဲ့သည့် နိုင်ငံများ၊ ယခုသွားရောက်တာဝန်ထမ်းဆောင်ရမည့် နိုင်ငံများကို တစ်ဦးချင်းစီ မိတ်ဆက်တင်ပြရာ ပြည်ထောင်စုဝန်ကြီးက သွားရောက်ကြမည့် နိုင်ငံအလိုက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ရည်မှန်းချက်များကို အသေးစိတ်မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ပြည်ပသို့ သွားရောက်တာဝန်ထမ်းဆောင်မည့်သူများအနေဖြင့် သံတမန်တစ်ဦးတွင် ရှိသင့်ရှိထိုက်သောအရည်အသွေး(Diplomatic Characteristic)များကို မြင့်မားအောင်ကြိုးစားကြရန် မှာကြားလိုပါကြောင်း၊ သံတမန်တစ်ဦး၏ အရေးကြီးဆုံးသောအရည်အသွေးသည် သစ္စာရှိမှုဖြစ်ပြီး Communication Skill၊ Language Skill၊ Negotiation Skill များ တိုးတက်စေရန် အစဉ်လေ့လာဆည်းပူး၍ မြှင့်တင်စေလိုပါကြောင်း၊ ဝန်ထမ်းများအချင်းချင်း စည်းလုံးညီညွတ်မှုရှိရန်နှင့် ကိုယ်စိတ်နှစ်ပါးကျန်းမာရေးကို အထူးဂရုစိုက်ကြရန်မှာကြားလိုပါကြောင်း၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံ့တာဝန်များကို အောင်မြင်စွာဖြင့် ထမ်းဆောင်နိုင်ကြပါစေကြောင်းနှင့် ကြီးပွားတိုးတက်အောင်မြင်စေလိုကြောင်းဖြင့် ဆုတောင်းစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ ကာလအတွင်း နိုင်ငံသားစိစစ်ရေးကတ်နှင့် Unique ID ထုတ်ပေးရေးလုပ်ငန်းကို လမင်းစီမံချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဧပြီ ၂၈**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်သမ္မတ၏ မိန့်ခွန်းပါ လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ ကာလအတွင်း ပြည်သူများအတွက် လက်ငင်းအကျိုးဖြစ်ထွန်းစေမည့် နိုင်ငံသားစိစစ်ရေးကတ်နှင့် Unique ID ထုတ်ပေးရေးလုပ်ငန်းကို လမင်းစီမံချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။





အစည်းအဝေးသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးလင်းဇော်ထွန်းနှင့်ဒေါက်တာခိုင်ခိုင်စိုး၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ဦးစီးမှူးများက သက်ဆိုင်ရာဒေသများမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ပါဝင်တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတ၏မိန့်ခွန်းပါ လမ်းညွှန်ချက်များနှင့်အညီ နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ ကာလအတွင်းဝန်ကြီးဌာနအနေဖြင့် အသက် ၁၈ နှစ်ပြည့်ပြီးသော်လည်း အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံသားစိစစ်ရေးကတ်မရရှိသေးသည့် နိုင်ငံသားများ၊ အသက် ၁၀ နှစ်ပြည့် ကျောင်းသား၊ကျောင်းသူများကို ဥပဒေနှင့်အညီ နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းနှင့် e-ID စနစ်ဖြင့် Unique ID ကောက်ယူခြင်းလုပ်ငန်းကို လမင်းစီမံချက်ဖြင့် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ရက် ၁၀၀ လမင်းစီမံချက်ကာလအတွင်း မြို့နယ်ရုံးများ၏ အပြင်အဆင်၊ ပြည်သူအတွက် ဧည့်ကြိုဝန်ထမ်းထားရှိရေး၊ ပြည်သူနားနေဆောင်ထားရှိရေး၊ လုပ်ငန်းများဆောင်ရွက်ရာတွင် မှန်ကန်မြန်ဆန်စွာဆောင်ရွက်ရေးအလေးအနက်ထားမှာကြားလိုကြောင်း၊ လုပ်ငန်းများထိရောက် မြန်ဆန်စွာဆောင်ရွက်နိုင်ရေးအတွက် ဆက်စပ်ဌာနများ၊ ကြိုတင်ပြင်ဆင်ညှိနှိုင်းဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် လာရောက်ဆောင်ရွက်ကြသည့် ပြည်သူများအတွက် လိုအပ်သည့် အထောက်အထားများ ကြိုတင်စီစဉ်ဆောင်ရွက်ထားနိုင်ရေး အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများကိုလည်း ကြိုတင်စီစဉ်ဆောင်ရွက်ထားကြရန် အရေးကြီးပါကြောင်း။

သဘာဝဘေးနှင့် အကြမ်းဖက်ဖြစ်စဉ်များကြောင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ပျောက်ဆုံး၊ ပျက်စီးသူများ၊ အထောက်အထားမပြည့်စုံသူများကို မိမိတို့ဝန်ထမ်းများက သက်ဆိုင်ရာမြို့နယ်ဦးစီးမှူးရုံးအချင်းချင်း ချိတ်ဆက်ဆောင်ရွက်ပေးပြီး သက်ဆိုင်ရာမြို့နယ်အဆင့်ငါးဦးကော်မတီဖြင့် စိစစ်အတည်ပြု၍ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားကတ်ထုတ်ပေးကာ UID တစ်ပါတည်းကောက်ယူ ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ ယင်းလုပ်ငန်းစဉ်ကို လမင်းစီမံချက်ဖြင့် အစိုးရ၏ ရက် ၁၀၀ ကာလအတွင်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးသော်လည်း လုပ်ငန်းများပြီးစီးခြင်းမရှိပါက လုပ်ငန်းကာလထပ်မံတိုးမြှင့်ကာ လျာထားချက်ပြည့်မီအောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများနှင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းနှင့်ပတ်သက်သည့် အစီရင်ခံစာထုတ်ပြန်ခြင်း လုပ်ငန်းများကိုလည်း ယခုရက် ၁၀၀ ကာလအတွင်း နိုင်ငံနှင့်ပြည်သူအကျိုးကိုရှေးရှုကာ ထိထိရောက်ရောက်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ လမင်းစီမံချက်အောင်မြင်ရေးအတွက် ယခုအစည်းအဝေးတွင် လုပ်ငန်းလိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြရန်နှင့် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး၊ပြည်နယ်ဦးစီးမှူးများက တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် လက်ရှိလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် အစိုးရ၏ ရက် ၁၀၀ ကာလအတွင်း လမင်းစီမံချက်ဖြင့် နိုင်ငံသားကတ်နှင့် UID ကောက်ယူဆောင်ရွက်မည့် အခြေအနေများ၊ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းကဏ္ဍအလိုက်ဆောင်ရွက်နေမှုများ၊ ပြည်သူအတွက် လက်ငင်းဦးစားပေးလုပ်ငန်းများကို လမင်းစီမံချက်ဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားရမည့် အခြေအနေများ၊ လုပ်ငန်းလိုအပ်ချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြဆွေးနွေးကြပြီး ဒုတိယဝန်ကြီးများက လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးတင်ပြကြပြီး ရှင်းလင်းတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အစိုးရ၏ ရက် ၁၀၀ အတွင်း ဦးစားပေးဆောင်ရွက်မည့် စီမံကိန်းများနှင့် ချိတ်ဆက်အကောင်အထည်ဖော်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် ဧပြီ ၂၈**

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များနှင့် အစိုးရ၏ ရက် ၁၀၀ အတွင်း ဦးစားပေးဆောင်ရွက်မည့် စီမံကိန်းများ အကောင်အထည်ဖော်နိုင်ရေးလုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၃၂) ၌ ကျင်းပသည်။

အဆိုပါရှင်းလင်းပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်ထင်နှင့် ဦးသန့်စင်လွင်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတ၏လမ်းညွှန်မှာကြားချက်ဖြစ်သည့် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးကို အလေးထား၍ ဦးစားပေးဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် အစိုးရ၏ ရက် ၁၀၀ အတွင်း ဆောင်ရွက်မည့် စီမံကိန်းများကို ဒေသန္တရစီမံကိန်း၊ ကဏ္ဍစီမံကိန်းများဖြင့် ချိတ်ဆက်စိစစ်၍ အမျိုးသားစီမံကိန်းပါ လုပ်ငန်းစဉ်များကို ဆောင်ရွက်သွားကြရန်လိုကြောင်း။

နိုင်ငံ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကဏ္ဍများနှင့်စပ်လျဉ်း၍ အမျိုးသားစီမံကိန်းဥပဒေနှင့် ဒေသန္တရစီမံကိန်းဥပဒေပါ လုပ်ငန်းစီမံကိန်းနှင့် လုပ်ငန်းများ၏ အကောင်အထည်ဖော်မှုအခြေအနေများကို မြေပြင်ကွင်းဆင်းစိစစ်ပြီး အစီရင်ခံပြုစုတင်ပြခြင်း၊ GDP ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့် ထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုလုပ်ငန်းများအတွက် အသုံးပြုနေသော ငွေလုံးငွေရင်းအသုံးစရိတ်များနှင့် စပ်လျဉ်း၍ စိစစ်ခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူချောမွေ့စေရေးနှင့် ပိုမိုဝင်ရောက်လာစေရေးအတွက် ရင်းနှီးမြှုပ်နှံမှုနှင့်ဆက်စပ်သည့် ဌာန၊ အဖွဲ့အစည်းများ၊ လုပ်ငန်းရှင်များကို အသိပညာမျှဝေပေးနိုင်ရေး၊ ရင်းနှီးမြှုပ်နှံသူများ၏ လိုအပ်ချက်များကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်းခြင်းများ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားနိုင်ရေးဆွေးနွေး

**နေပြည်တော် ဧပြီ ၂၈**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စီးပွားရေးသံမှူး Mr. Andrei Lunak အား ယနေ့ညနေ ၃ နာရီခွဲတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၆)ရှိ ဧည့်ခန်းမတွင် ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဧပြီလ ဒုတိယပတ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ သွားရောက်ခဲ့သည့် ခရီးစဉ်အတွင်း ဆွေးနွေးခဲ့သည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍ ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စွမ်းအင်ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနတို့အကြား ပူးပေါင်းဆောင်ရွက်ရန်နှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရန် လေ့ကျင့်သင်ကြားပေးရေးတို့အတွက် နားလည်မှုစာချွန်လွှာ (MoU)ရေးထိုးသွားရန် ပြင်ဆင်နေသည့် ကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်သွားနိုင်ရေးကိစ္စတို့ကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေနှင့်အညီ စာအုပ်စာစောင်များ ပေးအပ်ရန် အသိပေးကြေညာ

၂၀၁၄ ခုနှစ် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်း လုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ထုတ်ဝေသူများသည် မိမိတို့ထုတ်ဝေသည့် စာအုပ်စာစောင် ငါးအုပ် သို့မဟုတ် ငါးစောင်ကို ပြန်ကြားရေးဝန်ကြီးဌာနသို့ အဖိုးအခလွတ်ပေးအပ်ရမည်ဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနသည် အဆိုပါစာအုပ်စာစောင်များကို မူပိုင်ခွင့်နှင့်စာအုပ်စာရင်း နှစ်အုပ်၊ အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီသို့ နှစ်အုပ်နှင့် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသို့ တစ်အုပ်ပေးပို့လျက်ရှိပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေအရထုတ်ဝေသူသည် မိမိထုတ်ဝေသော ထုတ်ဝေစာ ငါးအုပ် သို့မဟုတ် ငါးစောင်ကို ဖြန့်ချိသည့်နေ့မှစ၍ ၁၄ ရက်အတွင်း ပုံစံ(၁၁)ဖြင့် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲသို့ ပေးပို့အပ်နှံရမည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ စာအုပ်၊ စာစောင်များကို ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ ပေးအပ်နိုင်ပါရန်နှင့် ပျက်ကွက်ပါက ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"အုပ်ချုပ်ရေးစနစ်ပြောင်းလဲခဲ့ပေမယ့် အဖျက်အမှောင့်နဲ့ အပြစ်မဲ့ပြည်သူကို ခြိမ်းခြောက်သတ်ဖြတ်ရေးအလုပ်တွေကိုသာ အရှိန်မပျက်လုပ်နေဆဲ အကြမ်းဖက်သမားများ"** ခေါင်းစဉ်ဖြင့် ၆-၅-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၃-၅-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် **"PDF အမည်ခံအဖွဲ့အစည်းများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် အစိုးရသစ်ကြားမှာ ငြိမ်းချမ်းခြင်းနေ့သစ်တွေ မြင်တွေ့ရတော့မှာလား"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# မြန်မာ-ရုရှား နှစ်နိုင်ငံအကြား အစိုးရအချင်းချင်းနှင့် ပုဂ္ဂလိကကဏ္ဍများတွင် ကုန်သွယ်ရေးနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရေး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေး



**နေပြည်တော် ဧပြီ ၂၈**

အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးသည် ရန်ကုန်မြို့ ရုရှားသံရုံးမှ စီးပွားရေးသံမှူး Mr. Andrei Iunak အား ယနေ့မွန်းလွဲပိုင်းတွင် အမျိုးသား စီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ရုံးအမှတ်(၁) နေပြည်တော်၌ လက်ခံ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ရုရှား နှစ်နိုင်ငံ အကြား အစိုးရအချင်းချင်းနှင့် ပုဂ္ဂလိက ကဏ္ဍများတွင် ကုန်သွယ်ရေးနှင့်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးနှင့် လက်ရှိပူးပေါင်း ဆောင်ရွက်လျက်ရှိသည့် ရင်းနှီးမြှုပ်နှံမှု စီမံချက်များ၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများအပါအဝင် ရှေ့ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားစီမံကိန်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြား ရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်း ရရှိသည်။

**(သတင်းစဉ်)**

# အားလုံးပါဝင်သော ခရီးသွားလုပ်ငန်းဖြစ်ပေါ်လာစေရေး ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် တိုက်တွန်းမှာကြား

**နေပြည်တော် ဧပြီ ၂၈**

ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. Andrei Iunak အား ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ရုံးအမှတ် (၃၃) ပြည်ထောင်စု ဝန်ကြီး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံ အကြား ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှု ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု အရှိန်အဟုန်မြှင့်တင်နိုင်ရေး၊ နှစ်နိုင်ငံ အကြား လက်မှတ်ရေးထိုးထားသည့် နားလည်မှုစာချွန်လွှာပါ အချက်များကို ဆက်လက်အကောင်အထည်ဖော်ဆောင် ရေး၊ ခရီးသွားလုပ်ငန်းနှင့် ယဉ်ကျေးမှု ကဏ္ဍမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များတွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများအကြား ပူးပေါင်းဆောင်ရွက်မှုပိုမိုအားကောင်းလာ စေရေး၊ နှစ်နိုင်ငံ အပြန်အလှန် ခရီးသွား လာမှုတိုးမြှင့်ရေးနှင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးသည် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း များ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စနစ်တကျဖြစ်စေရေး အတွက် ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဘာသာရပ်တာဝန်ခံများနှင့် တွေ့ဆုံ ဆွေးနွေးသည်။

ဦးစွာ ဒုတိယဝန်ကြီး၊ အမြဲတမ်း အတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ် နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းဆောင်ရွက်မှု အခြေအနေကို ရှင်းလင်းတင်ပြကြပြီး ဌာနခွဲများမှ ဘာသာရပ်တာဝန်ခံများက မိမိတို့ဌာန အလိုက် လုပ်ငန်းများအကောင်အထည် ဖော်ဆောင်ရွက်နေမှု၊ လက်ရှိဆောင်ရွက် လျက်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အစိုးရ၊ ပုဂ္ဂလိက ပိုမိုနီးကပ်စွာပူးပေါင်း ဆောင်ရွက်ကြရေး၊ နိုင်ငံ့ဝန်ထမ်းများ ပီသစွာ ပြည်သူလူထုနှင့် တိုင်းပြည်အကျိုး ဘက်ညီမျှတစွာ ကြိုးပမ်းဆောင်ရွက်ကြ ရေး၊ ခေတ်ကာလနှင့်အညီ နည်းပညာ များကို ပေါင်းစပ်အသုံးပြု၍ လုပ်ငန်း စွမ်းဆောင်ရည် မြင့်မားလာစေရန် အလေးထား ဆောင်ရွက်သွားကြရေး၊ ပြည်ပခရီးသွား ပိုမိုဝင်ရောက်လာရေး အတွက် ရည်မှန်းချက်ထား မျှော်မှန်း ဆောင်ရွက်ကြရေး၊ မြန်မာနိုင်ငံ၏ ပကတိ အခြေအနေမှန်ကို နိုင်ငံတကာမှ သိရှိအောင် မြှင့်တင်ကြိုးစားဆောင်ရွက် ကြရေး၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ပညာရပ်များ တိုးတက်ထွန်းကားစေ၍ အလုပ်အကိုင်အခွင့်အလမ်းနှင့် လူသား အရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးတိုးတက် စေရေး၊ အားလုံးပါဝင်သော ခရီးသွား လုပ်ငန်း ဖြစ်ပေါ်လာစေရေးတို့ကို တိုက်တွန်းမှာကြားခဲ့ကြောင်း သတင်း ရရှိသည်။

**(သတင်းစဉ်)**




## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက် သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့ စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့် ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်း ဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း(သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာ ဥပဒေကပြဋ္ဌာန်းထားသည့်အတိုင်းသတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ၂၈-၄-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၄.၅ ~ ၃၆၆၅.၇ | ၅၅၇.၇ ~ ၅၅၈.၃ | ၁၂၅.၆ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၃၀,၆၇၈,၁၈၇.၃၈ | ၁၅,၂၃၆,၃၆၃.၇၆ | ၄၂,၃၄၇,၉၆၈.၉၀ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ စက်မှုကုန်ကြမ်း၊ ကား၊ ဆိုင်ကယ်အပိုပစ္စည်း၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ ဓာတ်မြေဩဇာ၊ ဂျုံ ၊ စားသုံးကုန်စည် တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၄ ဒသမ ၇၈ သန်းကိုလည်းကောင်း၊ LNG ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ငါးသန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ သုည ဒသမ ၁၇ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

## ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားတွင် သီတဂူဆရာတော်ကြီး၏ အထူးတရားပွဲ ဓမ္မသဘင်နှင့် စာတမ်းဖတ်ပွဲများ ကျင်းပမည်

နေပြည်တော် ဧပြီ ၂၈

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ် ၇၀ ပြည့်အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကြီးကို ၁၃၈၈ ခုနှစ် ကဆုန်လပြည့်နေ့မှ ကဆုန်လပြည့်ကျော် ၂ ရက်ထိ (ဧပြီ ၃၀ ရက်မှ မေ ၂ ရက်ထိ) ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ သုံးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်သည်။

ဧပြီ ၃၀ ရက် ညပိုင်းတွင် သီတဂူဆရာတော်ကြီး၏ အထူးတရားပွဲ ဓမ္မသဘင်ကိုလည်းကောင်း၊ မေ ၁ ရက်နှင့် ၂ ရက်တို့တွင် စာတမ်းဖတ်ပွဲများကိုလည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ၂၀၂၆ ခုနှစ် ဧပြီ ၂၈ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၇၁၀၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## တောင်ယာခုတ်ထွင် မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း၊
(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း၊
(ဂ) မြေဆီဩဇာခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်း လျော့နည်းခြင်း၊
(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

## နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တရားမဝင်သစ်များ ဖမ်းဆီးရမိ

နေပြည်တော် ဧပြီ ၂၈

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးကို ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System-CMRS)အပါအဝင် နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဧပြီ ၂၀ ရက်မှ ၂၆ ရက်ထိ နေပြည်တော်၊ ပြည်နယ်နှင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနများက ပေးပို့လာသော စာရင်းများအရ တရားမဝင် ကျွန်း ၃၉ ဒသမ ၇၉၄၂ တန်၊ သစ်မာ ၂၇ ဒသမ ၀၃၇၈ တန်၊ အခြား ၂၉၄ ဒသမ ၅၀၅၂ တန် စုစုပေါင်း ၃၆၁ ဒသမ ၃၃၇၂ တန်၊ ယာဉ်၊ ယန္တရား ငါးစီး၊ တရားခံ ၁၁ ဦး ဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)



⚐ ရှေ့ဖုံးမှအဆက်

ချက်ပြုတ်ရေးသုံး ပစ္စည်းအရောင်းဆိုင်တွေ၊ အညာဒေသထွက် စားသောက်ကုန်နဲ့ လူသုံးကုန်ပစ္စည်းအရောင်းဆိုင်တွေ၊ တောင်သူလယ်သမားသုံး ပစ္စည်းအရောင်းဆိုင်တွေ၊ ကလေးကစားစရာပစ္စည်း အရောင်းဆိုင်တွေ၊ မုန့်ဆိုင်တန်းတွေ ဖွင့်လှစ်မှာဖြစ်ပါတယ်။ ဒါ့ပြင် ဘုရားဖူး ပြည်သူတွေ စိတ်အပန်းပြေနိုင်စေဖို့အတွက် ကလေးကစားစရာနေရာတွေ၊ ပင်လယ်ဓားပြအပါအဝင် ကစားကွင်းနေရာတွေ စီစဉ်ထည့်သွင်းသွားမှာဖြစ်ပြီး သီဟိုဠ်ရှင်ကဇာတ်ရုံမှာ မေ ၂၈ ရက်မှ ၃၁ ရက်ထိ စမ်းရေမိုးဇာတ်အဖွဲ့နဲ့ ဇွန် ၃ ရက်ကနေ ၇ရက်ထိ ကောင်းစစ်ဟိန်းဇာတ်အဖွဲ့တို့ရဲ့ဇာတ်အလှသဘင် ဖျော်ဖြေရေး အစီအစဉ်တွေနဲ့ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမှာဖြစ်ပါတယ်”ဟု သီဟိုဠ်ရှင်မြတ်စွာဘုရား ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင် ဦးတင်ဝင်းက ပြောပြ၍ သိရသည်။

ASH

☆ ကျောဖုံးမှအဆက်

နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင်လွှဲပြောင်းပေးမှု လုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေ ချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး စံရွှေနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များ ကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံရုံးမှ Counsellor Mr. Vinsky Garcia Wattimena နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံရုံးမှ Second Secretary Mr. Bounkham Manivan နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ Assistant Attache Mr. Kvsum Konti Chakma နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသံရုံးမှ အုပ်ချုပ်မှုအရာရှိ Mr. Mohammad Din Islam နှင့် တာဝန်ရှိသူများ၊ ဘူရွန်ဒီနိုင်ငံနှင့် ရဝမ်ဒါနိုင်ငံ သံရုံးတို့မှ သံရုံးကိုယ်စားလှယ် Mr. Tana Judah Hira နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံများမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျလွှဲပြောင်းပေးအပ်သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၁၂၀၇ ဦးတွင် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၄၆ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၆၁ ဦးတို့ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံး ပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# မန္တလေးပြည်သူ့ဆေးရုံကြီး အထူးသီးသန့်ခန်းတွင် တက်ရောက်ဆေးကုသမှုခံယူ သီတင်းသုံးနေသည့် နိုင်ငံတော်သြဝါဒါစရိယ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ မဟာနာယကချုပ်ဆရာတော်ကြီးအား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်ဖူးမြော်၊ ကျန်းမာရေးအခြေအနေများ မေးမြန်းလျှောက်ထား

မန္တလေး မေ ၂၈

မန္တလေးပြည်သူ့ဆေးရုံကြီး ကိုးထပ်ဆောင်ရှိ အထူးသီးသန့်ခန်းတွင် တက်ရောက်ဆေးကုသမှုခံယူ သီတင်းသုံးနေသည့် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် နိုင်ငံတော်သြဝါဒါစရိယ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ မဟာနာယကချုပ်ဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုလန္ဒောဘာသာဘိဝံသ (သက်တော် ၉၄ နှစ် သိက္ခာတော် ၇၄ ဝါ)အား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် ဇနီးတို့က ယနေ့မွန်းလွဲပိုင်းတွင် သွားရောက်ဖူးမြော်ကြသည်။

ထိုသို့ သွားရောက်ဖူးမြော်ရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းအောင်ကြည်နှင့် တာဝန်ရှိသူများသည် မန္တလေးပြည်သူ့ဆေးရုံကြီးရှိ မန်းတောင်ရိပ် ကိုးထပ်ဆောင် လေးလွှာသို့ရောက်ရှိပြီး ဆရာတော်ကြီးအား ဖူးမြော်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီးတို့က လှူဖွယ်ပစ္စည်းများနှင့် အာဟာရဖြည့်စွက်စာများ လှူဒါန်းကာ ကျန်းမာရေးအခြေအနေများကို မေးမြန်းလျှောက်ထားသည်။



မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ကို တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးမှူး၊ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ဆရာတော်ကြီးအား ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆရာတော်ကြီးအား ကျန်းမာရေး စောင့်ရှောက်မှုပေးရာတွင် လစ်ဟင်းမှုမရှိစေရန် အထူးကြပ်မတ်ဆောင်ရွက်ပေးရေးတို့ကို တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

နိုင်ငံတော်သြဝါဒါစရိယ မဟာဂန္ဓာရုံကျောင်းတိုက်ကြီး၏ မဟာနာယကချုပ်ဆရာတော်ကြီးမှာ မန္တလေးပြည်သူ့ဆေးရုံကြီး ကိုးထပ်ဆောင် လေးလွှာရှိ အထူးသီးသန့်ခန်းတွင် သီတင်းသုံးကာ လိုအပ်သည့် ဆေးဝါးကုသမှုများ ခံယူလျက်ရှိပြီး ဆရာတော်ကြီး၏ ကျန်းမာရေးစောင့်ရှောက်မှုများနှင့်ပတ်သက်၍ ဆေးရုံအုပ်ကြီး ဒေါက်တာဆန်းလွင်ဦး ဦးဆောင်သော ဆေးပညာဌာန အထူးကုဆရာဝန်ကြီး ပါမောက္ခဌာနမှူး ဒေါက်တာနီနီအောင်နှင့် အဖွဲ့၊ ဦးနှောက်နှင့် အာရုံကြောဌာန အထူးကုဆရာဝန်ကြီး ပါမောက္ခဌာနမှူး ဒေါက်တာမြင့်ဦးနှင့် အဖွဲ့၊ အစာအိမ်နှင့် အူလမ်းကြောင်း အထူးကုဆရာဝန်ကြီး ပါမောက္ခ ဒေါက်တာဝင်းဖြူဖြူမြင့်နှင့် အဖွဲ့၊ အကြောအဆစ် ပြန်လည်သန်စွမ်းရေးဌာန အထူးကုဆရာဝန်ကြီး ပါမောက္ခဌာနမှူး ဒေါက်တာစုမြတ်နှင်းဇော်နှင့် အဖွဲ့၊ ကုသရေးတွင်ပါဝင်သော အထူးကုဆရာဝန်ကြီးများအဖွဲ့တို့က အနီးကပ်ကြပ်မတ်ကာ ကျန်းမာရေး စောင့်ရှောက်မှုပေးလျက်ရှိကြောင်း သတင်းရရှိသည်။ မျိုးကျော်

# အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ ယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စာသင်တန်း၊ ကွန်ပျူတာသင်တန်း သင်တန်းဆင်းပွဲများ ပြုလုပ်

နေပြည်တော် မေ ၂၈

အရှေ့တောင်တိုင်း စစ်ဌာနချုပ်၏ တပ်မတော်သားမိသားစုဝင် သားသမီးများ နွေရာသီကျောင်းပိတ်ရက်များတွင် အားလပ်ချိန်ကို အကျိုးရှိစွာအသုံးချတတ်စေရန်၊ ဘာသာ၊ သာသနာကို တန်ဖိုးထားတတ်စေရန်နှင့် အကျင့်စာရိတ္တကောင်းမွန်ပြီး ပညာထူးချွန်သူများ ဖြစ်လာစေရန်၊ လက်တွေ့အသုံးချ ဘာသာရပ်များနှင့် အတူ ဗဟုသုတရစေပြီး အတတ်ပညာများ တိုးပွားစေရန် ရည်ရွယ်၍ဖွင့်လှစ်ခဲ့သည့် ယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စာသင်တန်း၊ ကွန်ပျူတာသင်တန်း သင်တန်းဆင်းပွဲများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အောင်ဆန်းခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် သူရဇော်လွင်စိုးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မော်လမြိုင်မြို့ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) အဖွဲ့ဝင်များ၊ သင်တန်းနည်းပြများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက သင်တန်းဆင်းအမှာစကားပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ယဉ်ကျေးလိမ္မာသင်တန်းမှ ကျောင်းသား၊ ကျောင်းသူများ၏ ၃၈ ဖြာမင်္ဂလာတရားတော်များနှင့် ကဗျာများဖြင့် သီဆိုသရုပ်ပြမှုကို ကြည့်ရှုအားပေးကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုရရှိသော သင်တန်းသား၊ သင်တန်းသူများကို ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြပြီး သင်တန်းနည်းပြများကို အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ ယဉ်ကျေးလိမ္မာသင်တန်း၊ အင်္ဂလိပ်စာသင်တန်း၊ ကွန်ပျူတာသင်တန်း သင်တန်းဆင်းပွဲများ ကျင်းပစဉ်။



# တိုက်ကြီးမြို့နယ် ဥက္ကံမြို့ ရှမ်းစုကျေးရွာနှင့်ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော်များနှင့် ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

နေပြည်တော် မေ ၂၈

တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ တစ်ဖက်တစ်လမ်းက ကူညီစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့များက ဒေသအသီးသီးရှိ ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့၏ မြို့နယ်၊ ကျေးရွာများ အရောက်သွားရောက်၍ လူမျိုး၊ ဘာသာမရွေး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဥက္ကံမြို့ ရှမ်းစုကျေးရွာရှိ အောင်မြေရတနာကျောင်းတိုက်၌အခြေပြု၍ အဆိုပါကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ သံဃာတော် လေးပါးနှင့် ဒေသခံပြည်သူ ၁၀၄ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုက်ကြီးတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ကျောင်းတိုက်ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)

## ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)




**ပြည်သူများထံ အသိပေးပန်ကြားချက်**

- အရေးကြီး၊ အရေးပေါ်ဖြင့် ပြည်ပသို့ သွားရောက်လိုသူများ Onilne Booking တင်ရာတွင်လည်းကောင်း၊ ရုံးတွင်းဆောင်ရွက်ရာတွင်လည်းကောင်း စောင့်ဆိုင်းရန်မလိုဘဲ အမြန်ဝန်ဆောင်မှု(Express Service) ဖြင့် လျှောက်ထားနိုင်ရေး စီစဉ်ထားပါကြောင်း၊
- လျှောက်လွှာလက်ခံပြီး ငါးရက်အကြာတွင် နိုင်ငံကူးလက်မှတ်စာအုပ်ရမည် ဖြစ်ပါကြောင်း၊
- အမြန်ဝန်ဆောင်ခမှာ စာအုပ်ဖိုးအပါအဝင် ၅၄၅၀၀၀ ကျပ် ဖြစ်ပါကြောင်း၊
- အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးအဖွဲ့ website ဖြစ်သည့် www.passport.gov.mm တွင် ဖော်ပြထားပါကြောင်း၊
- အမြန်ဝန်ဆောင်မှု (Express Service)ကို ၅-၁-၂၀၂၆ ရက်မှ စတင်မည်ဖြစ်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

## တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်ကြောင်း အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးဥပါဒ်အန္တရာယ် ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်းရောင်းချလျက်ရှိသော ဝိဇ္ဇာအောင်အမှတ်တံဆိပ် လေးဖက်နာနှင့် အကိုက်အခဲပျောက်ဆေး(ဆေးမှုန့်/ဆေးထုပ်)သည် အခြားဆေး၏ တိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ်-TMR နံပါတ်အား ထည့်သွင်းအသုံးပြုထားခြင်း၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့်လိုင်စင် ခွင့်ပြုထားမှုမရှိသော တိုင်းရင်းဆေးဝါးဖြစ်သဖြင့် ဆေးဝါးစစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများ သုံးစွဲရန်မသင့်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ထုပ်ပိုးခွံပေါ်တွင် ဖော်ပြသော အမှတ် | ထုတ်လုပ်/ဖြန့်ချိဌာန |
|---|---|---|---|---|---|
| ၁။ | ဝိဇ္ဇာအောင် | လေးဖက်နာနှင့် အကိုက်အခဲပျောက်ဆေး | ဆေးမှုန့် | TMR-011461 (0615) | မဟာမြိုင်အိမ်ရာ၊ ၄၁ တိုးချဲ့ရပ်ကွက်၊ မြောက်ဒဂုံ၊ရန်ကုန်မြို့။ |




တိုင်းရင်းဆေးဝါး မှတ်ပုံတင်ထားခြင်းမရှိသည့် ဆေးဝါးနမူနာ

၃။ အများပြည်သူတို့အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများကို ဝယ်ယူသုံးစွဲခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စိစစ်ဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

၄။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့်ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝ(လုံးဝ) မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## အနောက်တိုင်းဆေးရောနှောထားပြီး စံမညီတိုင်းရင်းဆေးဝါးများဖြစ်ကြောင်း အများပြည်သူသိရှိရန် အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပါဒ်အန္တရာယ် ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့ စစ်ဆေးရာတွင် ဈေးကွက်အတွင်းတွေ့ရှိရသော ကာယသုခဆရာကြီးဖိုးဘစံ အမှတ်တံဆိပ် အဆစ်အမျက်နာကျင်ကိုက်ခဲ၊ ဒူးနာ၊ ခါးနာရောဂါပျောက်ဆေး(ဆေးမှုန့်/ဆေးထုပ်)၊ ငွေနတ်သားအမှတ်တံဆိပ် လေးဖက်နာနှင့် ထိပ်ကပ်နာကုဆေး(ဆေးမှုန့်/ဆေးထုပ်)၊ သစ္စာရှင်အမှတ်တံဆိပ် အဆစ်အမျက်နာနှင့်အကိုက်အခဲပျောက်ဆေး(ဆေးမှုန့်/ဆေးထုပ်)၊ မေတ္တာရှင်အမှတ်တံဆိပ် လေးဖက်နာ၊ အဆစ်အမျက်နာ၊ ဂေါက်ရောဂါနှင့် အကိုက်အခဲပျောက်ဆေး(ဆေးမှုန့်/ဆေးထုပ်)နှင့် ရွှေဆေးအမှတ်တံဆိပ် အဆစ်အမျက်အကိုက်အခဲသောက်ဆေး (ဆေးမှုန့်/ဆေးထုပ်)တို့သည် အခြားဆေး၏ တိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ်- TMR နံပါတ်အား ထည့်သွင်းအသုံးပြုထားခြင်း၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်ခွင့်လိုင်စင်ခွင့်ပြုထားမှုမရှိခြင်း၊ ဓာတ်ခွဲစစ်ဆေးစမ်းသပ်ချက်အရ အနောက်တိုင်းဆေးများ ပါဝင်နေသည်ကို စစ်ဆေးတွေ့ရှိရပါသည်။

၃။ ရွှေဟင်္သာအမှတ်တံဆိပ် အဆစ်အမျက် အကိုက်အခဲသောက်ဆေး (ဆေးမှုန့်/ဆေးထုပ်)သည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်နှင့် တိုင်းရင်းဆေးဝါးထုတ်လုပ်ခွင့်လိုင်စင် ရရှိထားသော်လည်း ဈေးကွက်တွင် တိုင်းရင်းဆေးဝါးမှတ်ပုံတင်စဉ်က ဖော်ပြထားသော ဆေးဖိုး၊ ဖော်စပ်နည်းနှင့်အညီ မဟုတ်ဘဲ ဖော်စပ်ထားသော တိုင်းရင်းဆေးဝါး (စံမညီတိုင်းရင်းဆေးဝါး)ဖြစ်ခြင်းနှင့် ဓာတ်ခွဲစစ်ဆေးစမ်းသပ်ချက်အရ အနောက်တိုင်းဆေး ပါဝင်နေသည်ကို စစ်ဆေးတွေ့ရှိရပါသည်။

၄။ သို့ဖြစ်ပါ၍ ဖော်ပြပါ တိုင်းရင်းဆေးဝါးများသည် စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများသုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | အမှတ်တံဆိပ် | ဆေးအမည်/ ဆေးဝါး ပုံစံ | တိုင်းရင်း ဆေးဝါး မှတ်ပုံတင် | ထုတ်လုပ်/ ဖြန့်ချိဌာန | ရောနှောသည့် အနောက်တိုင်း ဆေး |
|---|---|---|---|---|---|
| ၁။ | ကာယသုခ ဆရာကြီး ဖိုးဘစံ | အဆစ်အမျက်နာကျင် ကိုက်ခဲ၊ ဒူးနာ၊ ခါးနာရောဂါ ပျောက်ဆေး/ ဆေးမှုန့် | ဖော်ပြထားခြင်း မရှိပါ | ဖော်ပြထားခြင်းမရှိပါ | Paracetamol & Diclofenac |
| ၂။ | ငွေနတ်သား | လေးဖက်နာနှင့် ထိပ်ကပ်နာကုဆေး/ ဆေးမှုန့် | ၀၆၁၇ (YR) ၀၇၁၆၅၁ | ငွေနတ်သားဆေးတိုက် စက်မှုလမ်းမကြီး၊ ရွှေပြည်သာစက်မှုဇုန်၊ ရန်ကုန်မြို့။ ၀၉-၇၉၄၂၂၂၄၁၊ ၀၉-၄၂၃၆၉၅၇၁၇ | Paracetamol |
| ၃။ | သစ္စာရှင် | အဆစ်အမျက်နာနှင့် အကိုက်အခဲ ပျောက်ဆေး/ ဆေးမှုန့် | TMR-007520 (0617) | သစ္စာရှင်ဆေးတိုက် ရွှေပြည်သာစက်မှုဇုန်၊ ရန်ကုန်မြို့။ ၀၉-၄၅၄၅၄၁၇၇၅ ၀၉-၇၈၀၀၀၀၄၉၃ | Diclofenac |
| ၄။ | မေတ္တာရှင် | လေးဖက်နာ၊ အဆစ်အမျက်နာ၊ ဂေါက်ရောဂါနှင့် အကိုက်အခဲပျောက် ဆေး/ ဆေးမှုန့် | TMR-007487 (0425) | မေတ္တာရှင်ဆေးတိုက် အမှတ် ၁၀၀၊ပ-ထပ်၊ ၁၆ လမ်း၊ လမ်းမတော် မြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၅၁၃၇၉၆၂၊ ၀၉-၂၅၂၅၄၅၂၀-၂၁ | Paracetamol & Diclofenac |
| ၅။ | ရွှေဆေး | အဆစ်အမျက် အကိုက်အခဲ သောက်ဆေး/ ဆေးမှုန့် | TMR-023675 (1120) | ရွှေတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး လှိုင်သာယာစက်မှုဇုန်၊ ရန်ကုန်မြို့။ ၀၉-၄၄၄၄၉၉၉၃၇၊ ၀၉-၆၉၄၄၉၉၉၃၇ | Diclofenac |
| ၆။ | ရွှေဟင်္သာ | အဆစ်အမျက် အကိုက်အခဲ သောက်ဆေး/ ဆေးမှုန့် | TMR-014624 (0425) | ရွှေပါရမီ တိုင်းရင်း ဆေးဝါးထုတ်လုပ်ရေး အမှတ် ၃၂/က၊ ၅ လမ်း၊ မြေညီထပ်၊လမ်းမတော် မြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၄၅၀၀၀၀၄၉၂၊ ၀၉-၇၈၀၀၀၀၀၄၉၂ | Diclofenac |




Paracetamol & Diclofenac ရောနှောသည့် ဆေးထုပ်နမူနာများ

၅။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန်မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများ တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ်(Ethic)အရ လုံးဝ(လုံးဝ) မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆို အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

ဝတ္ထုတိုကဏ္ဍာ

# ယူကလစ်နှစ်ပင်

နွေကုံကော်(မြို့လှ)



**ယမန်နေ့မှအဆက်**

"ကျွန်တော်တို့က ကိုယ့်စိတ်ရင်းခံအတိုင်း ဘာကိုမှမမျှော်လင့်ဘဲ ဆန္ဒတူသူတွေချင်း စုစည်းလုပ်ကိုင်ကြတာပါ။ အဲဒီလိုတွေလာပြီး ဆရာကြီးအထာတွေနဲ့ဖမ်းရင်တော့ အဆင်ပြေမှာမဟုတ်ဘူး ကိုကျော်စွာ"

"ဒီလူတွေက အများသဘောထားလဲ မမေးဘူး။ သူတို့ကိုယ်သူတို့ အငြိမ်းစားဆိုတာကော သိကြရဲ့လား"

အမှန်အကန်နေကြသူများက မနေနိုင်သဖြင့် ပြောကြဆိုကြသည်။ ထိုသို့ ပကတိတရားကို ထောက်ပြသော်လည်း မလုပ်မရှုပ်မပြုတ် စိတ်မကုန်၊ ပေးတာယူကျွေးတာစားမည့် ဦးမြင့်သန်းအိတ်ကပ်ထဲမှ ပရဟိတအရိပ်ခိုလူတန်းစားများမှာမူ တုံဏှိဘာဝေသာနေကြစမြဲ။ ဟန်ရေးပြခါတ်ပုံရိုက်ခံ လူမှုဝန်ထမ်းအလုပ်ကို ပါဝင်ဖြည့်ဆည်းပေးကြဆဲ။

ထိုအခြင်းအရာများကို မြင်လာရသည့်နောက် စိတ်ပျက်လာသည့် ကျော်စွာခမျာ ဦးမြင့်သန်းဟူသည့် ထပ်တိုးလောင်စာတစ်ခုဝင်လာပြီး မကြာမီ မိမိစိတ်ဆန္ဒအလျောက်ပဲ ထိုအဖွဲ့လေးကို လက်ပြကျောခိုင်းခဲ့မိသည်။

မိမိဘာသာ တစ်ကိုယ်ရေတစ်ကာယ နိုင်သမျှ ပရဟိတပြုရန် စိတ်ကူးလိုသည်။ အာဏာအသပြာအငွေ့အသက်များထုံမွှမ်းနေသည့် မည်သည့်တံစက်မြိတ်အောက်ကိုမျှ သူမခိုလှုံချင်။

ဦးမြင့်သန်းသည် ထင်ပေါ်ကျော်ကြားသူမှန်သမျှနှင့်မိတ်ဆွေဖွဲ့လိုသည်။ ထိုသူများနှင့် ကျောချင်းကပ်ရင်ချင်းဆက်သည့်ဆက်ဆံရေးကို ထူထောင်လိုသည်။ ဘယ်ပုဂ္ဂိုလ်ကြီးနှင့်ဘယ်လိုခင်ကြောင်း၊ ဘယ်သူတွေနှင့်ဘယ်လိုပိုင်ကြောင်း စသည့်အကြောင်းအရာများကို ပရဟိတလုပ်ငန်းခွင်နှင့်မဆိုင်သည့်အချိန်များ၌ပင် အာပေါင်အာရင်းသန်သန် နှုတ်အရသာခံလေ့ရှိသည်။

"ကိုကျော်စွာတို့၊ ကိုအေးမင်းထွန်းတို့၊ မသီရိတို့လို လုပ်ရည်ကိုင်ရည်လဲရှိ၊ တက်လဲတက်ကြွတဲ့ လူငယ်တွေ အဖွဲ့ထဲကထွက်သွားကြတာ အင်အားလျော့တယ်ဗျာ။ ဆရာတော်ကလဲ ဦးမြင့်သန်းမှ ဦးမြင့်သန်းဖြစ်နေတယ်။ အောက်ကအငယ်တွေက ကြည်ညိုလေးစားလို့ သူတို့ကိုနေရာပေးရင် ခံနိုင်သေးတယ်ဗျာ။ အခုတော့ အထက်စီးကနေဝင်လာပြီး ဆက်ဆံတာမျိုးကိုတော့ ဘယ်လိုမှ လက်မခံနိုင်ဘူး"

"အသက်ကြီးတာတစ်ခုတည်း၊ အဲဒီလူကျွမ်းကျင်ခဲ့တဲ့နယ်ပယ်တစ်ခုတည်းက လုပ်ပိုင်ခွင့်ဟောင်း၊ အာဏာဟောင်းတစ်ခုတည်းကြည့်ပြီး လက်ရှိအဖွဲ့အစည်းမှာ ခေါင်းဆောင်ဖြစ်ရမယ်၊ အငြိမ်းစားယူပြီးရင်လဲ ဥက္ကဋ္ဌဖြစ်သင့်တယ်ဆိုတဲ့အယူအဆကတော့ မှားတယ်ဗျ။ အရေးကြီးတာက လက်ရှိမှာ ကိုယ်ဘာလဲဆိုတာသိပြီး အများနဲ့လိုက်လျောညီထွေရှိအောင်နေဖို့ပဲ။ အဲဒီလိုမဟုတ်ရင်တော့ အသင်းအဖွဲ့တိုင်း ပျက်စီးရုံမှတစ်ပါး ဘာမှမရှိဘူးပေါ့ဗျာ"

"တကယ်တော့ အဲဒီလိုလူတွေက ဘယ်အချိန်ဖြစ်ဖြစ် သူတို့အတွက်ပဲ သူတို့ကြည့်ကြတာပါဗျာ"

ဦးမြင့်သန်းနှင့်ပတ်သက်၍ မကြာသေးမီကာလက ကျော်စွာတို့မိတ်ဆွေတချို့ ဝေဖန်သုံးသပ်ခဲ့ကြသောစကားများက အကြောင်းတိုက်ဆိုင်စွာ နားထဲပြန်ရောက်လာခဲ့၏။

(၃)

ဈေးဝယ်စင်တာရှေ့ ATM စက်တွင် ပိုက်ဆံထုတ်အပြီး ဆိုင်ကယ်ပေါ်တက်မည်အပြု ကားတစ်စီးသူ့ကိုကျော်တက်ပြီး ရှေ့မှာရပ်သည်။ ကားပေါ်မှ လူတစ်ဦးဆင်းလာသည်။ ကျောပြင်ကိုသာမြင်ရ၏။

"ပိုက်ဆံအိတ်မေ့မယ်၊ ထီးယူမနေနဲ့ နီးနီးလေးပဲ"

ကြားဖူးခဲ့သည့်အသံတစ်ခု။ အသံပိုင်ရှင်က ကားတံခါးပိတ်လိုက်ပြီး ရှေ့ဆီလျှောက်သွားသည်။ တစ်ဖက်ကဆင်းလာသည့် သူ့အမျိုးသမီးဆီအသွား ဘေးတစောင်းမျက်နှာကိုတွေ့လိုက်ရသည်နှင့် ကျော်စွာလက်ထဲကဆိုင်ကယ်ဦးထုပ်ကို အမြန်ဆုံးခေါင်းမှာစွပ်လိုက်သည်။ ဆိုင်ကယ်ကိုစက်နှိုးလျက် ရှေ့ကားကိုကျော်ခဲ့လိုက်သည်။

"ငါမလွန်ပါဘူး။ ဟုတ်တယ် ငါမလွန်ပါဘူး"

ဒုတိယအကြိမ်မြောက် ကိုယ့်ကိုယ်ကိုယ်အားပေးမှု။

ဦးတင်မျိုးအောင်။

ဟုတ်ပါသည်။ သူမှသူ စစ်စစ်ပါ။ အသားညိုညိုဆံပင်တိုတို၊ စကားပြောလျှင် မသဲကွဲ။ မျက်လုံးများက အမြဲကစားနေတတ်သည်။ တစ်ခုခုကို မသင်္ကာသလိုလည်း အမြဲမှုန်ကုပ်ကြည့်ရှုနေတတ်သည်။ သူ့အပြုံးနောက်ကွယ်တွင် သိုဝှက်ထားသော ကောက်ကျစ်မှုများကို အကြောင်းမသိသူတွေ မမြင်နိုင်ကြ။ ထို့မျှမက ကပ်စေးအလွန်နဲခြင်းသည် သူ၏ ထင်ရှားသောမွေးရာပါအမှတ်အသားဟုပင် ဆိုနိုင်သည်။

ဤလူကို ဤနေရာတွင် အမှတ်မထင်တွေ့ရလိမ့်မည်ဟု မထင်မိခဲ့။ ယခုတော့ မျက်စိရှေ့တွင် ဆိုက်ဆိုက်မြိုက်မြိုက်ပေါ်လာခဲ့သည်။

လွန်ခဲ့သော ၁၅ နှစ်ဝန်းကျင်က ကျော်စွာနှင့်ဆုံခဲ့ရသော ဦးတင်မျိုးအောင်။ ထိုစဉ်က သူသည် စက်ရုံမှူး။ ကျော်စွာက သူ့အောက်က အငယ်တန်းစာရေးဝန်ထမ်းအဆင့်။

"မင်းတို့ကောင်တွေ စည်းကမ်းကိုမရှိဘူး၊ ရိပ်သာဘေးအမှိုက်တွေ့ရင် ပါးစပ်နဲ့ကောက်ရမယ်"

"မိဘကို တတ်နိုင်သမျှလုပ်ကျွေးမယ်မရှိဘူး၊ ရတဲ့လစာကို ထင်သလိုသုံးဖြုန်းနေကြတယ်"

လူပျိုရိပ်သာဆီရောက်လာတိုင်း စက်ရုံမှူး ဦးတင်မျိုးအောင်ပြောလေ့ရှိသော ဩဝါဒများက ကျော်စွာတို့လို ဝန်ထမ်းသစ်များအတွက်တော့ မှတ်သားလိုက်နာအတုယူချင်စရာ။

❖ ဈေးဝယ်စင်တာရှေ့ ATM စက်တွင် ပိုက်ဆံထုတ်အပြီး ဆိုင်ကယ်ပေါ်တက်မည်အပြု ကားတစ်စီး သူ့ကိုကျော်တက်ပြီး ရှေ့မှာရပ်သည်။ ကားပေါ်မှ လူတစ်ဦးဆင်းလာသည်။ ကျောပြင်ကိုသာမြင်ရ၏။ "ပိုက်ဆံအိတ်မေ့မယ်၊ ထီးယူမနေနဲ့ နီးနီးလေးပဲ" ကြားဖူးခဲ့သည့်အသံတစ်ခု။ အသံပိုင်ရှင်က ကားတံခါးပိတ်လိုက်ပြီး ရှေ့ဆီလျှောက်သွားသည်။ တစ်ဖက်ကဆင်းလာသည့် သူ့အမျိုးသမီးဆီအသွား ဘေးတစောင်းမျက်နှာကိုတွေ့လိုက်ရသည်နှင့် ကျော်စွာလက်ထဲက ဆိုင်ကယ်ဦးထုပ်ကို အမြန်ဆုံးခေါင်းမှာစွပ်လိုက်သည်။ ဆိုင်ကယ်ကိုစက်နှိုးလျက် ရှေ့ကားကို ကျော်ခဲ့လိုက်သည်။ ❖

"ရိပ်သာမှာချက်ပြုတ်ဖို့ လူရှာပေးထားတယ်၊ သေသေချာချာမသုံးဘူး၊ မင်းတို့စည်းကမ်းမရှိတော့ သူပါစည်းကမ်းပျက်ပြီး အလုပ်က ထွက်တာပေါ့၊ မင်းတို့နဲ့တော့ ခက်တယ်ကွာ"

အသားညိုသော်ငြား စက်ရုံ၏ယူနီဖောင်းဝတ်စုံသည် စက်ရုံမှူးအတွက် တင့်တယ်မှုကို ဖြစ်စေခဲ့သည်။ သပ်သပ်ရပ်ရပ်စမတ်ကျစွာဝတ်ဆင်ပြီး သွန်သင်ဆုံးမသော စက်ရုံမှူး၏ အသွင်အပြင်ကို မြင်ရစဉ် လေးစားကြည်ညိုသွားမိသည်။ ထိုလေးစားကြည်ညိုမှုများသည် ရက်ပိုင်းမျှသာခံလိမ့်မည်ဟု ထင်မှတ်မထားခဲ့ပါချေ။ ဤစက်ရုံသို့ရောက်ရှိပြီး တစ်လတင်းတင်းပြည့်သည့်နေ့တွင်ဖြစ်ပါ၏။

"ကဲ ကိုယ့်ညီတို့နားထောင်ကြ၊ ဟိုနေ့က စက်ရုံမှူး တို့လူပျိုဆောင်ကိုလာကြည့်သွားပြီး လိုအပ်တာတွေမှာသွားတယ်"

အဆောင်မှူးဆီမှစကားသံကြောင့် စက်ရုံမှူးက ဘာတွေများဖြည့်ဆည်းပေးမလဲဟူသောအတွေးဖြင့် ကျော်စွာပျော်သွားရလေသည်။

"မင်းတို့ရိပ်သာမှာ စလောင်းဆင်ဖို့ အားလုံးပိုက်ဆံစုထည့်ရမယ်။ သုံးလစုရမယ်။ စက်ရုံရန်ပုံငွေနည်းလို့ အစွန်းထွက်လောက်ပဲဖြည့်ပေးနိုင်မယ်ပြောတယ်။ ဒါကတစ်ချက်"

စလောင်းဆင်လျှင် ဘောလုံးပွဲကြည့်ရမည်မို့ ဘောလုံးပွဲကြိုက်သည့်ကျော်စွာ သဘောကျမိသည်။

"နောက်တစ်ချက်က ဒီလကစပြီး အခန်းတိုင်းမှာ အခန်းအတွင်း၊ အပြင်လိုအပ်တဲ့ ကုလားထိုင်၊ အဝတ်လှန်းစင်၊ ဖိနပ်တင်စင်၊ ကော်ဇော ဒါတွေဖြည့်ဆည်းရမယ်၊ တစ်လချင်း ပစ္စည်းတစ်မျိုးဝယ်ရမယ်"

"ဟာကွာ"

"ဟင်..."

မကျေမနပ် အောင့်သက်သက်အသံများ ဦးဆုံးထွက်ပေါ်လာသံ ကြားရသည်။

"ငါတို့က အိမ်ထောင်သည်တွေလေကွာ၊ မိသားစုမခေါ်နိုင်လို့အဝေးမှာထားခဲ့ပြီး ရိပ်သာမှာနေရတာပဲ"

"အေးကွာ၊ ကိုယ့်အခန်းကို ရှိတာလေးနဲ့သန့်သန့်ရှင်းရှင်းသပ်သပ်ရပ်ရပ်ထားရင် ရတာပဲဟာ။ ကိုယ်တတ်နိုင်သလောက် ဝယ်မှာပေါ့။ အမြဲတမ်း ဒီမှာနေရမှာလဲမဟုတ်ဘူး"

"ကျုပ်ထင်တာမမှားရင် အဲဒီပစ္စည်းတွေကို သူ့မိန်းမဆိုင်က ဝယ်ရမှာမဟုတ်လား အဆောင်မှူး"

စီနီယာအကျဆုံး ကုန်ထုတ်ဌာနမှ ကိုဝင်းလှိုင်၏ စကားသံကြောင့် နားထောင်နေကြသူများ အားလုံးဟင်ခနဲဖြစ်သွားကြသည်။

အဆောင်မှူးဆီမှ အဖြေစကားထွက်မလာ။

အားလုံးတိတ်ဆိတ်သွားကြသည်။ မကြာပါချေ-

"အဲဒါ သူ့ယောက္ခမဆိုင်လေ။ ငါတို့ကို သူ့မိန်းမအမေဆိုင် စီးပွားဖြစ်အောင်လုပ်နေတာ။ သူ့ဘာသာတော့ ရိပ်သာကို ကြည့်ကောင်းရှုကောင်းအောင် လုပ်ပေးမယ်မရှိဘူး။ အလကား ကိုယ့်အိတ်ထဲက မစိုက်ရတိုင်း အောက်ကလူတွေကို နင်းကန်လုပ်ခိုင်းနေတာ၊ စက်ရုံမှာ ဝန်ထမ်းတွေပျော်အောင် ဘယ်လိုလုပ်ပေးရမယ်မစဉ်းစားဘူး။ အေးပေါ့လေ မိဘအရင်းတောင်မသထာတာ၊ ဝန်ထမ်းလောက်ကိုတော့ ဘယ်ခေါင်းထဲထည့်မှာလဲ"

ဆက်လက်ဖော်ပြပါမည်။

# တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲကေအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး



**ရွှေဘို မေ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲကေအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တန့်ဆည်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၃၃၅၃၁ ကေ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၆၂ ဒသမ ၂၈ တင်း ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ တန့်ဆည်မြို့နယ်မှာ မြေပဲ ၃၃၅၃၁ ကေ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ လက်ရှိအချိန်မှာ ကေအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ ကော ဆီထွက်သီးနှံအနေနဲ့ကော အောင်မြင်တဲ့အနေအထားမှာရှိပြီး တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

တန့်ဆည်မြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးခြင်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးမြစ်ချင်းပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် မေ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ငါးမြစ်ချင်း ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဖေဖော်ဝါရီလအတွင်း ငါးမြစ်ချင်းပိဿာချိန် ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လအတွင်း ငါးမြစ်ချင်း ပိဿာချိန် ၆၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ကျိုက်လတ်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ရေထွက်ကုန်ပစ္စည်းတွေ အဆက်မပြတ် တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း ငါးမြစ်ချင်း ပိဿာချိန် ၆၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ကျိုက်လတ်မြို့နယ်က ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်တွေက ငါးမြစ်ချင်းတွေအပါအဝင် အခြားရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချတာပါ"ဟု ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာအေးက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးမြစ်ချင်းများကိုဝယ်ယူကာ စနစ်တကျ စစ်ဆေးသန့်စင်ထုပ်ပိုးပြီး ရန်ကုန်ဈေးကွက်သို့ အများဆုံးတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့သည့် ငါးမြစ်ချင်း ၁၀ ပိဿာလျှင် ငွေကျပ် ၁၈၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**



# ဥတ္တရသီရိမြို့နယ် အောင်သုခကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**နေပြည်တော် မေ ၂၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အောင်သုခကျေးရွာ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးလက်နေ ပြည်သူများ ဆင်းရဲမှုလျှော့ကျစေရန်ရည်ရွယ်၍ မြစိမ်းရောင် ကျေးရွာ စီမံကိန်းမိတ်ဆက် ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို မေ ၂၇ ရက်က အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဥတ္တရခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကြောင်းအရာများကို မိတ်ဆက်ပြောကြားပြီး စီမံကိန်းနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို အသေးစိတ် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ဝင်းက ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ကဏ္ဍတစ်ခုချင်းစီအလိုက် ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ ကော်မတီဝင်ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အောင်သုခကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ်သိန်း ၃၀ ကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများတွင် ကဏ္ဍအလိုက် စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ဝင်းထံမှ သိရသည်။

**အောင်ရဲကျော်**

## ကူညီဖေးမ ပရဟိတ

\- မွန်မြတ်ဖွယ် ပရဟိတ
ပြုလုပ်ကြ မျိုးမြန်မာ၊
စေတနာကို ရှေ့တန်းပျိုး
သယ်ပိုးသူငါ၊
လူသားချင်း ကိုယ်ချင်းစာ
ကရုဏာ စိတ်ကောင်းထား၊
လူ့နယ်ပယ် သာယာရေးကို
ရှေးရှုလှုပ်ရှား။

\- အတ္တမာန် ဘယ်မပွား
နှလုံးသား ဖြူစင်ကွယ်၊
မေတ္တာကို အခြေခံလျက်
ရှေ့ဆက်ကြမယ်၊
ပရစိတ်လေး ရင်တွင်းတွယ်
အမြင်ချင်းဖလှယ် ဆွေးနွေး၊
လူ့ပြည်ရွာ ဘေးမသန်း
အေးချမ်းစေလေး။

\- မုဒိတာ စိတ်ကောင်းမွေးလို့
ရိုးသားမနေး ထာဝစဉ်၊
ဒုက္ခရောက်သူ ကူညီကြ
လမ်းပြကာပင်၊
တန်ဖိုးရှိ လူသားအသွင်
လူ့ဘဝတွင် နေထိုင်ရင်း၊
ကိုယ့်နာမည် ဂုဏ်သတင်းကို
ထုံသင်းစေမင်း။ ။

ရဲသွေးနီ(တက်ဝန်)

# လေးမျက်နှာမြို့နယ် ဇီးတောကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**လေးမျက်နှာ မေ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုး တက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ခတ္တာကျေးရွာအုပ်စု ဇီးတောကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လေးမျက်နှာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့် တာဝန်ခံအင်ဂျင်နီယာများက ကျေးရွာရေရရှိရေး လုပ်ငန်းများဖြစ်သည့် အုတ်ရေလှောင်ကန်၊ ရေစက်ရုံနှင့်မော်တာ ကွန်ပရက်ဆာ တပ်ဆင်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ် စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

လေးမျက်နှာမြို့နယ် ဇီးတောကျေးရွာ၌ အလျား ၁၂ ပေ၊ အနံ ခြောက်ပေ၊ အမြင့် ငါးပေရှိ အုတ်ရေလှောင်ကန်တည်ဆောက်ခြင်း၊ ရေစက်ရုံ တည်ဆောက်ခြင်း၊ မော်တာကွန်ပရက်ဆာတပ်ဆင်ခြင်းလုပ်ငန်းများကို ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၇ ဒသမ ၈၉၇ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက ဧပြီလဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၂၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး အဆိုပါလုပ်ငန်းများရာနှုန်းပြည့်ပြီးစီးပါက ဒေသခံပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**သံသာ**

စိန်လှိုင်ဗိုလ်

# ဆင်ခြင်တုံတရားလိုအပ်သော အမိန့်



ယခင်က ရေးခဲ့ဖူးသော ဆောင်းပါးတစ်ပုဒ်တွင် အမှုတစ်ခုကို စီရင်ဆုံးဖြတ်ရာတွင် ပြဋ္ဌာန်းဥပဒေကို လိုက်နာရန်သည် ပဓာနကျသကဲ့သို့ ဆင်ခြင်တုံတရားဖြင့် ပေါင်းစပ်ချင့်ချိန်ရန် အရေးကြီးကြောင်း တင်ပြခဲ့ပြီးဖြစ်သည်။ ထိုသို့ ရေးသားနေခြင်းသည် မူလတရားရုံးနှင့် အယူခံ တရားရုံးအချို့၏ အားနည်းချက်က ထောက်ပြဝေဖန်နေခြင်း မဟုတ်ရပါကြောင်း ကြိုတင်သိစေအပ်ပါသည်။ ပညာရှိ သတိဖြစ်ခဲဆိုသကဲ့သို့ ရံဖန်ရံခါတွင် ဖြစ်လေ့ဖြစ်ထရှိပါကြောင်း ကောင်းစွာနားလည် သဘောပေါက်ပါသည်။ ရည်ရွယ်ရင်း စေတနာမှာ မူလရုံး ပထမအယူခံရုံးတို့ အဆုံးအဖြတ် လွဲကောင်းလွဲမိခဲ့သော်လည်း အဆင့်မြင့်ရုံးတော်ကလည်း ပြင်ဆင်တည့်မတ်ပေးခဲ့ပြီးဖြစ်သည်။ သင်ခန်းစာရယူ၍ နောင်တွင် မမှားမယွင်းစေရန် သတိပြုဆင်ခြင်စေလိုရင်း စေတနာဖြစ်ပါသည်။ ပြစ်တင် ဝေဖန်နေခြင်းမဟုတ်ပါကြောင်း ထပ်လောင်း၍ သိစေအပ်ပါသည်။ တရားရုံးများကို သာမက ဥပဒေပညာနှင့်ထိတွေ့ရင်းနှီးမှု အားနည်းကြသူ ပြည်သူအများကိုလည်း ဗဟုသုတ ရစေခြင်းငှာ ဖြစ်ပါသည်။

အမှုတိုင်တန်းသူသည် ရဲစခန်းတွင် ပထမသတင်းပေးတိုင်တန်းချက်နှင့် ရုံးရှေ့တွင် နောက်ပိုင်း ထွက်ဆိုချက်များ သိသာထင်ရှားစွာ၊ ကွဲပြားခြားနားလျက်ရှိသော အမှုမျိုးတွင် တရားခံအပေါ် သံသယကင်းရှင်းစွာ အပြစ်ဒဏ်ပေးနိုင်မည်မဟုတ်ပါ။ သို့ရာတွင် မူလတရားရုံးနှင့် ပထမအယူခံရုံးတို့က သဘောတူညီစွာ ပြစ်ဒဏ်ချမှတ်ခဲ့ပါသည်။ ထိုအမှုကို ဗဟိုတရားရုံးသို့ ပြင်ဆင်မှုတင်သွင်းလာသောအခါ ဥပဒေနှင့် ဆင်ခြင်တုံတရားကို ပေါင်းစပ်၍ တည့်မတ်ပြင်ဆင်ခဲ့သော အမှုတစ်ခုအကြောင်းကို တင်ပြပါဦးမည်။

မွန်ပြည်နယ် ချောင်းဆုံမြို့နယ် တရားရုံးက မောင်ထွန်းမြင့်ဆိုသူက မောင်ကျော်မင်းဆိုသူအား လေးခွနှင့်ပစ်သောကြောင့် မောင်ကျော်မင်း၏ လက်ယာဘက်မျက်စိကို ထိမှန်သည်။ မျက်စိလုံးဝပျက်စီးသောကြောင့် ကျောက်မျက်လုံး ထည့်ရသည်။ ၎င်းအမှုနှင့် ပတ်သက်၍ ချောင်းဆုံမြို့နယ်တရားရုံးက ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၂၅ အရ ထောင်ဒဏ် တစ်ရက်နှင့် ဒဏ်ငွေ ၁၅၀၀ ကျပ် ပေးဆောင်ရန်၊ ပျက်ကွက်လျှင် ထောင်ဒဏ် တစ်နှစ်နှင့် ခြောက်လကျခံစေရန်၊ ဒဏ်ငွေပေးဆောင်ခဲ့လျှင် ဒဏ်ရာရရှိသူအား လျော်ကြေးငွေ ၁၀၀၀ ကျပ် ပေးစေရန် အမိန့်ချမှတ်သည်။ ၎င်းအမိန့်အပေါ် မောင်ထွန်းမြင့်က မွန်ပြည်နယ်တရားရုံးသို့ အယူခံဝင်ရောက်သောအခါ မူလမြို့နယ် တရားရုံးအမိန့်ကိုပင် အတည်ပြုသောကြောင့် ဗဟိုတရားရုံးသို့ ပြင်ဆင်မှုတင်သွင်းခဲ့သည်။

**ဗဟိုတရားရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

စွဲဆိုသည့် တရားလိုဘက်မှ တင်ပြသည်မှာ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူ မောင်ထွန်းမြင့်နှင့် ဒဏ်ရာရရှိသူ မောင်ကျော်မင်းတို့သည် ကွင်းပေါက်ရွာပွဲတွင် ရန်ဖြစ်သည်။ ၎င်းပွဲအပြီး နှစ်ရက်အကြာ ည(၁၁)နာရီအချိန်ခန့်တွင် ရုပ်ရှင်ရုံမှ ပြန်လာသော မောင်ကျော်မင်းတို့ စီးလာသည့် လှည်းကိုလမ်းပေါ်မှ လေးခွနှင့်ပစ်သောကြောင့် မောင်ကျော်မင်း၏ လက်ယာဘက်မျက်စိကို ထိမှန်သည်။ မျက်စိလုံးဝပျက်စီးသောကြောင့် ကျောက်မျက်လုံးထည့်ရကြောင်း စိစစ်ခဲ့သည်။

ဤသို့ လေးခွနှင့်ပစ်သူမှာ မောင်ထွန်းမြင့်ဖြစ်ကြောင်းမောင်ကျော်မင်းနှင့်အတူ လှည်းတွင်လိုက်ပါလာသည့် မောင်အုန်းကြိုင်နှင့် မောင်တလယ် သက်သေ(၂) ဦးတို့က ထွက်ဆိုသည်။ သို့ရာတွင် အခြားအတူလိုက်ပါလာသူ မောင်အမေ့သားကမူ **"လေးခွနှင့်ပစ်ပြီး မိမိတို့လှည်းကို အမြန်မောင်းပြေးရသောကြောင့် ပစ်သူကို လှည်းပေါ်က လူများက မသိရှိကြောင်း ထွက်ဆိုသည်။"**

မောင်ကျော်မင်း လေးခွနှင့် အပစ်ခံရသော အချိန်မှာ ည (၁၁) နာရီခန့် ဖြစ်သောကြောင့် လသာသောညဖြစ်သည်ဆိုစေကာမူ မည်သူက ပစ်ကြောင်း တိကျစွာစွပ်စွဲနိုင်ရန် လွယ်ကူမည်မဟုတ်ဟု ဗဟိုတရားရုံးက သုံးသပ်ခဲ့သည်။ မောင်ကျော်မင်းအား လေးခွနှင့်အပစ်ခံရသည်နှင့် တစ်ပြိုင်နက် လှည်းကို မောင်းပြေးရသောကြောင့် ညအချိန် လရောင်အောက်တွင် လေးခွပစ်သူအား တိကျစွာမှတ်မိသည်ဆိုခြင်းမှာ ယုတ္တိမရှိကြောင်း၊ ထို့ကြောင့်လည်း မောင်ကျော်မင်းသည် လေးခွထိမှန်ခြင်းခံရပြီးနောက် ရဲစခန်းသို့ တိုင်တန်းရာတွင် "ဦးဘိုးကျော်၏သား အမည်မသိသူက ခဲနှင့်ပစ်ကြောင်း" တိုင်ကြားသည်။ နောက်ပိုင်းမှသာ ဦးသာအေး၏သား ယခုပြစ်ဒဏ်ချမှတ်ခြင်းခံထားရသူ မောင်ထွန်းမြင့်ဖြစ်ကြောင်း ပြင်ဆင်တိုင်တန်းသည်ကိုလည်း ဗဟိုတရားရုံးက စိစစ်ဖော်ထုတ်ခဲ့သည်။

အမှုတိုင်တန်းသူသည် ရဲစခန်းတွင် ပထမသတင်းပေးတိုင်တန်းချက်နှင့် နောက်ပိုင်း ထွက်ဆိုချက်များ သိသာထင်ရှားစွာ ကွဲပြားခြားနားလျက်ရှိသော အမှုမျိုးတွင် တရားခံအပေါ် သံသယကင်းရှင်းစွာ အပြစ်ဒဏ်ပေးနိုင်မည်မဟုတ်ချေ။ သဘာဝယုတ္တိအားဖြင့်လည်း လျှောက်ထားသူ မောင်ထွန်းမြင့်သည် လူအများနီးကပ်စွာထိုင်လျက်ရှိသော လှည်းပေါ်တွင် မိမိနှင့်ရန်ငြိုးဖြစ်ဖူးသော မောင်ကျော်မင်းအား လေးခွနှင့်ထိမှန်အောင်ပစ်သည်ဆိုခြင်းမှာ စဉ်းစားရန်ရှိပေသည်။ ထို့ပြင် လှည်းပေါ်တွင် မောင်ကျော်မင်းနှင့်အတူ လိုက်ပါလာသူတစ်ဦးက ပစ်သူကို မမှတ်မိနိုင်ကြောင်း ထွက်ဆိုသောကြောင့် တရားလိုဘက်မှ တင်ပြသော သက်သေခံ အထောက်အထားများသည် တရားခံအပေါ် အပြစ်ပေးနိုင်သည်ထိ ပြီးပြည့်စုံသည်ဟု မယူဆနိုင်ကြောင်း ဗဟိုတရားရုံးက စိစစ်ဝေဖန်သုံးသပ်ခဲ့သည်။

ဒဏ်ရာရရှိသူ မောင်ကျော်မင်းမှာ မျက်စိတစ်ဖက် ပျက်စီးသောကြောင့် များစွာနစ်နာသည်မှန်သော်လည်း ဤသို့ နစ်နာခြင်းကို အကြောင်းပြု၍ **"သံသယကင်းရှင်းစွာ အပြစ်မပေးနိုင်သူတစ်ဦးကို အပြစ်ပေးရန်သင့်လျော်မည်မဟုတ်သောကြောင့်"** ပြင်ဆင်မှု လျှောက်ထားသူ မောင်ထွန်းမြင့်အပေါ် မြို့နယ်တရားရုံးနှင့် တိုင်းတရားရုံးတို့က ချမှတ်သော အပြစ်ဒဏ်ကို ပယ်ဖျက်၍ အမှုမှအပြီးအပြတ် လွှတ်စေရန် ဗဟိုတရားရုံးက အမိန့်ချမှတ်လိုက်ပါသည်။ ဒဏ်ငွေပေးဆောင်ပြီးဖြစ်ခဲ့လျှင် မောင်ထွန်းမြင့်အား ပြန်လည်ထုတ်ပေးစေရမည်ဖြစ်ကြောင်း အမိန့်တွင်ပါရှိခဲ့ပါသည်။

အထက်ပါအမှုသည် **၁၉၇၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၄၈ မောင်ထွန်းမြင့်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် (မောင်ကျော်မင်း) ၁၉၇၄ ခုနှစ်၊ ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုအမှတ် ၃၉၆ (ခ) ဗဟိုတရားရုံးဖြစ်သည်။**

အထက်ပါအမှုကို ဦးလွင်မောင်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင်များအဖြစ် ဗိုလ်မှူးကြီးလှမောင်၊ဦးစိုးလှိုင်တို့ပါဝင်သော ဗဟိုတရားစီရင်ရေးအဖွဲ့က စီရင်ဆုံးဖြတ် ထုံးဖွဲ့ခဲ့ခြင်းဖြစ်သည်။ ထိုစဉ်ကာလက ပြည်သူ့တရားသူကြီးအဖွဲ့ (ဗဟိုတရားရုံး) သည် ရန်ကုန်မြို့တွင် ရုံးစိုက်သည်။ မွန်ပြည်နယ်သား မောင်ထွန်းမြင့်သည် ချောင်းဆုံမြို့နယ်ရုံးမှ မွန်ပြည်နယ်တရားရုံး (မော်လမြိုင်) သို့လည်းကောင်း၊ ထိုမှတစ်ဖန် အဆင့်မြင့် ရုံးတော်ရှိရာ (ဗဟိုတရားရုံး) ရန်ကုန်မြို့သို့လည်းကောင်း မဆုတ်မနစ်သော ဇွဲလုံ့လ ရှိစုမဲ့စု ဓနအင်အားဖြင့် ဝေးလံလှသောခရီးကို ထိုက်တန်သော ရှေ့နေခပေး၍ ပြင်ဆင်မှုတက်ရောက်နိုင်ခဲ့၍သာလျှင် ဥပဒေကပေးသော အမှန်တရားကို ခံစားခွင့် ရရှိခဲ့ခြင်းဖြစ်ကြောင်း မြင်သာပါသည်။ အဆင့်မြင့်ရုံးတော်သို့ မတက်ရောက်နိုင်ခဲ့ပါလျှင် မောင်ထွန်းမြင့် ပြစ်မှုမကျူးလွန်ပါဘဲလျက် ပြစ်ဒဏ်ကျခံရတော့ မည်ဖြစ်သည်။

သို့ပါ၍ မူလတရားရုံး၊ ပထမအယူခံရုံး စသည့် အောက်ရုံးများသည် အဆင့်မြင့်ရုံးတော်၏ ဆင်ခြင်သုံးသပ်ဆုံးဖြတ်ချက်အပေါ် သင်ခန်းစာရယူ၍ တရားစီရင်ရေးကို ပြည်သူအများ လေးစားယုံကြည်အားကိုးနိုင်ကြစေရန် စွမ်းဆောင်နိုင်ကြပါစေကြောင်း ဆန္ဒပြုရေးသား တင်ပြလိုက်ရပါသည်။

# နမ့်စန်မြို့နယ် ဟိုတိကျေးရွာ၌
# VDP စီမံကိန်းမိတ်ဆက်ခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**နမ့်စန် မေ ၂၈**

ရှမ်းပြည်နယ်တောင်ပိုင်း နမ့်စန်ခရိုင် နမ့်စန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟိုတိကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (VDP) စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို မေ ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နမ့်စန်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မြင့်လွင်ဦးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP) အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ နမ့်စန်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းမြတ်ဟိန်းစိုးက စီမံကိန်းလက်စွဲစာစောင်ပါ စည်းကမ်းသတ်မှတ်ချက်များ၊ ကော်မတီဝင်များ၏ တာဝန်နှင့်ရပိုင်ခွင့်များ၊ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ကျေးရွာပြည်သူလူထုက ပူးပေါင်းပါဝင်ဆောင်ရွက်ပေးရမည့်အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက်အခမ်းအနားသို့ တက်ရောက်လာကြသော ကျေးရွာတာဝန်ရှိသူများ ကျေးရွာသူ၊ ကျေးရွာသားများက ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း ကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် ဌာနမှဝန်ထမ်းများက နည်းပညာပံ့ပိုးပေးကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။



**သံသာ**

# ဖောင်းပြင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**မော်လိုက် ဧပြီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဖောင်းပြင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၄၀၇ ကေစိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၂၉ ဒသမ ၂ တင်း ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ဖောင်းပြင်မြို့နယ်မှာ နေကြာ ၂၄၀၇ ကေထိ စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နေကြာခင်းတွေ အခုလက်ရှိအချိန်မှာတော့ ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ပြည်ပမှ တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ရန်အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးရေး ဆောင်ရွက်ပေးခဲ့ပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ကေဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက်များပါတယ်" ဟု မော်လိုက်ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ဖောင်းပြင်မြို့နယ်တွင် နေကြာတိုးချဲ့ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ အရှိန်မြှင့်တင်ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည်မြှင့်မားရေးအတွက် ပညာပေးသင်တန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# ဓနုဖြူမြို့နယ် မရမ်းချောင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**ဓနုဖြူ ဧပြီ ၂၈**

မအူပင်ခရိုင် ဓနုဖြူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အုန်းပင်ကွင်းကျေးရွာအုပ်စု မရမ်းချောင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ဧပြီလ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဓနုဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထွန်းလင်းကျော်၊ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဝင်များနှင့် အတူ မရမ်းချောင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီးနောက် မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ ကျေးရွာတွင်း လမ်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ အလေးထား ကြိုးပမ်းဆောင်ရွက်ရန် ဆွေးနွေးမှာကြားခဲ့သည်။

မရမ်းချောင်းကျေးရွာ၌ လမ်းအရှည် ပေ ၅၀၀၊ အကျယ်ပေ ၁၂၊ အမြင့် ခုနစ်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ရန်ပုံငွေကျပ် သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေ ငွေကျပ်သိန်း ၃၀၊ စုစုပေါင်း ငွေကျပ်သိန်း ၁၈၀ ဖြင့် ဓနုဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အင်ဂျင်နီယာဝန်ထမ်းများ၏ နည်းပညာပံ့ပိုးကူညီမှုဖြင့် ကျေးရွာကော်မတီဝင်များနှင့် ကျေးရွာပြည်သူများကိုယ်တိုင် စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၉၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ပြီး ရာနှုန်းပြည့်ပြီးစီးသွားပါက အဆိုပါ ကွန်ကရစ်လမ်းကို ရာသီမရွေး အသုံးပြု၍ ကျေးရွာရှိ ကျေးရွာပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ဓနုဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**တေဇာလင်း**

# ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း နေလှန်းဆားပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ငပုတော ဧပြီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့မတ်လအတွင်း နေလှန်းဆားပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ငပုတောမြို့နယ်မှ နေလှန်းဆား ထုတ်လုပ်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖေဖော်ဝါရီလအတွင်း ဒေသထွက်နေလှန်းဆား ပိဿာချိန် ၅၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လအတွင်း နေလှန်းဆား ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေသထွက် နေလှန်းဆားတွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ တစ်လအတွင်း ဆားပိဿာချိန် ၈၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ထဲကို တင်ပို့ရောင်းချခဲ့ပါရတယ်။



အခုလိုနေလှန်းဆားတွေ အရောင်းအဝယ်ကောင်းလာတော့ ဆားထုတ်လုပ်တဲ့လုပ်ငန်းနဲ့ ဆက်စပ်သူတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး အဆင်ပြေလာပါတယ်"ဟု ငပုတောမြို့နယ် ဆားထုတ်လုပ်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးမြတ်က ပြောပြသည်။

ငပုတောမြို့နယ်တွင် ဒေသထွက် နေလှန်းဆားများကို ဆားထုတ်လုပ်ရေး ပွဲရုံပိုင်ရှင်များက စနစ်ကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ နေလှန်းဆား ပိဿာချိန် ၁၀၀ လျှင် ငွေကျပ် ၄၇၀၀၀ ထိပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ညောင်ဦးမြို့နယ် တောင်ဘကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ညောင်ဦး ဧပြီ ၂၈**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ဘကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း (RBF) လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဧပြီ ၂၇ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက တောင်ဘကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်း(RBF)ရန်ပုံငွေဖြင့် အသားတိုးဝက်မွေးမြူရေး လုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှန်ကန်မှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အဖွဲ့လေးဖွဲ့မှ အဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ စီမံကိန်းလုပ်ငန်းများ အောင်မြင်စေရေးတို့အတွက် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ တောင်ဘကျေးရွာ၌ အသားတိုးဝက်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အဖွဲ့လေးဖွဲ့ကို ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း(RBF) ရန်ပုံငွေကျပ် သန်း ၃၀ ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးထားပြီး အသင်းသား၊ အသင်းသူဦးရေ ၂၀ မှ အသားတိုးဝက်အကောင်ရေ ၄၀ ကို မွေးမြူဆောင်ရွက်လျက် ရှိကြောင်း ညောင်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးက ပြောပြ၍ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ဇေယျာသီရိမြို့နယ် ရှမ်းရွာကျေးရွာ၌ RBF စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**နေပြည်တော် ဧပြီ ၂၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ဇေယျာသီရိခရိုင်ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျောက်ချက်ကျေးရွာအုပ်စု ရှမ်းရွာကျေးရွာ၌ ကျေးလက်စီးပွားရေးမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း(RBF) စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဧပြီ ၂၇ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်သူများအတွက် လိုအပ်သောငွေကြေးအရင်းအနှီးများရရှိစေရန် စသည့် ရည်ရွယ်ချက်များအကျိုးကျေးဇူးများကို ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းက စီမံကိန်း လက်စွဲစာစောင်ပါ အကြောင်းအရာများ၊ ကော်မတီဖွဲ့စည်းရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ စီမံကိန်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ရပ်မိရပ်ဖများ ကျေးရွာသူ၊ ကျေးရွာသားများက စီမံကိန်းလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်နိုင်မည့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို အများသဘောဆန္ဒနှင့် အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်ထံမှ သိရသည်။ **နော်လူး**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# ပင်လယ်ရေအောက်စွမ်းဆောင်ရည်မြှင့်တင်ပေးမည့် တရုတ်နိုင်ငံ၏နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများ

နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောအုပ်စု ထူထောင်သွားမည့် တရုတ်နိုင်ငံ၏ကြိုးပမ်းမှုသည် ၎င်း၏ မဟာဗျူဟာမြောက်ချဉ်းကပ်မှုကို ပစိဖိတ်သမုဒ္ဒရာမှသည် အိန္ဒိယသမုဒ္ဒရာထိ တိုးချဲ့သွားနိုင်မည်ဖြစ်သလို ဒေသတွင်း၌ နျူကလီးယားစွမ်းအင်သုံး ပင်လယ်ရေအောက်တပ်ဖွဲ့များ တိုးချဲ့တည်ဆောက်လာရန် စေ့ဆော်မှုလည်းဖြစ်လာနိုင်သည်။

အမေရိကန်ရေတပ်၏ ထောက်လှမ်းရေးအကြီးအကဲ ရေတပ်ဗိုလ်ချုပ်မိုက်ဘရွတ်ကီးစ်က တရုတ်နိုင်ငံသည် ၎င်း၏ပင်လယ်ရေအောက် စစ်ဆင်ရေးစွမ်းဆောင်ရည်များ ခိုင်မာအားကောင်းလာစေရန်နှင့် ရေပြာအဆင့်ရေတပ်စွမ်းအားတိုးချဲ့ရန် ပိုမိုကျယ်ပြန့်သော ကြိုးပမ်းမှုတစ်ရပ်အနေဖြင့် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောအုပ်စုတစ်ခု တည်ဆောက်သွားရန် အဓိကအရွေ့တစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း အမေရိကန်-တရုတ်စီးပွားရေးနှင့်လုံခြုံရေးဆိုင်ရာ သုံးသပ်မှုကော်မရှင် (USCC)သို့ ပြောကြားသွားခဲ့သည်။

ဗိုလ်ချုပ်မိုက်ဘရွတ်ကီးစ်၏အဆိုအရ သမားရိုးကျ ဒီဇယ်စွမ်းအင်သုံးရေငုပ်သင်္ဘော(SSK) အစီး ၅၀၊ နျူကလီးယားစွမ်းအင်သုံး တိုက်ခိုက်ရေးရေငုပ်သင်္ဘော(SSN)နှင့် ပဲ့ထိန်းဒုံးကျည်တင်ရေငုပ်သင်္ဘောများအပါအဝင် ရေငုပ်သင်္ဘောအစီး ၆၀ ကျော်ဖြင့် တာဝန်ထမ်းဆောင်လျက်ရှိသော တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော် ရေတပ် (PLAN) သည် စဉ်ဆက်မပြတ် တာဝန်ထမ်းဆောင်ရန်နှင့် မဟာဗျူဟာမြောက်ဟန့်တားမှုနှင့် ပင်လယ်ရေကြောင်းထိန်းသိမ်းမှုတို့ကို အထောက်အကူပြုနိုင်ရန် သမားရိုးကျရေငုပ်သင်္ဘောများမှသည် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများ တည်ဆောက်သွားမည့်အစီအစဉ်ကို ပြောင်းလဲဖော်ဆောင်လျက်ရှိကြောင်း သိရှိရသည်။

အဆိုပါအရွေ့သည် သမားရိုးကျရေငုပ်သင်္ဘော အရေအတွက်များစွာအပေါ်မှီခိုနေခြင်းမှ အခြေခံကျကျ ပြောင်းလဲဖော်ဆောင်နေမှုကို ထင်ဟပ်စေလျက်ရှိသဖြင့် နျူကလီးယားစွမ်းအင်သုံး တွန်းကန်အားစနစ်သည် အမေရိကန်နှင့် မဟာမိတ်ရေတပ်များနှင့်ယှဉ်ပြိုင်ရေးအတွက် ကာလကြာရှည် တာဝန်ထမ်းဆောင်နိုင်ခြင်း၊ တာဝေးထမ်းဆောင်မှု အကွာအဝေး တိုးချဲ့နိုင်ခြင်းနှင့် လိုက်လျောညီထွေတာဝန်ထမ်းဆောင်နိုင်မှု စသည့်အားသာချက်များကို ကမ်းလှမ်းပေးသွားမည်ဖြစ်သည်။

တရုတ်နိုင်ငံသည် အဓိကသင်္ဘောကျင်းကြီး သုံးခု၌ ရေငုပ်သင်္ဘောတည်ဆောက်ရေးအခြေခံအဆောက်အအုံများကို တိုးချဲ့တည်ဆောက်လျက်ရှိသဖြင့် ၂၀၃၀ ပြည့်လွန်နှစ်များတွင် အဆင့်မြင့် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများ စဉ်ဆက်မပြတ်တည်ဆောက်သွားနိုင်ရန် သင်္ဘောတည်ဆောက်မှုစွမ်းဆောင်ရည်ကို သုံးဆမြှင့်တင်နိုင်ပြီး ထုတ်လုပ်မှုစွမ်းဆောင်ရည် နှစ်ဆထိတိုးမြှင့်သွားနိုင်မည်ဖြစ်သည်။

Type 041 Zhou-class ကဲ့သို့သော အသေးစား နျူကလီးယားတိုက်ခိုက်ရေး ရေငုပ်သင်္ဘောများကို ဒေသတွင်းကင်းလှည့်မစ်ရှင် ထမ်းဆောင်ရန်နှင့် အကြီးစားရေငုပ်သင်္ဘောများထက် ကုန်ကျစရိတ်သက်သာစွာဖြင့် မစ်ရှင်များထမ်းဆောင်နိုင်ရန် ဒီဇိုင်းရေးဆွဲတည်ဆောက်ထားခြင်းဖြစ်သည်။ တစ်ချိန်တည်းမှာပင် မျိုးဆက်သစ် Type 095 SSGNsများနှင့် Type 096 SSBNs များသည် ၂၀၂၀ ပြည့်လွန်နှောင်းပိုင်းကာလများနှင့် ၂၀၃၀ ပြည့်လွန်နှစ်များတွင် အသံပိုမိုတိတ်ဆိတ်သော နျူကလီးယားဓာတ်ပေါင်းဖိုများ၊ အဆင့်မြင့်အာရုံခံကိရိယာများနှင့် တာဝေးပစ်ရေငုပ်သင်္ဘောတင်ပဲ့ထိန်းဒုံးကျည်များ ပေါင်းစပ်တပ်ဆင်နိုင်ရန်မျှော်မှန်းထားရှိသောကြောင့် တရုတ်နိုင်ငံအနေဖြင့် အနီးအနားရေပိုင်နက်များကာကွယ်မှုနှင့် ဟန့်တားကင်းလှည့်မစ်ရှင်များ ဆက်လက်ထိန်းသိမ်းထားရှိနိုင်စေမည်ဖြစ်သည်။

တရုတ်နိုင်ငံသည် ထိုသို့အဆင့်မြှင့်တင်တည်ဆောက်မှုများရှိနေသည့်တိုင်အောင် နျူကလီးယား



Type 095 SSGNs ကို တွေ့ရစဉ်။

ရေငုပ်သင်္ဘောတည်ဆောက်မှု အခြေစိုက်စခန်းများ၌ တိုးမြှင့်တည်ဆောက်ရာတွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရဆဲပင်ဖြစ်သည်။ တရုတ်နိုင်ငံ၏ ရေငုပ်သင်္ဘောစက်မှုအခြေစိုက်စခန်းသည် တွန်းကန်အားစနစ်များနှင့် အသံတိတ်ဆိတ်လုံခြုံမှုတို့တွင် နည်းပညာပိုင်းဆိုင်ရာစိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရဆဲပင်ဖြစ်သည်။ အမှန်တွင် အဆိုပါနည်းပညာနယ်ပယ်များတွင် အနောက်နိုင်ငံများနှင့် ရုရှားနိုင်ငံတို့သည် ပိုမိုအဆင့်မြင့်မားလျက်ရှိသည်။

တရုတ်အင်ဂျင်နီယာများသည် တုန်ခါမှုနှင့် ဆူညံသံလျှော့ချရေး၊ အသံစုပ်ယူမှုအလွှာများ တပ်ဆင်ရေးတို့အတွက် ရုန်းကန်ရလျက်ရှိပြီး ၎င်းစနစ်များတပ်ဆင်ရန် နှောင့်နှေးကြန့်ကြာခြင်းသည် အသံလှိုင်းများ ပိုမိုထုတ်လွှတ်နိုင်ပေသည်။ မည်သို့ပင်ဆိုစေ နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောအုပ်စုသည် တရုတ်နိုင်ငံကို ပစိဖိတ်သမုဒ္ဒရာအတွင်း ဝင်ရောက်မည့် ၎င်း၏လေယာဉ်တင်သင်္ဘော တိုက်ခိုက်ရေးအဖွဲ့(CSGs)များကို အစောင့်လိုက်ပါနိုင်မည့် စွမ်းဆောင်ရည်များ မြှင့်တင်ပေးနိုင်မည်ဖြစ်သည်။

ထို့ကြောင့် တရုတ်နိုင်ငံသည် တရုတ်(တိုင်ပေ)အရေး၌ အမေရိကန်နှင့် မဟာမိတ်များ ဝင်ရောက်စွက်ဖက်လာမှုကိုဟန့်တားရန် ပထမကျွန်းတန်းအလွန်တွင် တာဝန်ထမ်းဆောင်နေသော အမေရိကန်လေယာဉ်တင်သင်္ဘောအုပ်စုကို ခြိမ်းခြောက်နိုင်စေမည့်အပြင် တုံ့ပြန်တိုက်ခိုက်နိုင်မည့် နျူကလီးယားစွမ်းဆောင်ရည်အတွက်လည်း တောင်တရုတ်ပင်လယ်ရှိ ခံစစ်များအတွင်း၌ SSBN ကင်းလှည့်စောင့်ကြပ်မှုများကို စဉ်ဆက်မပြတ်လုပ်ဆောင်နိုင်စေမည်ဖြစ်သည်။

နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောတပ်ဖွဲ့သည် တင်ပြပါစွမ်းဆောင်ရည်များအပြင် တရုတ်နိုင်ငံ၏စွမ်းအားကို ပစိဖိတ်သမုဒ္ဒရာအထိဖြန့်ကြက်သွားစေနိုင်မည်ဖြစ်သည်။ တရုတ်နိုင်ငံသည် အိန္ဒိယနိုင်ငံ၏ ပင်လယ်ပြင်အခြေစိုက်ဟန့်တားမှု စွမ်းဆောင်ရည်များကိုခြိမ်းခြောက်ရန် နျူကလီးယားရေငုပ်သင်္ဘောများကို အသုံးပြုသွားဖွယ်ရာရှိသည်။ တရုတ်နှင့်အိန္ဒိယနိုင်ငံတို့သည် ဟိမဝန္တာတောင်တန်းဒေသ၌ကာလရှည်ကြာ နယ်စပ်အငြင်းပွားမှုများရှိနေသဖြင့် နျူကလီးယားပိုင်ဆိုင်သည့် နှစ်နိုင်ငံကြား ပဋိပက္ခကြီးထွားလာနိုင်သည့် အလားအလာရှိနေသည်။

အိန္ဒိယနိုင်ငံသည် ဘင်္ဂလားပင်လယ်အော်တွင်းရှိ ခံတပ်များ၌ ကီလိုမီတာ ၇၀၀ ထိ ရောက်ရှိ ပစ်ခတ်နိုင်သည့် Sagarika အမျိုးအစား ရေငုပ်သင်္ဘောတင်ပဲ့ထိန်းဒုံးကျည်(SLBMs) ၁၂ စင်းတပ်ဆင်ထားသည့် INS Arihant SSBN ရေငုပ်သင်္ဘောလေးစင်းထိ တပ်ဖြန့်ချထားရန် စီစဉ်ထားရှိသည်။ ထို့ပြင် မျိုးဆက်သစ် INS Arighat ကိုလည်း ကီလိုမီတာ ၃၅၀၀ ခန့်ထိ ရောက်ရှိပစ်ခတ်နိုင်သော K-4 SLBM များတပ်ဆင်သွားနိုင်သည့်အတွက် တရုတ်နိုင်ငံပြည်မကြီးထိပင် ရောက်ရှိနိုင်ပေသည်။

ထို့ကြောင့် တရုတ်နိုင်ငံသည် ဘင်္ဂလားပင်လယ်အော်ရှိ အိန္ဒိယ၏ SSBNs များနှင့် တောင်တရုတ်ပင်လယ်ရှိ တရုတ်နိုင်ငံ၏ SSBNs များကို ခြေရာခံလာဖွယ်ရာရှိသည့် အမေရိကန်ရေတပ်၏ SSNs များကိုခြေရာခံနိုင်ရန် ၎င်း၏ SSNs များကိုအသုံးပြုသွားနိုင်သည်။ တရုတ်နိုင်ငံ၏ SSN သည် ၂၀၁၃ ခုနှစ်တွင် အိန္ဒိယသမုဒ္ဒရာအတွင်း ကင်းလှည့်ခဲ့ပြီး အေဒင်ပင်လယ်ကွေ့ထိသွားရောက်သည့်မစ်ရှစ်ကို အောင်မြင်စွာထမ်းဆောင်နိုင်ခဲ့သဖြင့် ကန့်သတ်ချက်ရှိသော ထောက်ပံ့ဖြည့်တင်းမှုများရှိနေသော ဒေသများအတွင်း တာဝေးကင်းလှည့်မှုမစ်ရှင်များကို ထမ်းဆောင်နိုင်ကြောင်း ပြသခဲ့သည်။

သို့သော် တရုတ်နိုင်ငံသည် အိန္ဒိယသမုဒ္ဒရာသို့ရောက်ရှိရေး ပထဝီဆိုင်ရာအတားအဆီးများကိုရင်ဆိုင်ရလျက်ရှိပြီး မလက်ကာ၊ လွန်ဘော့၊ ဆွန်ဒါနှင့် အွန်ဘိုင်ရေလက်ကြားကဲ့သို့သော မဟာဗျူဟာမြောက် အကျပ်အတည်းနေရာများကို ဖြတ်သန်းသွားရန်လိုအပ်သည်။ မလက်ကာရေလက်ကြား၏ ရေစူးတိမ်ခြင်းနှင့် ကုန်တင်သင်္ဘောများ သွားလာမှုများပြားခြင်းတို့သည် ရေငုပ်သင်္ဘောများ ဖြတ်သန်းသွားလာရန် ခက်ခဲစေမည်ဖြစ်သည်။ ဆွန်ဒါရေလက်ကြား၏ ရေစူးပိုမိုတိမ်ခြင်း၊ ကုန်တင်သင်္ဘောများ သွားလာမှုပိုမိုများပြားခြင်းအပြင် သောင်ခုံများနှင့် ရေနံပလက်ဖောင်းများကဲ့သို့သော အတားအဆီးများသည် ရေငုပ်သင်္ဘောများဖြတ်သန်းသွားလာရန် ပိုမိုခက်ခဲစေမည်ဖြစ်သည်။ သို့သော် ရေစူးနက်သော လွန်ဘော့နှင့် အွန်ဘိုင်ရေလက်ကြားများသည် ရေငုပ်သင်္ဘောများ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်သည်။

နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောအုပ်စုတည်ဆောက်ရေး တရုတ်နိုင်ငံ၏ကြိုးပမ်းမှုသည် အိန္ဒိယနိုင်ငံအပြင် ဂျပန်၊ တောင်ကိုရီးယားနှင့် ဩစတြေးလျနိုင်ငံကဲ့သို့သော ပစိဖိတ်နိုင်ငံများကိုလည်း အလားတူကြိုးပမ်းလာရန် ဖိအားဖြစ်စေနိုင်သည်။ တရုတ်နိုင်ငံကဲ့သို့ပင် အိန္ဒိယနိုင်ငံ၏ Project 77 SSNs သည် ဘင်္ဂလားပင်လယ်အော်ရှိ ၎င်း၏ SSBNs များနှင့် အိန္ဒိယသမုဒ္ဒရာရှိ CSGs များကို အစောင့်လိုက်တာဝန်ထမ်းဆောင်နိုင်မည်ဖြစ်သည့်အတွက် ရေငုပ်သင်္ဘောတင် ခရုဇ်ဒုံးကျည်များဖြင့် တာဝေးပစ်တိုက်ခိုက်ရေးစစ်ဆင်ရေးများ ထမ်းဆောင်နိုင်မည့်အပြင် အိန္ဒိယသမုဒ္ဒရာအတွင်း၌ ပြိုင်ဘက်နိုင်ငံများ၏ ရေတပ်ဖွဲ့များဖြန့်ကြက်လာမှုကိုလည်း ဟန့်တားသွားနိုင်မည်ဖြစ်သည်။

အိန္ဒိယနိုင်ငံအပြင် ဂျပန်နှင့်တောင်ကိုရီးယားနိုင်ငံတို့အနေဖြင့်လည်း နျူကလီးယားရေငုပ်သင်္ဘောအုပ်စုတည်ဆောက်သွားမည့် တရုတ်နိုင်ငံ၏ကြိုးပမ်းမှုများကို သတိထားလာနိုင်မည်ဖြစ်သည်။ ဂျပန်နှင့်တောင်ကိုရီးယားနိုင်ငံတို့သည် ဒေသတွင်းလုံခြုံရေးဝန်းကျင် ယိုယွင်းလာမှုနှင့် ပြိုင်ဘက်နိုင်ငံများကြား စစ်ရေးစွမ်းဆောင်ရည်များ တိုးချဲ့လာမှုတို့ကြောင့် အဆင့်မြင့်သမားရိုးကျရေငုပ်သင်္ဘောများအပေါ် ကာလရှည်ကြာမှီခိုအားထားနေမှုကို ပြန်လည်သုံးသပ်လျက်ရှိသည်။

လက်ရှိအချိန်၌ ဂျပန်နှင့်တောင်ကိုရီးယားနှစ်နိုင်ငံစလုံးသည် နျူကလီးယားစွမ်းအင်သုံး ရေငုပ်သင်္ဘောများ တည်ဆောက်နိုင်ရန် စူးစမ်းလေ့လာလျက်ရှိသည်။ ၎င်းရေငုပ်သင်္ဘောများသည် တာဝေးကင်းလှည့်မှုများနှင့် ပင်လယ်ရေကြောင်းကာကွယ်ရေးတို့အတွက် မြန်နှုန်းမြင့်မားခြင်း၊ ကြာရှည်တာဝန်ထမ်းဆောင်နိုင်ခြင်းနှင့် လိုက်လျောညီထွေတာဝန်ထမ်းဆောင်နိုင်ခြင်း စသည့်အားသာချက်များကမ်းလှမ်းပေးထားသည်။ သို့သော် ကုန်ကျစရိတ်၊ လူ့စွမ်းအားနှင့်နိုင်ငံရေးဆိုင်ရာ ကန့်သတ်ချက်များသည် နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောများ တည်ဆောက်ရေးတွင် အဓိကအတားအဆီးများအဖြစ် ဆက်လက်တည်ရှိနေသည်။ ဩစတြေးလျနိုင်ငံ၏ အမေရိကန်၊ ဗြိတိန်တို့နှင့် ပူးပေါင်းဆောင်ရွက်သွားမည့် AUKUS နျူကလီးယားရေငုပ်သင်္ဘောအစီအစဉ်သည်လည်း မသေချာမရေရာဖြစ်ပေါ်လျက်ရှိသည်။

ထို့ကြောင့် တရုတ်နိုင်ငံအနေဖြင့် နျူကလီးယားစွမ်းအင်သုံးရေငုပ်သင်္ဘောအုပ်စု တည်ဆောက်ရာ၌ အောင်မြင်မှုအပြည့်အဝသာ ရရှိမည်ဆိုလျှင် အနာဂတ်တွင် အင်ဒို-ပစိဖိတ်ဒေသ၌ ပင်လယ်ရေအောက်စွမ်းအားဟန်ချက်ကို ပုံဖော်တည်ဆောက်သွားနိုင်မည့်အပြင် ဒေသတွင်းနိုင်ငံများ၌လည်း နျူကလီးယားရေငုပ်သင်္ဘောများ အပြိုင်အဆိုင်တည်ဆောက်လာနိုင်သဖြင့် လုံခြုံရေးဆိုင်ရာ တင်းမာမှုများ မြင့်တက်လာနိုင်ကြောင်း သုံးသပ်ရေးသားအပ်ပါသည်။

**ကိုးကား**

**- China's all-nuke sub push may trigger an undersea race by Asia Times.**

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# ကနေဒါနိုင်ငံ ဗန်ကူးဗားကျွန်းရှိ ကွမ်းဒေသတွင် တောမီးလောင်ကျွမ်းမှုကြောင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းပေးခဲ့ရ



အော့တဝါ ဧပြီ ၂၈

ကနေဒါနိုင်ငံ ဗန်ကူးဗားကျွန်းရှိ ကွမ်းဒေသတွင် တောမီးလောင်ကျွမ်းမှု ဖြစ်ပေါ်နေသောကြောင့် ဒေသခံများကို ဘေးလွတ်ရာရွှေ့ပြောင်းပေးခဲ့ရကြောင်း ဗြိတိသျှကိုလံဘီယာပြည်နယ်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဧပြီ ၂၇ ရက်မှစ၍ ကွမ်းဒေသ တောင်ဘက်ပိုင်း သစ်တောကြိုးပိုင်းအတွင်း လေးကီလိုမီတာခန့်ထိ တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်နေခြင်းဖြစ်ပြီး တောမီးကို ထိန်းချုပ်နိုင်ရေးအတွက် လေကြောင်းအကူအညီကို ရယူထားကြောင်း၊ တောမီးကူးစက် လောင်ကျွမ်းမှုကြောင့် Alberni Highway (Highway 4A) ကို ယာယီပိတ်ထားရသကဲ့သို့ Highway (Highway 19) ကိုလည်းယာယီပိတ်ထားကြောင်း၊ အဝေးပြေး လမ်းမကြီးများကို ယာယီပိတ်ထားရသည့်အတွက် လမ်းပန်းဆက်သွယ်ရေး အခက်အခဲရှိနေကြောင်း သိရသည်။

"ကွမ်းဒေသမှာ ဧပြီ ၂၇ ရက်က စတင်ပြီးတော့ တောမီးလောင်ကျွမ်းမှုတွေ ဖြစ်ပေါ်နေပါတယ်။ တောမီးဟာ ထိန်းချုပ်ရခက်တဲ့အဆင့်ကို ရောက်ရှိနေပါတယ်။ ဒေသခံတွေကို ဘေးလွတ်ရာ ရွှေ့ပြောင်း ပေးခဲ့ရပါတယ်။ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့နဲ့ နေအိမ်တွေဆီ မကူးစက်ဖို့ ဦးစားပေး ငြိမ်းသတ်နေပါတယ်။ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့အတွက် လေကြောင်းအကူအညီကိုလဲ ရယူထားပါတယ်။ တောမီးကူးစက်လောင်ကျွမ်းနေတဲ့ Alberni Highway (Highway 4A) ကို ယာယီပိတ်ထားရသလို Highway(Highway 19) ကိုလဲ ယာယီပိတ်ထားပါတယ်။ အန္တရာယ်ရှိနိုင်တဲ့အတွက်ကြောင့် ယာယီပိတ်ထားတာဖြစ်တဲ့အတွက် လုံးဝအသုံးမပြုကြဖို့ တားမြစ်ထားပါတယ်။ လာမဲ့ရက်ပိုင်းအတွင်း တောမီးကို ထိန်းချုပ်နိုင်ဖို့အတွက် မီးသတ်တပ်ဖွဲ့ဝင် အင်အားတိုးမြှင့်သွားဖို့စီစဉ်နေပါတယ်"ဟု ဗြိတိသျှကိုလံဘီယာပြည်နယ်အာဏာပိုင်အဖွဲ့အစည်းမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် မိုးကြိုးပစ်ချကာ မိုးကြိုးထိမှန်မှုကြောင့် ဒေသခံ ၁၄ ဦးထက်မနည်း သေဆုံး

ဒါကာ ဧပြီ ၂၈

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ဧပြီ ၂၇ ရက်က မုန်တိုင်းဝင်ရောက်တိုက်ခတ်မှုဖြစ်ပေါ်ခဲ့ပြီး မိုးကြိုးပစ်ချမှုကြောင့် မိုးကြိုးထိမှန်ကာ ဒေသခံ လူ ၁၄ ဦးထက်မနည်း သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

မိုးကြိုးထိမှန်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများရှိခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူများကို ဆေးရုံသို့ ပို့ဆောင်ကာ ဆေးကုသမှုခံယူထားစေကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်လာနိုင်သော နေရာများတွင် ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအစီအစဉ်များလည်း စတင်ဆောင်ရွက်နေပြီး မလိုလားအပ်သောဆုံးရှုံးမှုများ ထပ်မံမဖြစ်ပေါ်စေရေးအတွက် ကယ်ဆယ်ရေးဝန်ထမ်းများကို ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေသည့်ဒေသများသို့ စေလွှတ်ထားကြောင်း သိရသည်။

"မုန်တိုင်းရာသီ ရောက်လာပြီဖြစ်သလို မိုးသက်လေပြင်းကျရောက်မှုတွေလဲ ဖြစ်ပေါ်နေပါတယ်။ မိုးသက်လေပြင်းကျရောက်မှုနဲ့အတူ မိုးကြိုးပစ်တာတွေလဲ ဖြစ်ပေါ်နေပါတယ်။ မိုးကြိုးထိမှန်ပြီးတော့ လူ ၁၄ ယောက်ထက်မနည်း သေဆုံးမှုဖြစ်ပွားခဲ့ပါတယ်။ ထိခိုက်ဒဏ်ရာရရှိသူတွေလဲ ရှိနေပါတယ်။ ထိခိုက်ဒဏ်ရာရရှိသူတွေကို ဆေးရုံပို့ဆောင်ပြီး ဆေးကုသမှုခံယူထားစေပါတယ်။ ရေကြီးရေလျှံမှုတွေလဲ ဖြစ်ပေါ်လာနိုင်တဲ့အတွက် ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအစီအစဉ်တွေ ပြုလုပ်နေပြီဖြစ်ပါတယ်"ဟု ဘင်္ဂလားဒေ့ရှ် အရေးပေါ်စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# အင်ဒိုနီးရှားနိုင်ငံ တီမောကျွန်းအနီးတွင် ငလျင်လှုပ်ခတ်ခဲ့ပြီးနောက် နောက်ဆက်တွဲငလျင်များလှုပ်ခတ်နိုင်သဖြင့် ပြည်သူများကို သတိပေးချက်ထုတ်ပြန်ထား

ဂျကာတာ ဧပြီ ၂၈

အင်ဒိုနီးရှားနိုင်ငံ တီမောကျွန်းအနီးတွင် ယနေ့နံနက်ပိုင်းက ပြင်းအား ၅ ဒသမ ၈ မဂ္ဂနီကျူ အဆင့်ရှိ ငလျင်လှုပ်ခတ်ခဲ့ပြီး နောက် နောက်ဆက်တွဲလျင်များ လှုပ်ခတ်နိုင်သဖြင့် ပြည်သူများကို သတိပေးချက် ထုတ်ပြန်ထားကြောင်း အင်ဒိုနီးရှား ဘူမိရူပဗေဒနှင့် မိုးလေဝသအေဂျင်စီက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ငလျင်သည် မြေအောက် အနက်အနည်းငယ်တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သောကြောင့် အနီးအနားရှိ မြို့ရွာများတွင် လှုပ်ရှားမှုကို ပြင်းထန်စွာခံစားခဲ့ရကြောင်း၊ လူနေအဆောက်အအုံ ၁၀ လုံးခန့်နှင့် လမ်း၊ တံတားများ ပျက်စီးခဲ့ကြောင်း၊ လက်ရှိအချိန်ထိ လူသေဆုံးမှုမရှိသော်လည်း ထိခိုက်ဒဏ်ရာရမှုများရှိကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။



လက်ရှိတွင် အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့များကိုလည်း အသင့်အနေအထား ပြင်ထားကြောင်း၊ အင်ဒိုနီးရှားနိုင်ငံသည် ပစိဖိတ်မီးကွင်းပေါ်တွင် တည်ရှိနေသဖြင့် ငလျင်နှင့် မီးတောင်လှုပ်ရှားမှုများ မကြာခဏဖြစ်ပွားလေ့ရှိကြောင်း သိရသည်။

Ref : Russia Today
Trs : KZ

# အမေရိကန်နိုင်ငံ အနောက်ပိုင်းဒေသများတွင် တောမီးများ ပြင်းထန်စွာလောင်ကျွမ်းနေပြီး လူနေရပ်ကွက်များသို့ နီးကပ်လာနေ

ဝါရှင်တန် ဧပြီ ၂၈

အမေရိကန်နိုင်ငံ အနောက်ပိုင်းဒေသများတွင် အပူချိန်မြင့်တက်လာခြင်းနှင့် လေထုခြောက်သွေ့မှုများကြောင့် တောမီးလောင်ကျွမ်းမှုများ ပြန်လည်ပြင်းထန်လာကာ လူနေရပ်ကွက်များသို့ နီးကပ်လာနေကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက ယနေ့တွင် ပြောကြားခဲ့သည်။

တောမီးသည် ကယ်လီဖိုးနီးယား၊ အရီဇိုးနားနှင့် နီဗားဒါးပြည်နယ်တို့အပါအဝင် ဒေသတချို့သို့ပျံ့နှံ့ခဲ့ပြီး တောမီးလောင်ကျွမ်းမှုများသည် လေပြင်းတိုက်ခတ်မှုကြောင့် တောင်တန်းနှင့် သစ်တောဒေသများမှ တစ်ဆင့် နေအိမ်များရှိရာသို့ လျင်မြန်စွာ ပျံ့နှံ့ခဲ့ကြောင်း၊ မီးတောက်များသည် လူနေရပ်ကွက်များနှင့် မီတာအနည်းငယ်သာ ကွာဝေးသဖြင့် ဒေသခံများကို အရေးပေါ်ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခိုင်းထားကြောင်း သိရသည်။

မီးငြိမ်းသတ်ရေးအတွက် မီးသတ်တပ်ဖွဲ့ဝင် ဦးရေ ၃၀၀၀ ကျော်ကို တပ်ဖြန့်ချထားပြီး လေယာဉ်များဖြင့် ရေဖျန်းမီးငြိမ်းသတ်ခြင်း၊ မီးတားလမ်းများ ဖောက်လုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိသော်လည်း မိုးရွာသွန်းမှုနည်းပါးခြင်းနှင့် မြေဆီလွှာခြောက်သွေ့မှုများကြောင့် တောမီးကို ထိန်းချုပ်ရန် အခက်အခဲများရှိနေကြောင်း သိရသည်။

တောမီးကြောင့် လေထုအရည်အသွေးဆိုးရွားလာသဖြင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကျန်းမာရေး အန္တရာယ်များကိုလည်း အာဏာပိုင်များက သတိပေးထားပြီး အထူးသဖြင့် ကလေးငယ်များနှင့် အသက်အရွယ်ကြီးသူများကို အိမ်အတွင်း၌သာ နေထိုင်ကြရန်အကြံပြုထားကြောင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကျွမ်းကျင်သူများက အပူချိန်မြင့်တက်မှုနှင့် မိုးရွာသွန်းမှုပုံစံများ ပြောင်းလဲလာခြင်းက တောမီးလောင်ကျွမ်းမှုကာလကို ပိုမိုရှည်လျားစေပြီး မီးလောင်ကျွမ်းမှုများ ပိုမိုပြင်းထန်လာစေနိုင်သည်ဟု သတိပေးထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

# အမေရိကန်နိုင်ငံ ကန်ဆက်ပြည်နယ် အရှေ့တောင်ဘက်ပိုင်းတွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် နေအိမ်များပျက်စီး

ဝါရှင်တန် ဧပြီ ၂၈

အမေရိကန်နိုင်ငံ ကန်ဆက်ပြည်နယ် အရှေ့တောင်ဘက်ပိုင်းတွင် ဧပြီ ၂၇ ရက်က အားကောင်းသည့်လေဆင်နှာမောင်း ဖြတ်သန်းတိုက်ခတ်ခဲ့ရာ နေအိမ်များပျက်စီးခဲ့ကြောင်း ကန်ဆက်ပြည်နယ်အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

လေဆင်နှာမောင်းသည် မောင့်ဂိုမာရီကောင်တီကို ဗဟိုပြုတိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး မောင့်ဂိုမာရီကောင်တီတွင် နေအိမ်များပျက်စီးခဲ့ပြီး ပျက်စီးခဲ့သောနေအိမ်အရေအတွက်ကို စိစစ်ဆဲဖြစ်ကြောင်း၊ ပျက်စီးခဲ့သောနေအိမ်အများစုမှာ အိမ်ခေါင်မိုးများ ပျက်စီးခဲ့ခြင်းဖြစ်ပြီး အခြေအနေတည်ငြိမ်သွားမှသာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လေဆင်နှာမောင်းကြောင့် အများပြည်သူပိုင်အဆောက်အအုံများ ပျက်စီးခဲ့သကဲ့သို့ ပြည်သူပိုင်ပစ္စည်းအမျိုးအစားစုံ ၁၇၀ ခန့်ထိ ပျက်စီးခဲ့ကြောင်း သိရသည်။

"မောင့်ဂိုမာရီကောင်တီကို ဗဟိုပြုပြီးတော့ လေဆင်နှာမောင်း ဖြတ်သန်း တိုက်ခတ်ခဲ့ပါတယ်။ လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် နေအိမ်တွေပျက်စီးခဲ့ပြီးတော့ အခြေခံအဆောက်အအုံတွေ ပျက်စီးခဲ့ပါတယ်။ အများပြည်သူပိုင်ပစ္စည်း အမျိုးအစားစုံ ၁၇၀ လောက်ထိ ပျက်စီးခဲ့ပါတယ်။ လေဆင်နှာမောင်းကြောင့် ပျက်စီးခဲ့တဲ့နေအိမ်အများစုက အိမ်ခေါင်မိုးတွေ ပျက်စီးခဲ့တာဖြစ်ပါတယ်။ အိမ်ခေါင်မိုးတွေ ပျက်စီးပြိုကျခဲ့ပြီးတော့ ဒေသခံတစ်ယောက်ထိခိုက်ဒဏ်ရာရရှိခဲ့ပါတယ်။ ထိခိုက်ဒဏ်ရာရရှိသူကတော့ အသက် ၇၁ နှစ်အရွယ်အမျိုးသားဖြစ်ပြီး လိုအပ်တဲ့ဆေးကုသမှုတွေ ပြုလုပ်ပေးနေပါတယ်။ မစိုးရိမ်ရပါဘူး"ဟု မောင့်ဂိုမာရီကောင်တီ အရေးပေါ်စီမံခန့်ခွဲရေးအေဂျင်စီမှ ပြောရေးဆိုခွင့်ရှိသူ ရစ်ဝစ်ဆင်က ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

# ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲလွမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**ကန့်ဘလူ ဧပြီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ပဲလွမ်း ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲလွမ်း ၂၄၀၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ပဲလွမ်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧက လျှင် ၁၅ ဒသမ ၃၂ တင်း ထွက်ရှိကြောင်း သိရသည်။

"ကန့်ဘလူမြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ ပဲလွမ်း ၂၄၀၃ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ပဲလွမ်းစိုက်ခင်းတွေ လက်ရှိမှာတော့ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ ပဲလွမ်းစိုက်ပျိုးမှုနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့၊ အထွက်နှုန်း ကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့် တွေသုံးစွဲဖို့ ပညာပေးတာတွေ ရှိပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ပဲလွမ်း စိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ဒေသနှင့်ကိုက်ညီသည့်မျိုးကောင်း မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ် မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့ကို အသိပညာ ပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ပဲလွမ်းကို အထွက်နှုန်းနှင့် အရည်အသွေး တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲလွမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဦးမျိုးဇော်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ဘိုကလေး ဧပြီ ၂၈**


ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဖေဖော်ဝါရီလအတွင်းဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၄၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လအတွင်း ဖွဲနု ၂၄ ပြည်ဝင် အိတ်ရေ ၅၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ မတ်လအတွင်း ဖွဲနု ၂၄ ပြည်ဝင် အိတ်ရေ ၅၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ ဖွဲနုကို ပြည်တွင်းမှာ တိရစ္ဆာန်အစာအဖြစ် အသုံးပြုတာများပါတယ်။ လက်ရှိ ဧပြီလထဲမှာလဲ ဖွဲနုတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူအားများနေပါတယ်။ မွေးမြူရေး လုပ်ငန်းတွေ အပြိုင် လည်ပတ်လုပ်ကိုင်နေတာကြောင့် ရန်ကုန်ဈေးကွက်ကနေ အခုလို ဖွဲနုအိတ်တွေ ဝယ်ယူအားကောင်းလာတာပါ။ ဝယ်ယူအားကောင်းလာတော့ စပါးစိုက်တောင်သူတွေ၊ စက်သမားတွေ အလုပ်အကိုင် အဆင်ပြေပြေ လည်ပတ်နေပါတယ်"ဟု ဘိုကလေးမြို့နယ် ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးသူဇာက ပြောပြသည်။

ဘိုကလေးမြို့နယ်မှ ထွက်ရှိသည့် ဖွဲနုများကို ဒေသတွင်း မွေးမြူရေး လုပ်ငန်းရှင်များက အများဆုံး ဝယ်ယူလျက်ရှိသည့်အပြင် ရန်ကုန်ဈေးကွက်သို့ ပုံမှန်တင်ပို့ ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၁၀၀ လျှင် ငွေကျပ် ၂၄၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**




## လျှပ်စစ်ဓာတ်အားမှ ပြုလုပ်ရန်အချက်များ

## ငလျင်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။မိသားစုဝင်များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်းကြားပါ။



၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။



၃။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။



၄။ မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများ အားလုံးကို ပြန်လည် စစ်ဆေးပါ။



၅။ အင်အားကြီးမားသည့် ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲငလျင်များလှုပ်တတ်ကြောင်း သတိပြုပါ။

၆။ နောက်ဆက်တွဲဘေးအန္တရာယ်(မီးဘေး၊ဆူနာမီ၊ ရေကြီးခြင်း၊မြေပြိုခြင်း)များကိုအထူးသတိပြုပါ။

# AMM အောင်မြင့်မိုရ်မင်းအာမခံကုမ္ပဏီလီမိတက်

၁။ ပြည်သူပြည်သားအသက်အာမခံ
၂။ တပ်မတော်ဝန်ထမ်းအသက်အာမခံ
၃။ တောင်သူလယ်သမားအသက်အာမခံ
၄။ နှစ်တိုငွေပင်ငွေရင်းအာမခံ
၅။ ရေပေါင်းအသက်အာမခံ
၆။ မြွေအန္တရာယ်အာမခံ
၇။ အထူးခရီးသွားအာမခံ
၈။ ခရီးသွားအာမခံ
၉။ အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၀။ ကျန်းမာရေးအာမခံ
၁၁။ ပြင်းထန်သောရောဂါကုသမှုအာမခံ
၁၂။ လူထုအခြေပြုကျန်းမာရေးစောင့်ရှောက်မှုအာမခံ
၁၃။ ပညာရေးအသက်အာမခံ
၁၄။ ကိုယ်အင်္ဂါထိခိုက်မှုအာမခံ
၁၅။ စာသင်သားအသက်အာမခံ
၁၆။ ပြည်သူပြည်သားနှစ်ရှည်အသက်အာမခံ
၁၇။ ပရီမီယံတစ်ကြိမ်ပေး နှစ်တိုချေးငွေအသက်အာမခံ
၁၈။ ပရီမီယံတစ်ကြိမ်ပေး ချေးငွေအသက်အာမခံ
၁၉။ တမူထူးခြားသည့် စုဆောင်းမှု အသက်အာမခံ
၂၀။ တစ်လုံးတည်းပေး ငွေပင်ငွေရင်း အသက်အာမခံ



မိသားစုဘဝ လုံခြုံစိတ်ချဖို့
"ကျန်းမာရေးအာမခံ" ထားကြစို့!

WE PROTECT THE FAMILY

နေပြည်တော် - ဖုန်း - ၀၆၇ - ၃၄၃၄၇၁၂၊ ၀၉ - ၄၄၉၁၈၈၀၆၃
အမှတ်(၁၄၀)၊ ရွှေတိဂုံဘုရားလမ်းနှင့် ပန်တျာလမ်းထောင့်၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ - ၈၃၇၈၉၆၅၊ ၀၉ - ၄၂၄၄၄၆၆၆၄၊ ဖက်(စ်) - ၀၁ - ၈၃၇၈၉၆၃
၂၉ × ၃၀ လမ်းကြား၊ ၈၄ လမ်း၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ ဖုန်း - ၀၉ - ၄၂၄၄၄၆၆၆၅၊ ဖက်(စ်) - ၀၂ - ၄၀၃၀၄၆၇


## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်းကိစ္စ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ နတ်ရေကန်ကျေးရွာအုပ်စု၊ ရွာတောလေးကျေးရွာအတွင်းရှိ အရှေ့လားသော် - ဒေါ်ငွေး၊ ဦးကျော်တင့်၊ ဦးဆန်းမင်း၊ ဦးသောင်းနိုင်တို့၏ မြေကွက်အစပ်၊ အနောက်လားသော် - ဒေါ်ညိုညိုစိန်၏မြေကွက်အစပ်၊ တောင်လားသော် - ဦးသိန်းလွင်၊ ဦးမင်းဟန်တို့၏မြေကွက်အစပ်၊ မြောက်လားသော် - ဦးနိုင်၏မြေကွက်အစပ်၊ ၎င်းနယ်လေးရပ်အတွင်းရှိ နေအိမ်အပါအဝင်ပိုင်းမြေကွက်ကို ယခုလက်ရှိနေထိုင်ပိုင်ဆိုင်သူ **ဒေါ်စိန်ငွေး (ဘ) ဦးစံရင်(၉/အမရ(နိုင်)၁၂၉၃၇၉)**က ၎င်းသာတရားဝင်ပိုင်ဆိုင်ပြီး ရောင်းချခွင့်ရှိကြောင်း အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူမည်ဖြစ်ပါ၍ စရံငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ် ပါသည်။ သို့ပါ၍ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့နှင့်ပတ်သက်ပြီး အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေမှစပြီး (၁၅)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ
**ဦးစိုးမိုးအောင် တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၀၂)**
**ဘုန်းတော်နိုင်ငံရပ်၊ အမရပူရမြို့နယ်၊ မန္တလေးမြို့။ ၀၉-၇၉၇၄၃၃၀၈၄၊ ၀၉-၆၇၈၉၄၀၇၁၀**

## ဝန်ထမ်းအမြန်လိုရှိသည်

လျှပ်စစ်ပစ္စည်းဖြန့်ချိရေး Company အတွက် အမှန်တကယ်ကြိုးစားလုပ်ကိုင်၍ ပိုမိုတိုးတက်သော အခွင့်အလမ်းဖန်တီးလိုသော ဝန်ထမ်းများ အလိုရှိသည်။

Sale Leader – အမျိုးသား/အမျိုးသမီး (၃)ဦး
– အရောင်းပိုင်းအတွေ့အကြုံ (၂)နှစ်အထက်ဖြစ်ရမည်။
– လိုအပ်လျှင် နယ်ခရီးထွက်နိုင်ရမည်။
– လစာ(ညှိနှိုင်း) + ရက်မှန်ကြေး + %

ပညာအရည်အချင်း အနည်းဆုံးအထက်တန်းအောင်မြင်ပြီးသူဖြစ်ရမည်။ အသက် (၂၀)မှ (၃၀)အတွင်း ဖြစ်ရမည်။

လိုအပ်သောစာရွက်စာတမ်းများနှင့်တကွ အောက်ပါလိပ်စာသို့ လာရောက်လျှောက်ထားနိုင်ပါသည်။

လျှောက်လွှာတင်ချိန်။ ။ နံနက် (၉:၀၀) နာရီမှ ညနေ (၄:၀၀) အထိ။ ဥပုသ်ရက်ပိတ်သည်။
လျှောက်လွှာပိတ်ချိန်။ ။ ၁၀-၅-၂၀၂၆
လိပ်စာ ။ ။ Q Star LED Lighting Co.,Ltd ၆၄ လမ်း၊ ၁၁၅ နှင့် ၁၁၆ လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။
ဖုန်း – 09–773688880, 09–772688880
Viber – 09–968888173

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၉)၊ ငါးရံ့ချောင်းကျေးရွာ၊ အိမ်အမှတ်(၁၇၇)နေ ဒေါ်သန်းသန်းထွေး(၉/အမရ(နိုင်)၁၁၂၃၁၇)မှ အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမင်းမင်း(ကွယ်လွန်)နှင့် ကျွန်မဒေါ်သန်းသန်းထွေး၏သမီးဖြစ်သူ မခိုင်ဇင်(ခ) ညိုတုတ်(၉/အမရ(နိုင်)၁၈၆၉၉၅)သည် မိဘစိတ်ဆင်းရဲအောင် အမျိုးမျိုးပြုလုပ်ပြီး ဆိုဆုံးမစကားနားမထောင်ဘဲ (၂၆-၄-၂၀၂၆)ရက်နေ့က မိမိသဘောဖြင့် အိမ်ပေါ်မှဆင်းသွားပါသောကြောင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို ယနေ့မှစ၍ တာဝန်မယူပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)

အမွေပြတ်စွန့်လွှတ်သူ
ဒေါ်သန်းသန်းထွေး(၉/အမရ(နိုင်)၁၁၂၃၁၇)
အမှတ်(၁၇၇)၊ ရပ်ကွက်ကြီး(၁၉)၊ ပြင်ဦးလွင်မြို့။

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ သပိတ်ကျင်းမြို့နယ်၊ ကျောက်ဖျာရွာနေ နေထက်လင်း (ဘ) ဦးမြင့်ဦး(၉/သပက(နိုင်)၀၅၀၅၄၇)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09–447860094**

## ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ သံလွင်ရွာနေ မဘေ့ထူလင် (ဘ) ဦးဘေဇီချန်း (၁၃/လရန(နိုင်)၂၆၄၂၂၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09–790717335**

**အိမ်ပြင်ပဌ်ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ**

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာနိုင်ငံသားများအနေဖြင့် ခွင့်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ရာတွင် ဆောင်ရွက်ရမည့်အချက်များ ထုတ်ပြန်

**ရက်စွဲ၊ ၂၀၂၆ ခုနှစ် ဧပြီလ ၂၈ ရက်**

၁။ ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်လျက်ရှိသည့် မြန်မာနိုင်ငံသားများအနေဖြင့် ခွင့်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ပြီး သက်ဆိုင်ရာနိုင်ငံများရှိ လုပ်ငန်းခွင်များသို့ ပြန်လည်ထွက်ခွာခွင့်ပြုပါရန် တရားဝင်ရုံးပိတ်ရက်မပါ ငါးရက်ကြိုတင်၍ သတ်မှတ်ပုံစံ၊ စာရွက်စာတမ်းအထောက်အထားများနှင့်တကွ လျှောက်ထားလာမှုများကို စိစစ်ပြီး ပြည်ပထွက်ခွာခွင့်များကို Safe Migration Telegram Channel တွင် နေ့စဉ်ထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာတွင် အချို့အလုပ်သမားအသစ်များသည် ဝန်ကြီးဌာနက သတ်မှတ်ထားသော စနစ်တကျစုဆောင်းခြင်း၊ ပြည်ပသို့မထွက်ခွာမီ သင်တန်းတက်ရောက်ခြင်းနှင့် ဆေးစစ်ခံခြင်း လုပ်ငန်းစဉ်များကို ကျော်လွှားနိုင်ရန်အတွက် "ခွင့်ပြန်အလုပ်သမား" အဖြစ် အသွင်ဆောင်ကာ ခွင့်စာအတုများပြုလုပ်၍ ခွင့်ပြန်အလုပ်သမားများအတွက် သတ်မှတ်ထားသောလမ်းကြောင်းကို အလွဲသုံးစားပြု၍ တရားမဝင်ထွက်ခွာရန် ကြိုးစားခြင်းများတွေ့ရှိရသဖြင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနအနေဖြင့် လုံခြုံစိတ်ချရသော ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်စေရေးနှင့် လူကုန်ကူးခံရမှုအပါအဝင် မလိုလားအပ်သည့် အန္တရာယ်များမဖြစ်ပွားစေရေး စနစ်တကျစိစစ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ ထိုသို့စိစစ်ဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုများမရှိစေရေးအတွက် **၂၀၂၆ ခုနှစ် မေ ၁ ရက်**မှစတင်၍ ပြည်ပနိုင်ငံများမှ ခွင့်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်မည့် အလုပ်သမားများအနေဖြင့် မြန်မာနိုင်ငံသို့ မလာရောက်မီ အလုပ်ရှင်၏ ခွင့်စာ(Letter of Permission for Leave)ရယူ၍ အောက်ပါအတိုင်း ဆောင်ရွက်သွားရန် အသိပေးကြေညာအပ်ပါသည်-

(က) သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးတို့သို့ သွားရောက်၍ ခွင့်စာပြသပြီး ထောက်ခံစာယူဆောင်ရန်၊

(ခ) မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများ ဖွင့်လှစ်ထားခြင်းမရှိသည့်နိုင်ငံများအနေဖြင့် အနီးဆုံးနိုင်ငံသို့မဟုတ် အနီးဆုံးမြို့ရှိ မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးတို့သို့ သွားရောက်၍ ခွင့်စာပြသပြီး ထောက်ခံစာယူဆောင်ရန်။

၄။ ခွင့်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်၊ ထွက်ခွာမည့်အလုပ်သမားများအနေဖြင့် Work Permit၊ ဗီဇာနှင့် ခွင့်စာပါ လုပ်ငန်းခွင်နှင့် OWIC ကတ်တွင် ပါရှိသည့် လုပ်ငန်းခွင်မတူညီပါက မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိချိန်တွင် OWIC ကတ်ကို အသစ်ပြန်လည်လျှောက်ထားရမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်ပနိုင်ငံများမှ ခွင့်ဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်၊ ထွက်ခွာမည့် အလုပ်သမားများအနေဖြင့် သက်ဆိုင်ရာအလုပ်ရှင်များထံမှ ခွင့်စာရယူပြီး အပိုဒ် (၃)ပါအတိုင်း ဆောင်ရွက်၍ သက်ဆိုင်ရာနိုင်ငံရှိ မြန်မာသံရုံး၏ထောက်ခံစာနှင့်အတူ ပြည်ပထွက်ခွာခွင့်တင်ပြနိုင်ရေးနှင့် ခွင့်စာအား လိမ်လည်တင်ပြလာပါက ကာလသတ်မှတ်ချက်တစ်ခုဖြင့် ပြည်ပထွက်ခွာခွင့်ပိတ်ပင်ခြင်းနှင့် အမည်မည်းစာရင်း ရေးသွင်းသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

# အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၄ ဦးကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်



အွန်လိုင်းလိမ်လည်မှု(Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား ၁၄ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်စဉ်။

**နေပြည်တော် ဧပြီ ၂၈**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေတွင် တရားမဝင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် အိန္ဒိယနိုင်ငံသား လေးဦး၊ အင်ဒိုနီးရှားနိုင်ငံသား လေးဦး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား သုံးဦး၊ ဘူရွန်ဒီနိုင်ငံသား တစ်ဦး၊ ရဝမ်ဒါနိုင်ငံသား တစ်ဦးနှင့် လာအိုနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၁၄ ဦးတို့ကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့်

**စာမျက်နှာ ၂၀ ကော်လံ ၁ ☆**

## ထူးခြားသည့် နေ့အပူချိန်များ

(၂၈-၄-၂၀၂၆)

| | |
|---|---|
| ကော့ကရိတ် | ၄၀ ဒသမ ၆ ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၄၀ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၄၀ ဒသမ ၁ ဒီဂရီဆဲလ်စီးယပ် |
| ငါးသိုင်းချောင်း | ၄၀ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| တောင်ငူ | ၃၉ ဒသမ ၅ ဒီဂရီဆဲလ်စီးယပ် |
| ဘားအံ | ၃၉ ဒသမ ၄ ဒီဂရီဆဲလ်စီးယပ် |
| ရန်ကုန် | ၃၉ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |
| ခရမ်း | ၃၉ ဒသမ ၀ ဒီဂရီဆဲလ်စီးယပ် |

